
# လရောင်ချို

ကကြိုးလက်



# လရောင်ချို

## ကကြိုးကက်


စာမူခွင့်ပြုချက်အမှတ် - ၁၁၅၄/၂၀၀၃(၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၀၃၂/၂၀၀၃(၉)

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၃ဝ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

#### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

#### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

#### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ယနေ့ရောင်ချို

## က, ကြိုးလက်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ



ဒီလောကမှာ ...

ဘယ်လိုအမုန်းတစ်စမှ ...

မပြောကြနဲ့ ...။

... ... ... ...

သူနဲ့ငါ့ရဲ့ ... ချစ်ခြင်းသော

"နေ" နဲ့ "လ"လို

လင်းပလာမယ် ...။

ရင်ခုန်သံခြင်း နီးနေမှ

ချစ်ခြင်းအကျဉ်းစံလို

သံယောဇဉ်ကြိုးတွေ

တစ်နှောင်တုံ့ညည်းခံလိုက်ရတာ

ဘယ်လောက်အထိ

ရင်နာစရာ

ကောင်းလိုက်ပါသလဲ ?


ဒီကမ္ဘာပေါ်မှာ
ချစ်ခြင်းအနုပညာဆိုတာ ဘာလဲ
အဲဒီအဖြေကြီး ကျွန်တော့်ရင်ထဲကို
လွှတ်ချခဲ့ပစ်လိုက် ... ... ...။

စိမ်းမြသော ကန်ရေပြင်မှာ လေရူးဝေ့ဩက်ရာ ရေလှိုင်းကြက်ခွပ်ကလေးတွေနှင့် အတူပါလာသော စာရွက်အပိုင်းအစလေးတွေကို ကျွန်တော် မြင်တွေ့လိုက်ရသည်။

မြေပဒေသာကျွန်းရဲ့ ကန်ရေအစပ်မှာ ကျွန်တော် မတ်မတ်ရပ်ပြီး ဝန်းကျင်တစ်ခွင်ကို ဖြန့်ကြည့်ခံစားနေရာမှ အကြည့်တွေ အနီးဝန်းကျင် ကန်ရေပြင်ဆီ သက်ဆင်းသွားမိစဉ် အခိုက်မှာ မျောပါလာသော စာရွက်အပိုင်းအစများကို မြင်လိုက်ရခြင်းလည်း ဖြစ်သည်။

စာထိုင်ရေးရန် သင့်လျော်သော နေရာတစ်နေရာကို လိုက်လံရှာဖွေရင်းနှင့် မြေပဒေသာကျွန်းကို ရောက်ရှိလာသော ကျွန်တော့်အဖို့မှာ စာတစ်လုံးမှ မရေးဖြစ်နိုင်သေးသည့်အထိ အတွေးတွေကို မိုင်ကုန်ချီအောင် ဖြန့်လွှင့်ထားဖြစ်နေရာမှ ...

အတွေးတွေကို စာရွက်အပိုင်းအစလေးတွေက စီးမျော ဆောင်ယူပေးလာကြ၏။ ကျွန်တော် ရပ်နေသော ကန်ရေအစပ်မှာပင် စာရွက်အပိုင်းအစ အတော်များများ သောင်ကပ်ကုန်၏။

ဘာရယ် မဟုတ်သော်လည်း ကျွန်တော် မုဆိုးဒူးထောက် ထိုင်ချလိုက်ပြီး စာရွက်အပိုင်းအစလေးတွေကို ကောက်ယူလိုက်မိ၏။

ရည်းစားစာလား။ သတိတရစာလား။ အရေးကြီးသည့်စာလား။ အရေးမကြီးသည့်စာလား။ မည်သည့်စာမျိုးပင်ဖြစ်စေ ကောက်ယူဖတ်ကြည့်တတ်သော စာပေသမားတစ်ယောက်၏ ဝါသနာဉာဉ်ဖြင့် စာရွက်တွေကို ဆက်စပ်ဖတ်ကြည့်လိုက်၏။

မမေသန့်ခိုင်

နိုင်ငံသားစိစစ်ရေးကတ်အမှတ်–

နေရပ်လိပ်စာ–

ပါသော ဝါကျနှစ်ကြောင်းကို ဖတ်ကြည့်မှ လက်ထပ်စာချုပ် အပိုင်းအစ ဖြစ်နေမှန်း သိလိုက်ရ၏။ အခြားသော အပိုင်းအစတွေ ရေလှိုင်းကြက်ခွပ် ယက်ကန် ယက်မျော ပါသွား၏။





လက်ထပ်စာချုပ်တစ်ခုလုံးရဲ့ အပိုင်းအစတွေ အပြည့်အစုံ ရှိနိုင်မည် မထင်တော့။

တစ်စုတစ်ကွဲစီ မျောသွားကြလေပြီ။

ဘယ်လိုအကြောင်းကြောင့်များ လက်ထပ်စာချုပ်ကို ဖြစုတ်ပြီး ကန်ရေပြင်ထဲကို လွှင့်ပစ်ခဲ့ရပါလိမ့်။

အတွေးသမားပီပီ ဖြစ်နိုင်ခြေတွေကို ဆက်စပ်စဉ်းစားယူကြည့်လိုက်၏။ အကြောင်းအမျိုးမျိုး ဖြာထွက်လာ၏။ အကြောင်းရင်း အမှန်ကို သိချင်စိတ်က လှိုက်ခနဲ ခုန်ခါလာ၏။

တစ်စုံတစ်ရာကို သိချင်လျှင် တစ်စုံတစ်ရာနောက်ကို ရအောင် လိုက်လံစေ့ငုကြည့်တတ်သော ကျွန်တော့်အကျင့်က ခေါင်းထောင်ထလာ၏။ ပုရွက်ဆိတ်တွေ ညအိပ်၊ မအိပ် သိချင်၍ ပုရွက်ဆိတ်တချို့ကို ထုံးမှုန့်ဖြူး မှတ်သားခဲ့ပြီး ညနှစ်နာရီထိုးလောက်ထ,ကာ ဓာတ်မီးတစ်လက်ဖြင့် ပုရွက်ဆိတ်တွင်းပေါက်မှာ ထိုင်စောင့်ကာ ကြည့်ခဲ့ဖူး၏။ ထုံးဖြူးခံရသော ပုရွက်ဆိတ်တွေ အစာသယ်လမ်းကြောင်းအတိုင်း ဆက်လက်လှုပ်ရှားနေတာ

တွေ့မြင်ရမှ ပုရွက်ဆိတ်တွေ ညမအိပ်တာ သိလိုက်ရပြီး စိတ်ကျေနပ်ခဲ့ရ၏။

သိချင်တာကို မြင်အောင်ကြည့်လိုက်ရမှ ကျေနပ်သည်။

သိချင်တာကို မြင်အောင်မကြည့်လိုက်ရပါက စိတ်ထဲမှာ ခိုးလိုးခုလုနှင့် နေရထိုင်ရ သိပ်ခက်တတ်တာမျိုး တချို့နေရာတွေမှာ ခံစားခဲ့ရဖူး၏။ ပမာဆိုရလျှင် လိပ်ပြာတွေ သစ်ရွက်မှာ ဥ,ဥသွားတာ ဘယ်အချိန်မှန်း မသိလိုက်ရတာမျိုး။

လိပ်ပြာတွေကို ချစ်သော်လည်း ခူကောင်တွေကို ကျွန်တော် မုန်းပါသည်။ အသည်းထဲ ယားကျိကျိဖြစ်အောင်ကို မုန်းခြင်းမျိုးပင်။

ကျွန်တော့်အိမ်က သရက်ပင်မှာ လိပ်ပြာတွေ ဥ,ဥမှာ စိုး၏။ ခူကောင်တွေ ပြုကျလာမှာ စိုး၏။ ထိုသို့ မဖြစ်ရအောင် သရက်ပင်ရဲ့ သရက်ရွက်တွေကို နေ့တိုင်း ကျွန်တော် စစ်ဆေးကြည့်ရှုတတ်ခဲ့၏။ ထိုသို့ ကြည့်ရှုနေသည့်တိုင်အောင် ခူကောင်တွေ အဆုပ်လိုက် အတွဲလိုက် လာခဲ့၏။ ကျွန်တော် မတားဆီး





နိုင်ခဲ့။ တစ်ရာသီလည်းမဟုတ်။ ရာသီသုံးလေးငါးခါအထိ ခူကောင်တွေ ပေါက်ဖွားလာသွားသည်။ စစ်ဆေးကြည့်ရှုနေစဉ်မှာပင် မတားနိုင် မဆီးနိုင် ဖြစ်ခဲ့ရ၏။ ခူကောင်တွေ ရွစိတက်ချိန်အထိ ခိုးလိုးခုလုဖြင့် စိတ်မတင်မကျ ဒေါသထွက်နေရတော့သည်။ ခူကောင်တွေ ပိုးအိမ်ယှက်ပြီး လိပ်ပြာအဖြစ် ပြောင်းလဲသွားစဉ်မှာလည်း ထိုအတိုင်းပင်။

ကျွန်တော် စောင့်ကြည့်နေရင်းမှာပင် သူတို့ ဘဝပြောင်း ပျံသန်းသွားကြတာကို မမြင်လိုက်ရ။

လူမှုဆက်ဆံရေးနှင့် ပတ်သက်လာလျှင်လည်း ပုရွက်ဆိတ်တွေလို သိချင်တာ သိနိုင်ခဲ့သလို ခူကောင် ဖြစ်ချိန်နှင့် လိပ်ပြာ ဖြစ်ချိန်လို မသိနိုင်တာတွေ မသိခဲ့ရတာတွေ အများကြီးရှိခဲ့၏။

ယခု ...

ကျွန်တော့်လက်ထဲကို ရောက်လာသော ဝါကျနှစ်ကြောင်းမှာ အမည်တစ်ခုပါ၏။ အမည်ရှင်၏ အမျိုးသားမှတ်ပုံတင်နှင့် နေရပ်လိပ်စာပါ၏။ လက်ထပ်စာချုပ် ဆိုသည်မှာ

အရေးကြီးသော စာရွက်စာတမ်းစာရင်းမှာ ပါရှိသည်။ ဘယ်အတွက်ကြောင့် ဘယ်လိုဖြစ်ပြီး ဤသို့ ဤနှယ် ဖြစ်စုတ်စွန့်ပစ် ရေမျှောခဲ့ရတာလည်း ဆိုတာကို ကျွန်တော် သိချင်လာ၏။

လူအများအတွက် ဘာမျှ ဂရုစိုက်စရာ မလိုသော အသေးအမွှား အကြောင်းလေးတစ်ခုကို ကျွန်တော်က ပုံကြီးချဲ့စဉ်းစားပြီး လေးနက်စွာ လေ့လာတတ်၏။

အကြောင်းတစ်ခုကို စိတ်ဖြာစဉ်းစားပြီး လေ့လာတိုက်ညှိရတာမျိုး၌ ကျွန်တော် ဝါသနာထုံ၏။

ယောက်ျားနှင့်မိန်းမ ...

ချစ်သူနှစ်ယောက် (သို့မဟုတ်) မချစ်သူနှစ်ယောက်နှင့် ...

သက်ဆိုင်သော လက်ထပ်စာချုပ် ပြဲစုတ်ရေမျောခြင်းအခမ်းအနားရဲ့ ဖြစ်စဉ်အစကို အတွေးကွန်ယက်ဖြင့် လက်တွေ့ကျကျ ပစ်လွှတ်အုပ်မိုးနိုင်ရန် ကျွန်တော့်ကိုယ်ကျွန်တော် တာဝန်ပေးအပ်လိုက်၏။

မမေသန့်ခိုင် ...





ဘယ့်အကြောင်းကြောင့် သံယောဇဉ်တွေ မခိုင်ခဲ့ရပါသလဲ ?

ကျေးဇူးပြုပြီး ခင်ဗျားဘဝထဲကို ဝိညာဉ်တစ်ခုလိုစွဲကပ်ခွင့်ပြုပါ။

အကြောင်းဘာလဲ သိချင်လို့။

မြင့်မြင့် - စာပေ
၃၁၊ ထန်းတပင်အနောက်လမ်း
လှည်းတန်း၊ကမာရွတ်

“ထပ်နေပြီ ဘုန်းမာန် ... အဲ့ဒီလို အကြောင်းအရာတွေ အပ်ကြောင်းထပ်လွှန်းလို့ ဓာတ်ပြားပေါက် ... တိတ်သား ကြေနေပြီ ... အဲဒီ မေသန့်ခိုင်ရဲ့ လိပ်စာအတိုင်း မင်း လိုက်သွားမယ်၊ မေသန့်ခိုင်ကို ချောင်းမယ်၊ အခွင့်အရေး ရတာနဲ့ ဝင်ရောမယ် ... သံယောဇဉ် ဖြစ်လာအောင် လုပ်ယူမယ်၊ ပြီးရင် ချစ်သွားကြမယ် ... ဒါတွေ ထပ်နေလို့ အမြင်တောင် ကပ်ချင်လာပြီ၊ ဒီ့ထက် ထူးခြားပြောင်မြောက်တဲ့ ဇာတ်လမ်းလေး ဘာလေး လုပ်စမ်းပါ ရှာစမ်းပါကွာ”

သူရနိုင် ပြောသည့် စကားကြောင့် ကျွန်တော် ငိုက်ဆင်းသွားရ၏။ ဇာတ်လမ်းဟောင်းတွေ ပြန်ပြောင်းလမ်းထွင်ရမှာလည်း မလုပ်ချင်။





“နေခြည်လင်းခန့်” ဆိုသည့် ကလောင်အမည်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာဖို့ ရင်နှင့် မျက်ရည်နှင့် ခံစားချက်ပေါင်း မြောက်မြားစွာဖြင့် ရင်းနှီးခဲ့ရပြီးပြီ။

ဇာတ်ကွက်တစ်ကွက် အမှန်ဖြစ်နိုင် မဖြစ်နိုင် သိရဖို့အတွက် ကိုယ်တိုင် လေ့လာဆန်းစစ်ချက်တွေကို တပင်တပန်း လုပ်ယူခဲ့ရသည်။

သည်းထိတ်ရင်ဖိုဇာတ်လမ်းတစ်ခု ရေးသားနိုင်ဖို့ သရဲတစ္ဆေ ခြောက်တတ်သည့်၊ ဓားပြခိုးသားတွေ လစ်လျှင်လစ်သလို ခိုးအောင်းတတ်သည့် အိမ်ပျက်ကြီးမှာ အဖော်တစ်ယောက်နှင့် လေးငါးဆယ်ရက်လောက် ကိုယ်တိုင်သွားအိပ်ကြည့်ခဲ့ရ၏။

ပင်လယ်ပြင်နှင့် သင်္ဘောအကြောင်း၊ ရေလမ်းခရီး အတွေ့အကြုံတွေ အကြောင်းကို သိချင်၍ ပုဂ္ဂလိက ငါးဖမ်းသင်္ဘောနှင့် ပင်လယ်ရေပြင်ကို တစ်လလောက်ထွက်ကာ ကိုယ်တိုင်ကိုယ်ကျ ဒုက္ခဆင်းရဲခံပြီး လေ့လာခဲ့ရဖူးသည်။

ဝတ္ထုတစ်ပုဒ်ထဲမှ ဇာတ်ကွက်တစ်ကွက် အရ ကုန်းဆင်းလမ်းပေါ်မှ ဘရိတ်မပါသော စက်ဘီးနှင့် ကိုယ်တိုင်ဆင်းချ

ခဲ့ဖူးသည်။ လမ်းက ဆင်ခြေလျှောအတိုင်း မဟုတ်။ သုံးပုံတစ်ပုံခန့်မှာ လမ်းတည့်တည့် ခြိပိတ်စည်းရိုးကြီး ရှိနေ၍ (ဂ)ကွေ့ပြန်ကွေ့ထားသော လမ်းကြီးကို အရှိန်နှင့် ဆင်းချလာသော စက်ဘီးက ရုတ်တရက် ပြန်ပန်းကွေ့၍ မရ။ ကံကောင်းထောက်မ၍ (သမ္မုဒ္ဒေဂါထာ) ကယ်တော်မူ၍သာ သေကံမရောက်၊ အသက်မပျောက်ခဲ့ရခြင်းပင်။

ကျွန်တော်က ကျွန်တော်ရေးသည့် ဝတ္ထုဇာတ်ကွက်တိုင်း လှုပ်နေစေချင်သည်။ ပရိသတ်တွေ ရိုးအီငိုက်မြည်းမသွားအောင် ဇာတ်ကွက်တိုင်း အက်ရှင်တွေ လိုသလောက်ထည့်ချင်သည်။ (အိုဗာ)ဖြစ်သွားမှာလည်း စိုး၏။ ဝတ္ထုစ,ကိုင်ပြီးသည်နှင့် ထိုင်ရာမထ၊ လက်ကမချအောင် ဖတ်ကောင်းသော ဝတ္ထုမျိုးရေးသားနိုင်ဖို့ အမြဲကြိုးစားသည်။ ယခုအထိ မရေးနိုင်သေး။

တစ်နေ့ ရေးနိုင်ရမည်။ စာဖတ်ပရိသတ်ကြီးကို စာရေးစားပွဲပေါ်က ထုတ်လုပ်လိုက်သည့် အပေါ့စား အနုပညာမျိုးကို မပေးချင်။ အပြင်းစားကြီးလည်း မပေးချင်။ အလယ်အလတ်လမ်းစဉ်အတိုင်းသာ မပြင်းမပေါ့လေး ပေးချင်သည့်လူစားမျိုး။





သူရနိုင်က သစ်သားမီးခြစ်ဆံ မီးခြစ်ပြီး ကျွန်တော့်ကိုလှမ်းပေါက်လိုက်မှ ကျွန်တော် အတွေးရပ်ပြီး ရေနွေးကြမ်းတစ်ခွက်ကို ခွပ်ခနဲ ကောက်မော့ချလိုက်၏။ ရဟန်းကြီးအကြိုက်လက်ဖက်ခြောက်ခပ်ထား၍ လျှာဖျားတွေ ဖန်ခါးသွား၏။ သူရနိုင်အပါးမှာ မျက်ချေးနှိုက်ထုတ် သန့်စင်နေသော "ဒီဃ"က ...

"တိုက်တွန်းချက်တွေ သိပ်များမနေနဲ့ သူရ ... ဘုန်းမာန်လည်း အသက်က နှစ်ဆယ့်ရှစ်နဲ့ တစ်ခေါင်းလုံး ကြာဆံတွေ ဖုံးလာတော့မယ် ... ဒီကောင့် ရေးနည်းက ဖြစ်ကတတ်ဆန်း မဟုတ်ဘူး ... လိုအပ်သလောက် နှိုက်ရေးရတာ ... ဇာတ်လမ်းဆန်းဆန်းပြားပြား ဆိုတာကလည်း မိုးရွာတိုင်း မိုးသီးကြွေတာ မရသလို ရှားတတ်တယ်လေ"

"အဲ့ဒီလို ရှားတဲ့ စာရေးဆရာ အဟောင်းကြီးတွေကို စာဖတ်ပရိသတ်က ထားခဲ့တာပဲ ကြည့်ပါလား ... ရှားလို့မရဘူး ... ကျောက်စိမ်းရှားတယ်၊ ရွှေရှားတယ်၊ စိန်ရှားတယ်နဲ့ ထွက်တော့ ထွက်နေတာပဲ မဟုတ်လား"

မဂ္ဂဇင်တွေမှာ ပေါ့(ပ်)ဆောင်းပါးတွေ ရေးနေသော သူရနိုင်ကို ကဗျာတာဝန်ခံ အယ်ဒီတာ လုပ်နေသော "ဒီဃ"က အမြင်မကြည်သလို ကြည့်လိုက်ပြီး ...

"မင်းရေးတဲ့ ဆောင်းပါးတွေလို လွယ်မယ်များ ထင်နေသလား၊ အသံဖမ်းကက်ဆက်တစ်လုံး၊ အော်တိုကင်မရာ တစ်လုံးနဲ့ ဘောပန်(လ်)စာရွက်ရှိရင် ပြီးနေတာမျိုး မဟုတ်ဘူးလေကွာ"

"ဟာ ... နာမည်ရ အနုပညာရှင်တွေနဲ့ သိကျွမ်းဖို့လည်း လိုသေးတယ်ကွ၊ သူများတွေက အနုပညာရှင်ဘက်ကလည်း မဂ္ဂဇင်းမှာပါဖို့ ငွေရိတ်တယ်၊ မဂ္ဂဇင်းဘက်ကလည်း ငွေရိတ်တယ်၊ ပွဲစားလို နှစ်ဖက်ရိတ်တတ်တဲ့ ပေါ့(ပ်)ဆောင်းပါးသမား တချို့တလေထဲမှာ ငါ မပါဘူး၊ ငါတို့အလုပ်ကလည်း သူ့ဟာနဲ့သူ မလွယ်ပါဘူး ဒီဃရာ၊ မင်းလို ဘောပန်(လ်)နဲ့ စာရွက်ရှိရင် ကဗျာထွက်လာတာမှ မဟုတ်တာ"

"သူရ ... လူကို ရိုက်ချင်ရိုက်သွား၊ ကဗျာကိုတော့ မစော်ကားနဲ့ကွာ"





ကျွန်တော်က ကြားဝင်၍ တားဆီးလိုက်မှ နှစ်ဖက် ရပ်စဲသွား၏။

"ငါ့ကြောင့် မင်းတို့ ဘာမှဖြစ်မနေကြနဲ့ ... ငါ လုပ်ချင်တာ ငါလုပ်မယ်၊ မင်းတို့ လုပ်ချင်တာ မင်းတို့လုပ်၊ တစ်ယောက်ကို တစ်ယောက် ဝေဖန်နေကြတာနဲ့တင် ခရီးမပေါက်နိုင်တော့ဘူး"

"မေသန့်ခိုင်ကို လိုက်ရှာတော့မယ်ပေါ့ ... လိပ်စာအရလေ"

"အေး ... ဒါပေမဲ့ ဓာတ်လမ်းဓာတ်ကွက် ရှာဖို့အတွက် ဖြစ်ချင်မှ ဖြစ်မယ်"

"ဒါဆို ဘာအတွက် အဓိကလဲ"

"ငါ့ရဲ့ သိချင်စိတ်ကြောင့်ပေါ့ကွာ"

သူရနိုင် မျက်ခုံးပင့်သွား၏။ ဒီဃက လက်ဖက်ရည်တစ်ခွက်ကို ကောက်မော့လိုက်ပြီး ...

"မင်း တတ်ပါတယ် ဘုန်းမာန်၊ အဲ့ဒီသိချင်စိတ်တွေကြောင့် မင်း ဓာတ်လမ်းတော်တော်များများ ရလာခဲ့တာ မဟုတ်လား ... အခုအဖြစ်ကလည်း ဆန်းချင်ဆန်းနေမှာပေါ့"

"ဆန်းမယ်လို့လည်း ငါ ထင်နေတယ် ဒီဃ"

"သားအဖ နှစ်ယောက်ကတော့ အတိုင်အဖောက်ကို ညီနေတာပဲ"

သူရနိုင် စကားကို ဂရုမစိုက်သလို ကျွန်တော်နှင့် ဒီဃတို့ ဒစ်စနေကာတွန်းဇာတ်လမ်းထဲက ရယ်သံတွေ လုပ်ယူ၍ အပြက်ဟားပစ်လိုက်၏။





လေကို လက်နဲ့ဖမ်းဆုပ်ပြရသလိုပင်။ မေသန့်ခိုင်ကို လိုက်ရှာရသည်မှာ မလွယ်။ လွယ်အောင်လုပ်လျှင် လေကို လက်နဲ့ဖမ်းဆုပ်လို့လည်း မိပါသည်။

အပိုင်းအစတွေကို စိတ်ဝင်စားမှုဖြင့် ဆက်စပ်စေးကပ်ကြည့်ခဲ့သည်မို့ တစွန်းတစ အသိဖြင့်ပင် အရှိတရားတစ်ခုကို တွေ့အောင် ရှာနိုင်ပါလိမ့်မည်။ ဘယ်လိုအကြောင်းကြောင်းတွေကြောင့် လက်ထပ်စာချုပ်ကို ဖြဲဆုတ်ပြီး ရေထဲကို လွှင့်ပစ်ခဲ့ရပါသလဲ။

သိချင်သည်။ သိချင်စိတ်ရှိလာလျှင် မသိရမချင်း စုံစမ်းလေ့လာတတ်သည်မှာ အကျင့်တစ်ခုလို ဖြစ်နေပြီ။

ယခင်ကလည်း ဒီဃတို့နှင့် လေ့လာသမှု ပြုခဲ့ဖူး၏။

မထင်မရှား ဘုရားစေတီလေးတစ်ဆူမှာ လပြည့်ညတွေ ရောက်တိုင်း ဥစ္စာစောင့်တွေ ပန်းရေချမ်း လာရောက်လှူဒါန်းပူဇော်ကြသည် ဆို၍ လပြည့်ည သန်းခေါင်ယံ အချိန်ကြီး ဘုရားအနီး ချုံနွယ်တွေကြားထဲမှာ ဝပ်ပြီးချောင်းကြည့်ဖူး၏။

အိမ်ခြေ ပြတ်လတ်သော ကွင်းပြင်နှင့် သစ်ပင်လျှိုတန်းတွေကြားမှာ စေတီတော်တည်ထားသည်မို့ ပရဝုဏ်တစ်ဝိုက်မှာ တိတ်ဆိတ်ပြီး ချောက်ချားစရာ ကောင်းလွန်းလှ၏။ ဒီဃက ကြောက်စိတ်ဖြင့် ဒူးတွေတုန်နေသလို ကျွန်တော်မှာလည်းအလိုလိုနေရင်း ကြက်သီးတွေ ထနေမိ၏။

ညသန်းခေါင်းကျော်ချိန်မှာ မိန်းမနှစ်ယောက် ရောက်လာ၏။ လရောင်ထဲမှာ ဖြူဖြူအရိပ်နှစ်ရိပ် ရွေ့လျားလာတာကိုသာ တွေ့ရ၏။ လမ်းသွားပုံ နွဲ့နှောင်း၍ မိန်းမနှစ်ယောက် ဖြစ်မှန်းသိရ၏။ လက်ထဲမှာ ပန်းတွေပါပြီး ဘုရားမှာ ဆက်ကပ်လှူဒါန်းနေကြ၏။

"ဟော့ကောင် ဥစ္စာစောင့်တွေကွ၊ အနီးကပ်မြင်ဖူးအောင် ရှေ့တိုးကြည့်မယ်"





"သူတို့သိသွားမယ် ဒီဃ"

"သိတော့ ဘာဖြစ်လဲ၊ ငါတို့က ကျားနှစ်ယောက်၊ သူတို့က မနှစ်ဦး ဘာမှုစရာလိုလဲ"

"ကိုယ်ရောင်ဖျောက်သွားကြမှာပေါ့၊ တော်ကြာ သူတို့နဲ့ သိုက်စောင့်တွေ ဘာတွေ ပါလာရင် မင်းနဲ့ငါ ပြေးပေါက်မှားနေဦးမယ်"

"ဟာ ... သိုက်စောင့်နှစ်ယောက်နဲ့ တူတယ်၊ ကျားနှစ်ကောင်ကွ၊ မည်းမည်းကြီးတွေ လာနေကြပြီ၊ ယောကျ်ားနှစ်ယောက်ကွ"

"တွေ့လား ... သိုက်စောင့်တွေက ကြမ်းတယ်၊ ဘီလူးတွေဖြစ်နေရင် လူသားစားမှာကွ"

"မင်းပြောမှ ငါ ပိုလန့်လာပြီး ခေါင်းနားပန်းတွေ ကြီးကုန်ပြီ"

"ရှူး တိုးတိုး၊ ဟိုမှာတွေ့လား သိုက်စောင့်တွေနဲ့ ဥစ္စာစောင့်တွေ အကြည်ဆိုက်ကုန်ကြပြီ"

"ဟာ ... စုံတွဲတွေကွ၊ ဒီအနီးတစ်ဝိုက်က စုံတွဲတွေ၊ ဒီမှာလာပြီး ချိန်းတွေ့ကြတာ"

"အေး... ဟုတ်တယ်၊ ဘာဥစ္စာစောင့်လဲ၊ အလကားစကား တွေ၊ သက်သက်မဲ့ ကားကြတာကွာ"

ကျွန်တော်တို့ နှစ်ယောက်က လူစုံတွဲတွေမှန်းသိလို့ ချုံထဲမှာ အညောင်းမခံတော့ဘဲ ဘွားခနဲ ခုန်အထွက်မှာ စုံတွဲတွေလည်း ဝုန်းခနဲလန့်ပြီး ထပြေးကုန်ကြရော။ သူတို့ ဘာကြောင့်ပြေးတာလဲ ဆိုတာ ရုတ်တရက် ကျွန်တော်တို့လည်း မစဉ်းစားမိတော့ဘူး၊ မြေပြိုပြီထင်ပြီး လန့်ပြေးတဲ့ ယုန်နောက်ကို ကြောက်အားလန့်အားနဲ့ ပြေးလိုက်တဲ့ တောကောင်တွေလို ကျွန်တော်တို့လည်း ပြေးလိုက်မိကြရော။ သူတို့က ပြေး၊ ကျွန်တော်တို့က လိုက်သလို ဖြစ်ပြီး ရပ်ကွက်ထဲ ဆူညံပွက်သွားပြီး အကုန်ဇာတ်တွေရှုပ်ကုန်တော့တာပါပဲ၊ အဲ့ဒီပာစ်ခါတည်းက လေ့လာချင်တဲ့စိတ်တွေ တစ်ရေးအိပ်နေလိုက်တာ အခု မေသန့်ခိုင် ကိစ္စကြမှပဲ ပြန်နိုးထလာတော့တယ်။





လိပ်စာအရ ရောက်ရှိလာသော နေရာမှာ တိုက်ခန်းတွဲတစ်ခု ဖြစ်နေပြီး အစွန်ဘက်ကျသော နေရာမှာ ဖြစ်နေသည့် သုံးထပ်မြောက်တိုက်ခန်း။ အပေါ်ထပ်ကိုတက်ပြီး တံခါးခေါက်နိုင်ရန် အကြောင်းပြချက်ကောင်းကောင်း လို၏။ အကြောင်းမဟုတ်။ ညကတည်းက လုပ်ယူလာသော စာအိတ်တစ်အိတ်။ စာအိတ်ထဲမှာ လက်ထပ်စာချုပ် အပိုင်းအစတွေကို သေသေသပ်သပ် ထည့်ပေးထား၏။ စာအိတ်ပေါ်မှာ မေသန့်ခိုင် အမည်နှင့်လိပ်စာကို ရေးပို့ထားပြီး တံဆိပ်ခေါင်း ကပ်ထားသည်။ စာတိုက်တံဆိပ်တုံး ရိုက်နှိပ်ထားခြင်း မရှိ။

နယ်မြို့တစ်မြို့မှ အမျိုးအဆွေတစ်ဦးဦးက လူကြုံနှင့် ပေးပို့သည့် ဟန်ပန်မျိုး အကြောင်းရိုက်ရမည်။

ဘယ်မြို့မှာ၊ ဘယ်လိုဆွေမျိုးတွေရှိမှန်း မသိရသော်လည်း ရမ်းဖြီးရမ်းရှိီး လုပ်ရမည်။ အပေါ်ထပ်ကို တက်လာခဲ့လိုက်၏။ အခန်းရှေ့မှာရပ်ပြီး စိတ်တည်ငြိမ်အောင် ခဏစောင့်လိုက်၏။

တံခါးခေါက်လိုက်သည်။ သုံးခါမြောက်မှာ တံခါးဖွင့်လာ၏။ သံတံခါး ခံထား၍ တံခါးဖွင့်လိုက်ခြင်းပင်။ လှပ်ပြီးကြည့်ကောင်းသော မိန်းမတစ်ယောက် ထွက်လာ၏။ အိပ်ရာထဲမှ လူးလဲထလာဟန် တူ၏။ ကပိုကရို အနေအထားလေးနှင့်။

"ဒီအခန်းက မမေသန့်ခိုင်တို့ အခန်းပါလားခင်ဗျာ"

အမျိုးသမီးက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး ကြည့်၏။ မသိမသာလေး ခေါင်းညိတ်ပြ၏။ နှုတ်ခမ်းလှုပ်ရှသွား၏။

"ကိစ္စက ..."

"လူကြုံနဲ့ ပေးလိုက်တဲ့ စာတစ်စောင် ပေးချင်လို့ပါ၊ ဒီက မမေသန့်ခိုင် များလား"

အမျိုးသမီး စဉ်းစားသွားပုံလေးက တစ်မျိုးလေး ဖြစ်နေ၏။





"စာပေးခဲ့လေ ... ဘယ်သူက ပေးတာလဲ ... ဘယ်ကလဲ"

"မမေသန့်ခိုင် ကိုယ်တိုင် လက်မှတ်ထိုးယူမှ စာပေးလို့ရမှာပါ"

ထပ်စဉ်းစားသွားပြန်၏။ ကျွန်တော်က ထပ်မေးလိုက်ပြန်သည်။

"မမေသန့်ခိုင် မဟုတ်လား"

အမျိုးသမီးက ခေါင်းယမ်းခါပြရင်း ...

"ဘယ်ကလာတဲ့ စာလဲ"

"နယ်ကပါ"

"ရှင်က စာတိုက်ကလား"

"မဟုတ်ပါဘူး၊ လူကြုံနဲ့ ပါးလိုက်တာကြောင့် ယူလာပေးတာပါ"

"ရှင့်ကို စာပေးလိုက်တဲ့လူက ဘယ်သူလဲ"

"ကျွန်တော်က နှစ်ဆင့်ခံပါ၊ တစ်ဆင့်ခံက ကျွန်တော့်သူငယ်ချင်း ဒီဃ ... သူက နေမကောင်းလို့ ကျွန်တော့်ကို ယူသွားခိုင်းပေးတာနဲ့ ယူလာပေးတာပါ"

"ဒါဆို လက်မှတ်ထိုးဖို့ မလိုပါဘူး၊ ပေးခဲ့ပါ"

"ဒီဃက လက်မှတ်ထိုးခိုင်းပြီးမှ ပေးပါလို့ မှာလိုက်တယ်"

"ရှင့်သူငယ်ချင်း ဒီဃ ဆိုတာကို ကျွန်မ မသိဘူး"

"မမေသန့်ခိုင်ရဲ့ အသိမိတ်ဆွေ အမျိုးတစ်ဦးဦးက ဒီဃနဲ့ သိလို့ လိပ်စာအတိုင်း ပေးခိုင်းလိုက်တာ ဖြစ်ပါလိမ့်မယ်"

"ဘယ်နယ်ကလဲ"

"အဲဒါတော့ ကျွန်တော်လည်း အရေးတကြီး ထွက်လာတာနဲ့ သေသေချာချာ မမေးကြည့်ခဲ့မိဘူး"

"ဘယ်အသိ ဘယ်အမျိုး ဘယ်ကမိတ်ဆွေဆိုတာကိုရော မေးကြည့်ခဲ့သေးလား"

"မမေးကြည့်ခဲ့မိဘူး၊ ကျွန်တော် လုပ်ရမှာက လက်မှတ်ထိုးတာယူပြီး စာပေးခဲ့ဖို့ပါ"

"အဲ့ဒါဆိုရင်တော့ ..."

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်မ မေသန့်ခိုင်ပဲ"





"ဗျာ ... ခုနက မဟုတ်သလိုပဲ"

"အခု ဟုတ်သွားပြီ မဟုတ်လား၊ လက်မှတ်ထိုးပေးမယ်၊ စာပေး"

ကျွန်တော်က မှတ်စုစာအုပ်လေးထုတ်ပြီး ဘောပန်(လ်)နှင့် ကမ်းပေးလိုက်၏။ မေသန့်ခိုင်က ယူပြီး လက်မှတ်ထိုး၏။

စင်းပြေနေသော နှာတံလေးအောက်မှ ပန်းနုရောင် ရဲတွတ်နေသော နှုတ်ခမ်းကလေး။ သွယ်လျလှပသော မျက်နှာပေါ်မှာ မာန်မာနအရှိဆုံးအရာမှာ သူမ၏ မျက်လုံးလေးများသာ။

သေသပ်သော လက်မှတ်ကလေးကို ရရှိပြီးသည်နှင့် စာအမြန်ထုတ်ပေးပြီး ...

"ခွင့်ပြုပါဦးခင်ဗျာ"

"ရှင့်နာမည်က"

"ဘုန်းမာန်"

"သွားနိုင်ပြီ"

လေသံက အထက်စီးဆန်ချင်သည်။ ကျွန်တော် အမြန်လစ်သင့်သည်မို့ အောက်ရောက်အောင် အမြန်ဆင်းလာခဲ့၏။

စာအိတ်ကို ဖောက်ပြီးလောက်ပြီ ...

အတွင်းမှာ ပို့စကတ်ခေါက်ကလေးနှင့် တစ်ထပ်ထပ်၍ ပိတ်ထားသော စာကို ဖွင့်ဖြေနေလောက်ပြီ။

ဘတ်(စ)ကားမှတ်တိုင်ရောက်လျှင် အခြားသော တိုက်ကြီးများနှင့် ကွယ်ကာသွား၍ သူမတို့တိုက်ခန်းအပေါ်မှ လှမ်းကြည့်လျှင် ကျွန်တော့်ကို မြင်ရတော့မည်မဟုတ်။

စာအိတ်ထဲမှ လက်ထပ်စာချုပ် အပိုင်းအစတွေကို တွေ့ပြီး သူမ ငိုင်တွေစဉ်းစားသွားလောက်ပြီ။

ဘယ်လိုခံစားချက်တွေ ဖြစ်ပေါ်သွားလေမလဲ။

ကျွန်တော့်ကို ထကြည့်ရှာနေလေမလား ...

ပထမအဆင့် အောင်သွားပြီဆိုတာကို ဘတ်(စ)ကားပေါ် တက်လိုက်မှ စိတ်ဒုံးဒုံးချ ယုံလိုက်ရ၏။ ကျန်သော ဒုတိယအဆင့်၊ တတိယအဆင့်တွေအတွက် ထပ်မံလျာထားခဲ့သည့်ဇာတ်ကွက်တွေ ထုတ်သုံးရပါဦးမည်။





အပိုင်းအစတွေနှင့် လှိုင်းထနေမည့် သူမရဲ့ စိတ်ရေပြင်မှာ ကျွန်တော်ဟာ အမှိုက်တစ်စ ဖြစ်ချင်ဖြစ်နေပါလိမ့်မည်။

ခန့်မှန်းပြောဆိုရလျှင်ဖြင့် ...

(?)နှင့်တူသော အမှိုက်တစ်စ ဖြစ်နေနိုင်ပါသည်။

"ငါ့အထင်အရတော့ အဲ့ဒီအမျိုးသမီးဟာ မေသန်းခိုင် မဖြစ်နိုင်ဘူး၊ စာကိုလိုချင်လို့ ပြီးလွယ်စီးလွယ် ပြောလိုက်တယ် ထင်တာပဲ"

ဒီဃက တွေးတွေးဆဆ ပြောလာသည့်စကား။ ကျွန်တော် လေးနက်စွာ စဉ်းစားနေစဉ် သူရနိုင်က ...

"ဒါဆိုရင် လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုကြီး ဖြစ်လာတော့မှာပေါ့"

ဝါသနာရှင်လေးများကို တွေ့ဆုံအင်တာဗျူးထားသည့် စာရွက်ကြားမှ ဓာတ်ပုံတွေ ထုတ်ကြည့်ဟန် ဆောင်လိုက်သော သူရနိုင်ကို ဒီဃက ...

"အဲ့ဒီလောက်အထိလည်း ဖြစ်နိုင်မယ် မထင်ဘူး"





"ဘယ်လောက်အထိ ဖြစ်နိုင်မှာလဲ၊ လင်းစမ်းပါဦး အကြံပေး အရာရှိကြီးရဲ့"

မဂ္ဂဇင်းတိုက်ရဲ့ အမှုဆောင်အယ်ဒီတာစားပွဲကို ခုံသုံးလုံးခင်း ပတ်ထိုင်ပြီး စကားပြောဖြစ်နေကြခြင်းပင်။ သူရနိုင် ပေါ့ပြောလိုက်သော စကားကို ကျွန်တော်က ကြားဖြတ်ဝင်လိုက်ပြီး ...

"အမှောင်ထဲကို ခဲနဲ့လှမ်းပစ်ရတာ ထိမှန်တဲ့အသံ ကြားရတဲ့အပေါ်မှာ ခန့်မှန်းပြောရမှာပဲ ... ခက်တာက ထိမှန်သံပြန်ကြားရဖို့ နေနေသာသာ မေသန့်ခိုင် ဟုတ်မဟုတ်ဆိုတာကို ပုစ္ဆာလုပ်နေကတည်းက သိပ်မဟုတ်သေးဘူး"

"ဒီတော့ မင်း ဘာဆက်လုပ်ချင်တာလဲ"

"အဲဒီအမျိုးသမီးရှေ့မှာ ဖြတ်လျှောက်လုပ်ပြရရင် ကောင်းမယ်"

"ဘာလဲ ... မင်းကို ဘာလို့ အဲဒီစာချုပ် အစုတ်အပြဲတွေ တမင်အိတ်ထဲထည့်ပြီး ပို့ရတာလဲ၊ ရူးနေသလားဟင်လို့ လာမေးမှာမျိုးကို မင်း မျှော်လင့်နေတယ် မဟုတ်လား"

"ဆိုပါတော့"

"မင်း သွားပြီ ဘုန်းမာန်၊ အဲဒီမိန်းကလေးက သူ့ဏှာခြေကို မငဲ့ဘဲနေမှာ မဟုတ်ဘူး၊ မင်း သက်သက် အလိမ်အညာတွေနဲ့ လာရှုပ်တဲ့ လူပွေလူလိမ်လို့ပဲထင်ပြီး မင်းကိုမြင်တာနဲ့ ဝေးဝေးရှောင်သွားဖို့ပဲ စဉ်းစားသွားလိမ့်မယ်"

"အဲ့ဒီလောက်ကြီးတော့ မဟုတ်နိုင်ဘူး သူရ ... မင်းက ဒီအကြောင်းအရာ စကတည်းက အတိုက်အခံတွေ သိပ်ပြောတတ်တယ်၊ ဘာလဲ ... အဲ့ဒီအမျိုးသမီးနဲ့ မင်းနဲ့ပတ်သက်မှုရှိခဲ့လို့လား"

"အသေအချာတောင် မမြင်ဖူးဘူး၊ သိကျွမ်းဖို့ဆိုတာတော့ ဝေးရောပဲ"

"ဒါဆိုလိုက်ခဲ့ ... မင်းတို့ပါ မြင်ဖူးထားတော့ ပြောရဆိုရ ခန့်မှန်းရတာ ပိုကောင်းတယ်"

ကျွန်တော် အတင်းခေါ်၍ သူရနှင့် ဒိဃတို့ လိုက်လာကြ၏။ မေသန့်ခိုင်တို့ တိုက်ခန်းကို လှမ်းမြင်နိုင်လောက်သောနေရာမှာ ရပ်စဉ် ကံအားလျော်စွာပင် မေသန့်ခိုင် ဆိုသည့် စာ





လက်ခံပြီး လက်မှတ်ထိုးသည့် အမျိုးသမီး အပြင်ထွက်လာတာကို မြင်ရ၏။ TAXI တစ်စင်း တားစီးသွား၍ ကျွန်တော်တို့လည်း TAXI တစ်စင်းငှားကာ လိုက်ရပြန်၏။

"မြင်ဖူးသွားပြီလေကွာ၊ ဘယ်အထိ လိုက်နေမှာလဲ"

"ပိုသိထားလေ ကောင်းလေပဲလေကွာ၊ လိုက်ကြည့်ထားတာ မမှားပါဘူး ... မင်း လေလည်မနေနဲ့ သူရ လိုက်မှာသာ အေးအေးလိုက်ခဲ့စမ်းပါ"

မော်ဒယ်(လ်)အေဂျင်စီတစ်ခုရှေ့မှာ ကားကိုရပ်ပြီး အတွင်းထဲ ဝင်သွားသော အမျိုးသမီး။

အသက်အရွယ်အားဖြင့် ကျွန်တော်နှင့် မတိမ်းမယိမ်းခန့် ရှိမည်။ မော်ဒယ်(လ်)လုပ်မည်ဆိုလျှင် အသက်အနည်းငယ်ရင့်နေမည် ထင်ရ၏။ သို့ပြား သူမ ရုပ်သွင်က ပင်ကိုယ်အသက်ထက် လေးနှစ်လောက် နုပျိုသည်ဟု ထင်မှတ်မှားဖွယ်ရာ။

"ဒီအေဂျင်စီက ငါနဲ့ သိတယ်"

သူရနိုင် စကားကြောင့် ဒိဃက လက်ဖျောက်တီးလိုက်ပြီး ...

"ဒီခွင်တွေက မင်းခွင်တွေပဲ သူရ၊ မင်း အင်တာဗျူးလုပ်ပြီး ရိုက်တင်ပေးခဲ့တဲ့ မချောလေးတွေ ထွက်ရှိရာနေရာမို့လို့ မင်းဝင်ပြီး ချိုနဲ့လိုက်ခွေ့ ... အဲ ... စုံစမ်းကြည့်စမ်းကွာ"

သူရနိုင်က ဆံပင်နှင့် ဝတ်စားဆင်ယင်မှုကို သေသပ်အောင် ပြုပြင်လိုက်၏။ ပါးစပ်နား ကပ်ထားသော လက်ထဲကို အာငွေ့မှုတ်ကြည့်၏။ အိတ်ဆောင်ခံတွင်းသန့်ဆေးကို "ရှူး" ခနဲ ဖျန်းသန့်ပြန်၏။ ပြီးလျှင် အိတ်ဆောင်ရေမွှေး ဖျန်းဆွတ်နေပြန်သည်။

"အခြောက်ကြီး ကျနေတာပဲကွာ၊ မျက်စိကို နောက်နေတာပဲ၊ အဲ့ဒါတွေ မလိုပါဘူး၊ မင်းက ယောကျ်ားလေးပါ၊ တော်ရုံတန်ရုံပေါ့"

"မင်း ဘာနားလည်လို့လဲ ဘုန်းမာန်၊ ဒီခေတ်ကြီးမှာ ရုပ်သန့်ပြီး ရုပ်ဖြူနေတာ တကယ်ကို အရေးပါတယ်ကွ"

သူရနိုင်က ဆောင့်ကြွားကြွားပြောပြီး မော်ဒယ်(လ်) အေဂျင်စီထဲကို လှမ်းဝင်သွား၏။ ဆယ်မိနစ်ခန့်အကြာမှာ ပြန်





ထွက်လာ၏။ လေကလေးတချွန်ချွန်နှင့် စတိုင်(လ်)ပန်(လ်)ထဲကို လက်နှစ်ဖက်နှိုက်ပြီး ကီဗင်ကောစနာစတိုင်(လ်)နှင့် လျှောက်လာနေ၏။ အနားရောက်သောအခါ ...

"အခြေအနေ"

"ချက်ချင်းကြီး ဖြစ်မလားကွ၊ ငါ့မှာ အသံဖမ်းကက်ဆက်မပါ၊ ကင်မရာမပါနဲ့ ဘယ်လိုလုပ်ပြီး အင်တာဗျူးမလဲ ...၊ အေဂျင်စီက အုပ်ချုပ်တဲ့ငနဲကို ငါ ဘယ်မဂ္ဂဇင်းက ဆောင်းပါးရှင် ဘယ်သူဆိုတာ မိတ်ဆက်ပြီး တွေ့ချင်တဲ့မချောကို ပြောပြရတာပေါ့၊ ဘယ်နေ့ ဘယ်အချိန်အားမလဲ၊ အားတဲ့နေ့ အားတဲ့အချိန် တွေ့သင့်တဲ့နေရာမှာ အင်တာဗျူးချင်တယ်ဆိုတာ ပြောရတာပေါ့၊ အဲ့ဒီ မချောက လိုလိုလားလား လက်ခံတယ်၊ သူ့ရဲ့မော်ဒယ်(လ်)အမည်သစ်ကဆုလတ်မိုရ်ရှိတဲ့၊ အမည်ရင်းကို မပြောကြဘူး၊ ငါက အဲ့ဒီ မချောကို ဧည့်ခန်းမှာ အသင့်တွေ့လို့ လက်ညှိုးထိုးပြလိုက်မိတယ်၊ အမည်ရင်း မေးသန့်ခိုင်လားလို့ ငါကမေးတော့ မျက်လုံးလေးပြူးပြီး ပြန်ကြည့်နေတယ်၊ မကြားသလို

မသိသလို ဟန်ဆောင်ပြီး ဘယ်နေ့ ဘယ်အချိန် ဘယ်နေရာမှာ တွေ့ဆုံမယ်ဆိုတာကိုသာ အရေးပါတဲ့စကားလို ပြန်ပြောတယ် … မပူပါနဲ့၊ အဲဒီမချောရဲ့ တိုက်ခန်းမှာ သွားဖျူးရမှာပါ၊ မင်းတို့ လိုက်ချင်လိုက်ခဲ့ကြ၊ အဲဒီကျရင် အကုန်သိရအောင် ငါ နှိုက်မေးပြမယ်၊ မဂ္ဂဇင်းမှာ ဖော်ပြတော့ လိုအပ်သလောက်ပေါ့ကွာ၊ မလိုတာတွေ ဆင်ဆာဖြတ်လိုက်ရုံပေါ့"

"ပိုင်တယ်ကွာ … မင်းကို အဲ့ဒါမျိုးတွေ အားကိုးနေရတာ သူရနိုင်"

ဒီဃက မြှောက်ပင့်ပေး၏။ ကျွန်တော်က …

"ငါလိုက်လို့ဖြစ်ပါ့မလား၊ စာလာပေးထားတဲ့လူ ဆိုတာ သိသွားရင် အရောင်ခါးတဲ့ ဆက်ဆံရေးတွေ ဖြစ်ကုန်လိမ့်မယ်နဲ့ တူတယ်"

"ရိုက်တော့ မထုတ်ပါဘူးကွာ၊ ကန်ထုတ်မှာပဲ ရှိတယ်"

သူရနိုင် ထောင်ရိုက်လိုက်သော စကားကို ဒီဃက ကာ၏။





"အပေါင်းအပါတွေ ဆိုပြီး ဖျူးသရောကြီးပါ ကန်ထုတ်ခံနေရမှ မဟာအရှက်တော် ကွဲနေဦးမယ်"

ကျွန်တော်တို့သုံးယောက် စကားတပြောပြောဖြင့် ပြန်လျှောက်လာကြစဉ် ကျွန်တော်တို့အနားမှာ TAXI တစ်စင်း ဖြတ်မောင်းသွား၏။ ကားပေါ်မှ သမင်လည်ပြန် လှည့်ကြည့်သွားသော မေသန့်ခိုင် ဖြစ်နိုင် မဖြစ်နိုင်သည့် ဆုလတ်မိုရ်ကို တွေ့လိုက်ရ၍ သုံးယောက်သား အံ့သြမှင်သက်သွားမိကြ၏။ ဒီဃက …

"ငါတို့ကို တွေ့သွားပြီ"

"မင်းနဲ့ ပတ်သက်တာ ကျနေတာပဲ၊ ငါနဲ့ ဘုန်းမာန်နဲ့ ရင်ဆိုင်ရမဲ့ အရေးပါကွ … ငါတို့ထက် ပိုပြုံးပြိပြမနေစမ်းပါနဲ့ … ဘယ်လိုလဲ ဘုန်းမာန်၊ မင်းနဲ့ငါ့ကို စေ့စေ့ကြည့်သွားပြီး"

"မင်းဘာသာ အဆင်ပြေအောင် လုပ်ယူတာတော်ပါတယ် သူရရာ၊ သွားတွေ့တဲ့နေ့ ငါ မလိုက်ပါဘူး"

"ဆုလတ်မိုရ်က မေးလာခဲ့ရင်ကော"

"ပြောပြီးပြီလေ အဆင်ပြေသလိုသာ ကြည့်ပြောလိုက်လို့"

"မင်းကတော့ လုပ်ပြီ၊ တကယ်ဆို ဒါတွေက မင်းပြဿနာပါ၊ မင်း အစထုတ်လာတဲ့ အရှုပ်ထုပ်ပါကွ"

"ဟုတ်ပါတယ် ... အခုအခိုက်အတန့်လေးမှာ မင်းဝင်မပိုကောင်းမှာမို့ ခဏသည်းခံပြီး ဝင်လိုက်စမ်းပါ သူရရာ၊ နောက်ပိုင်းကို ငါက,မှာပေါ့"

"ဟုတ်သားပဲ သူရရာ ... ဒီလောက်ကလေး ကူညီရတာကိုများ ..."

"မင်းပါ လိုက်ခဲ့ရမယ် ဒီဃ ... ပါးရိုက်ခံစရာရှိရင် မင်းဝင်ခံရအောင်လို့ ခေါ်သွားရမယ်"

"အကြောင်းအရာတွေ ယုတ္တိကင်းလွတ်နေပြီ သူရ ... တို့က ဘာတွေ ဘယ်လောက် ဆိုးဝါးအောင် ကျူးလွန်ထားလို့ အဲ့ဒီမိန်းကလေးက ပါးရိုက်ချင်စိတ် ပေါက်ရမှာလဲ ... ကလေးအတွေးတွေကွာ ... မင်းကို ပြောရတာ ဝေးလွန်းပါတယ်"

ကျွန်တော်က ဆုလတ်မိုရ်ရဲ့ အကြည့်ကို အတွေးနှင့်ပြန်လည်ပုံကြီးချဲ့ပြီး ခွဲခြမ်းစိတ်ဖြာနေမိ၏။





ဘယ်လိုအသိနဲ့ ဘယ်လိုကြည့်ခဲ့တာလဲ ?

ကျွန်တော့်ရဲ့ ဗီဇသိမှာ သူမနှင့် ပတ်သက်ပြီး တစ်ခုခုငြိနေတာကို ရိုးတိုးရိပ်တိပ် ခံစားမိနေ၏။

ငြိနေသော ခံစားမှုကို အဓိပ္ပာယ်ဖွင့်ဆိုပြ၍ မရနိုင်သေး။

မင်း ပုစ္ဆာလုပ်သမျှ ...

ကိုယ်အဖြေထုတ်ပြမယ် ဆုလတ်မိုရ်။

ပေးထားချက်တွေ နည်းပါးလွန်းသည်။ သီအိုရီတွေ ဆတိုးဆခွဲကိန်းတွေ၊ မသိကိန်းပုံသေနည်းတွေ အစားသွင်းတွက်ချက်၍ မရသော ပုစ္ဆာကို နည်းလမ်းအသစ်တစ်မျိုးဖြင့် တွက်ချက် အဖြေရှာကြည့်နိုင်ခဲ့၏။

ကိန်းရှင်နှစ်လုံး အစားသွင်း သုံးလိုက်သည့်အခါ ...

"ငါတို့နှစ်ယောက် ဆုလတ်မိုရ်ဆီ ရောက်သွားခဲ့ပြီးပြီ၊ အားလုံး အိုကေတယ် အင်တာဗျူးနဲ့ပြီးပြီ ... ဒီကောင် ဒီမှာ ဓာတ်ပုံရိုက်တာ အသုံးမကျလို့ သုံးလေးကွက်လောက်ပဲ ပုံထွက်ကောင်းတာ ဆိုးသွားတယ်ကွာ"

"ငါမှ ဓာတ်ပုံမရိုက်တတ်တာ အဲ့ဒါကို ဆုလတ်မိုရ်ရှေ့မှာ ဓာတ်ပုံဆရာပါလို့ ဒီကောင်က ချီးသံနဲ့ကျူးပြတယ်လေ ...



အဲ့ဒီမှာတင် ဓာတ်ပုံထရိုက်ရရော ... ကိုယ့်ကိုယ်ကိုယ် မသေချာမှန်းသိ၍ အင်တာဗျူးခန်းကို ဖလင်တစ်လိပ်ကုန်အောင် ရိုက်ပစ်လိုက်တယ်"

"ဘယ်လိုပုံတွေ ထွက်လာလဲ"

"ပုံတစ်ပုံဆိုရင် အသံဖမ်းစက် ကိုင်ထားတဲ့ ငါ့ရဲ့လက်နဲ့ ဆုလတ်မိုရ်ရဲ့ နှာခေါင်းပဲ ပေါ်တယ်၊ ကျန်တဲ့ပုံတွေက ခေါင်းတစ်ပိုင်းပြတ် ခြေတစ်ပိုင်းပြတ်တွေချည်းပဲ၊ ကံကောင်းလို့ တိုက်ရိုက်တွေ့ဆုံမေးမြန်းနေတဲ့ပုံ သုံးပုံလောက်ရလိုက်တယ်၊ အဲ့ဒီပုံတွေနဲ့ ဆုလတ်မိုရ် အရင်ကတည်းက အလှရိုက်ထားတဲ့ပုံတွေ ပေးလိုက်တာကို တွဲသုံးပြီး မဂ္ဂဇင်းကို ပို့လိုက်ရတယ်လေ"

"အဲ့ဒါ ခဏထား၊ ဆုလတ်မိုရ်ဟာ မေသန်းနိုင် မဟုတ်လား၊ လက်ထပ်စာချုပ် အပိုင်းအစတွေ ပို့ပေးတာ ဘာပြောသေးလဲ"

"ဆုလာတ်မိုရ်က မေသန်းနိုင် မဟုတ်ဘူး၊ အနုပညာလုပ်ငန်းမှာ သုံးစွဲတဲ့အမည်က ဖူးပွင့်နေခြည်တဲ့၊ မေသန်းနိုင်နဲ့

ငါနဲ့ ရင်းနှီးခဲ့ဖူးသလား ဘာလားနဲ့ မေးနေသေးတယ်၊ ငါက စ,မေးခဲ့မိတာကို"

"အဲ့ဒီတော့ ..."

"သိခဲ့ဖူးတယ် ... မေ့တော့တော့ပေါ့ကွာ၊ လျှောက်ပြောရတာပေါ့ ... ဆုလတ်မိုရ်နဲ့ မေသန့်ခိုင်က သူငယ်ချင်းတွေ၊ မေသန့်ခိုင်က မိုးကုတ်က ... ဒီမှာမရှိဘူး မိုးကုတ် ပြန်သွားပြီ ..."

"လက်ထပ်စာချုပ် အပိုင်းအစတွေ အကြောင်းကိုရော မေးသေးလား"

"ဘာမှ မမေးဘူး"

"ထူးဆန်းတယ်၊ ဆုလတ်မိုရ် သိတော့သိမှာပဲ၊ ဘာကြောင့် မမေးတာလဲ၊ ဒါနဲ့ ငါတို့ ချိတ်ဆက်ရှိတာ သူ တွေ့သွားတာကိုရော မေးသေးလား"

"ဘာမှမမေးဘူး ... မယုံရင် ဒီဃကို မေးကြည့်"

"ဟုတ်တယ် ဘုန်းမာန်၊ အင်တာဗျူးအတွက်ပဲ သူ စိတ်လောနေပုံရတယ်"





"ဒါဆို ဘာလို့ ဂရုတစိုက် ကြည့်သွားရတာလဲ"

"အဲ့ဒါတော့ ငါလည်း မလျှောက်လဲတတ်ဘူး"

"ဒီလိုဆို မေသန့်ခိုင် အကြောင်း ငါ သိချင်တဲ့အချက်တွေ ဆုလတ်မိုရ်လည်း သိကိုသိထားရလိမ့်မယ်၊ မေသန့်ခိုင်ကို မတွေ့ရတော့ရင်တောင် ဆုလတ်မိုရ်ကို ခင်မင်အောင်ပေါင်းပြီး မေးကြည့်ရင် သိချင်တာ သိလာရမယ်လို့ ငါ ထင်တယ်"

"ဆုလတ်မိုရ်က အလုပ်သဘောအရ ဆက်ဆံတဲ့ လူမှုရေးလောက်သာ ဦးစားပေးမှာ ... မင်း ဘယ်လိုခင်မင်အောင် ပေါင်းမလဲ"

"မင်းက တစ်ဆင့်ပေါ့ကွာ"

"ငါကတစ်ဆင့် ... မင်းကတော့ လုပ်ပြီ ... ငါ့ကို အသုံးချတော့မယ်ဆိုရင် ငါခွင့်ပြုတဲ့ ဘောင်အတွင်းကပဲ ပြောဆိုမှ ခွင့်ပြုနိုင်မယ်"

"ဒါ ဘယ်လောက်အထိ ရည်ရွယ်ထားတယ်လို့များ မင်း ထင်နေသလဲ"

"မပြောနိုင်ဘူးလေ ... မင်းက အပြောကောင်းတဲ့ကောင်ဆိုတော့ သိပ်စိတ်ချရတာမှ မဟုတ်တာ"

သူရနိုင် စကားအဆုံးမှာ ဒီဃက ...

"ဘာမှမဟုတ်ဘူး ... ဆုလတ်မိုရ်ကို ဒီကောင် သွားရေယိုလာတာဟေ့ ... မင်းနောက် ပါသွားမှာကြောက်လို့ အရဲအတားတွေ စည်းချနေတာ ... အဓိက,ကတော့ အဲ့ဒါပဲ"

ကျွန်တော်နှင့် သူရနိုင် အကြည့်ချင်း ဆိုင်လိုက်စဉ်မီးပွားတွေ ခတ်စဉ်သွားသလို စိတ်မှာ ထင်မှတ်လိုက်ရ၏။ ကျွန်တော့်အကြည့်ကို ဦးစွာရုပ်သိမ်းလိုက်ပြီး ...

"ငါက သိချင်တာကို သိရရုံသက်သက်ပါ အလေးအနက်မဟုတ်ပါဘူး ... မင်း ငါ့ကို သံသယမရှိပါနဲ့ သူရ"

သူရနိုင်က ကျွန်တော့်ပခုံးကို အသာတိုက်ပြီး ...

"မင်းကလည်း ဒီကောင် ဒီဃ ပြောတာကို တကယ်ယုံနေတယ်၊ အံ့ရောကွာ"

"ဒါဆို မင်း မဟုတ်ဘူးပေါ့"

"ဟုတ်တယ်"





သူရနိုင်က ပြောပြီး ခပ်ပေါ့ပေါ့ ရယ်မော၏။ ဒီဃကပ သူရနိုင် ဟာသလုပ်လိုက်တာကို သဘောကျပြီး လိုက်ဟားနေ၏။ ကျွန်တော် မဟားဘဲ တည်တည်နေလျှင် ထင်မြင်ချက်တွေ ပေးလာမှာစိုး၍ သူတို့ရယ်ခြင်း တစ်ဝက်လောက်ရောက်နေစဉ်မှာပင် ကျွန်တော် စည်းလွတ်ဝါးလွတ် တဟားဟားထ,ရယ်ပစ်လိုက်၏။ ကျွန်တော် အားရပါးရ ရယ်ပြနေသောအခါသူတို့နှစ်ယောက်စလုံး အရယ်ရပ်ပြီး ကျွန်တော့်ပုံစံကို အံ့ဩထူးဆန်းသလို ပြိုင်တူစိုက်ကြည့်နေကြ၏။

"မင်းတို့က ဘာကြည့်နေတာလဲကွ"

ကျွန်တော် အရယ်ရပ်ပြီး မေးကြည့်လိုက်၏။ သူရနိုင်က ...

"မင်း တကယ်ရယ်နေတာလား ဘုန်းမာန်"

"ဟာ ... တကယ်မရယ်လို့ ဘယ်လိုရယ်ရဦးမှာလဲ"

"မသိပါဘူးကွာ ... ငါက တကယ်ရယ်တယ်ပဲ မှတ်နေလို့"

သူတို့ နှစ်ယောက်စလုံး ထပ်မံဟာသဖောက်ပြီး ပွဲကျရယ်မောနေပြန်၏။ ကျွန်တော်က တည်တည်ကြီး ပြန်ဖြစ်နေချိန်။

အားနာပါးနာ၊ ဟန်ဆောင်မှုနှင့် တမင်တကာ ကျွန်တော် လိုက်ရယ်ပြမဲနေတော့။ ကျွန်တော့်ဦးကြီး ဝမ်းကွဲတစ်ယောက်အကြောင်းကို ဖျတ်ခနဲတွေးလိုက်မိမှ ကျွန်တော့်ဘာသာ အားရပါးရ ထရယ်မိလိုက်ပြန်၏။ သူတို့နှစ်ယောက်က ရယ်ရှိန်သတ်ပြီး ...

"မင်းက အခုမှ ဘာထရယ်တာလဲ"

"မင်းတို့နဲ့ ရယ်နေရတာကို ကြည့်ပြီး ငါ့ဦးကြီးတစ်ယောက်ကို သတိသွားရမိလို့ပါကွာ ... ငါ့ဦးကြီးက တိုတိုပြတ်ပြတ် ရယ်သံနဲ့ ဘာမှမဟုတ်တာလေးတွေကိုလည်း ခဏ ခဏ ရယ်တတ်တယ် ... တစ်နေ့ သူ့အိမ် ငါသွားလည်တော့ သူက TV ကလာတဲ့ ဂျပန်ကား ထိုင်ကြည့်နေတယ် ... ငါလည်း ဝင်ကြည့်ပေးရတာပေါ့ ... ကြည့်နေတဲ့ ဂျပန်ကားထဲမှာ ဘာမှ ရယ်စရာအခန်း မပါဘူး ... ငါ့ဦးကြီးကတော့ ကားကြည့်ပြီး မင်းသမီးကလည်း စကားပြောတဲ့လေသံက ဆောင့်ဆောင့်ကြီး ... ဟမ်း ... (ဟမ်း=ရယ်သံတိုပြတ်ပြတ်) မင်းသားကလည်း လူတွေ့တိုင်း ခေါင်းပန်





နေတာပဲ၊ ဟမ်း ... သူတို့ ဆာကေးအရက်ခွက်ကလည်း ဝက်နှာခေါင်းပေါက်လောက်လေး ... ဟမ်း ... ဟော ... ဟော မင်းသမီး လမ်းလျှောက်တဲ့ပုံကလည်း ... ဟမ်း ... အဲ့ဒီလို တဟမ်းဟမ်းနဲ့ သူရယ်တိုင်း ငါက အားနာပါးနာ လိုက်ရယ်ပေးနေရတာ ဂျပန်ကားတစ်ပိုင်းပြီးသွားတဲ့ အထိပဲ ... အာကို ညောင်းနေတာပဲကွာ ... ဘာမှ ရယ်စရာ မကောင်းဘဲနဲ့ကို လိုက်ရယ်ပေးနေရတာမျိုး ကြုံလာလို့ ငါ့ဦးကြီးကို အမှတ်ရပြီး မင်းတို့ကိုလည်း ငါ့ဦးကြီး ရယ်သံမျိုး ဟမ်း ... ဟမ်းနဲ့ သိုက်ရယ်ပေးရင် ကောင်းမယ် လို့ အတွေးရပြီး ကိုယ့်ဘာသာ သဘောကျတာနဲ့ ရယ်မိတာပါကွာ"

ပြောပြီး ကျွန်တော် ဆက်ရယ်နေသောအခါ သူရနိုင်နှင့် ဒီဃက ...

"ဟမ်း"

"ဟမ်း"

"မင်းရဲ့ဆောင်းပါး ပါတဲ့အချိန်ထိ ငါ မစောင့်နိုင်ဘူး သူရ၊ မင်းရဲရင် ငါ့ကို ဆုလတ်မိုရ်ရဲ့ မိတ်ဆက်ပေးလိုက်၊ ဖြစ်လာသမျှ ငါ ဆက်လုပ်သွားမယ်"

"ဆုလတ်မိုရ်ကို မင်းထင်သလောက် လွယ်မယ်ထင်နေသလား ဘုန်းမာန်"

"မလွယ်မှန်း သိတယ်၊ ငါမှ မစောင့်နိုင်တာ ငါက သိချင်ရုံလေး မေးမြန်းရုံလေးကွာ ... ဘာမှ ဆက်ဝင်စရာ အခန်းမှ မရှိတာ၊ ဖြတ်လျှောက်တစ်ခန်းပါရဖို့ တစ်နှစ်လောက်တော့ ထိုင်စောင့်နေစရာ မလိုဘူး ... ငါ့မှာ ဓာတ်လမ်းဓာတ်ကွက်တွေအတွက် အချက်အလက်သစ်တွေ အများကြီး စုံစမ်းစရာ ရှိသေးတယ်၊ စိမ်မနေနိုင်ဘူး"





"မင်း ဒီလောက်ကြွနေရင်လည်း ငါက စတင်မိတ်ဆက်ပေးရမှာပေါ့၊ မင်းတာဝန် မင်းနိုင်ရင် ပြီးတာပါပဲ ... မရိုးသားတဲ့စိတ် လုံးဝမရှိဘူး ဆိုတာ သေချာလား၊ ကျိန်းသေအောင် ထပ်မေးထားတာကွာ"

"ဘီလူးစည်း လူ့စည်း ရှိတယ်"

"စည်းကျော်ရင် ပြဿနာနော်"

"မင်းကြိုက်သလိုသာ ပိတ်ကွာ"

"ကြိုက်ပြီ ... ဒီနေ့ လိုက်မလား"

"အခု သွားမယ်"

"အိုကေ ... အခု တီးဆွဲပြီးရင် ယွင်းပြီး ရွှေ့မယ်"

ကျွန်တော်တို့နှစ်ယောက် ဆုလတ်မိုရ်ထံ ရောက်သွားချိန်မှာ နေ့လယ်ဆယ့်တစ်နာရီနှင့် သုံးမိနစ်။

တိုက်ခန်းတွေရဲ့ အစဉ်အလာ အပြင်အဆင်အတိုင်း ညှို့ခန်းကို ပြင်ဆင်ထား၏။ ခိုအိမ်ပုံစံ၊ သစ်သားမီးခြစ်ဘူးပုံစံ တိုက်ခန်းတွေကို မြန်မာ့လူနေမှုနှင့် လိုက်ဖက်သည်ဟု ဘယ်လိုဗိသုကာပညာရှင်က သတ်မှတ်တီထွင် လမ်းပြခဲ့သည်မသိ။ လူ

တွေ ဖန်တီးမှု အများဆုံးဖြစ်သော ထောင့်ချိုးတိုက်ခန်းတွေကို သာ မြို့ပြမှာ အတွေ့ရများနေ၏။ သဘာဝတရားရဲ့ ဖန်တီးမှု လက်ရာများမှာ အဝိုင်း၊ အဝန်း၊ ပျောင်းနွဲ့သောပုံနှင့် ပုံသဏ္ဌာန် အမျိုးမျိုးဖြစ်ပြီး သဘာဝတရားကို အခြေခံ၍ အနောက်တိုင်းမှ ခေတ်သစ်လူငယ်တွေက ဆန်းသစ်တီထွင် ဆောက်လုပ်လျက်ရှိ နေကြလေပြီ။ ရှိပြီးတာတွေလည်း ရှိပြီးခဲ့ကြလေပြီ။ ဤမှာဖြင့် ထောင့်တွေက ပို၍ခိုင်မာတောင့်တင်းမှု ရှိသည် ဆိုသည့် အချက် အလက် အပေါ်မှာ နှစ်သက်နေလေရော့သလား မသိ။

ဆုလတ်မိုရ်က အိမ်နေရင်း အဝတ်ကို အမြန်လဲလှယ် ဝတ်ဆင်ပြီး ကျွန်တော်တို့ကို နေရာချထားပေးရာ ဧည့်ခန်းဆီ တစ်ဖန် ပြန်ရောက်လာ၏။ ကျွန်တော့်ကို မြင်မြင်ချင်း အံ့ဩ သွားသော်လည်း မသိသယောင် ဆောင်နေခဲ့၏။

သူရနိုင်က ကျွန်တော်နှင့် ဆုလတ်မိုရ်ကို ဝတ်ကျေ တန်းကျေ နှုတ်ဆက်ပေး၏။ ပြီးလျှင် ...

အင်တာဗျူးနှင့် ပတ်သက်တာ၊ မဂ္ဂဇင်း၊ ဂျာနယ် နှင့်ပတ်သက်တာ၊ ရုပ်ရှင်၊ ဗီဒီယိုလောကနှင့် ပတ်သက်တာတွေ ကို အမြုပ်ထွက်မတတ် ပြောရင်း ဆုလတ်မိုရ်ရဲ့ အာရုံကိုဆွဲညွတ် ထား၏။ ကျွန်တော် ဘာမျှပြောချိန် မရ။ မထူးတော့။

"ကျွန်တော့်ကို မှတ်မိမလား မသိဘူး"

ကျွန်တော် ကြားဖြတ်ဝင်ပြောလိုက်သော စကား ကြောင့် ဆုလတ်မိုရ် အံ့အားသင့်သွား၏။ သူရနိုင်က ကျောရိုး တောင့်မတ်ပြီး ပြူးကြည့်နေ၏။ ဆုလတ်မိုရ်က ...

"မြင်ဖူးသလိုလိုတော့ ရှိသား"

"ဟိုတစ်ခါ လူကြုံနဲ့ ပါးလိုက်တယ်ဆိုတဲ့ စာလာပေးဖူး တယ်လေ"

မထူးဇာတ်ကို အချိန်တိုတိုနှင့် ဖြတ်ချင်၍ ရှိသမျှ သွန်ချလိုက်တော့၏။ ဆုလတ်မိုရ်က ...

"ဪ ... မှတ်မိပြီ ... မှတ်မိပြီ"

"ဟုတ်ကဲ့ ... အဲဒါ ..."

သူက သူ့မဘက်မှ တစ်ခုခု အလိုက်သင့် တုံ့ပြန်လာ စေချင်၍ "အဲ့ဒါ"မှ ရပ်ပြီး စကားဆင်ထားလိုက်၏။ သူမက ...

"အဲ့ဒါ ဘာဖြစ်သလဲ"

ဆက်ရခက်သောကြောင့် ပြောမထွက် ဖြစ်နေ၏။

သူရနိုင်က ...

"အဲ့ဒီစာအပေါ်မှာ ဆုလတ်မိုရ် ဘယ်လိုသဘောထားများ ရှိနေမလဲဆိုတာ ဘုန်းမာန်က သိချင်နေတာပါ"

"ဘယ်လို သဘောထားရမှာလဲ ... ကျွန်မ သိမ်းထားလိုက်တယ်လေ ... မေသန့်ခိုင် လာမှ ပေးဖတ်မှာပေါ့ ... ဘာဖြစ်လို့လဲ၊ အဲ့ဒီစာက အရေးကြီးလို့လား"

သူရနိုင်က 'ဆုလတ်မိုရ်ရဲ့ စကားကို ယုံသွား၏။ ကျွန်တော်က မယုံ။ ထို့ကြောင့် မချိုမချဉ်လေး ကြည့်နေသော ဆုလတ်မိုရ်ကို ...

"အဲ့ဒီစာထဲမှာ မမေသန့်ခိုင်ရဲ့ လက်ထပ်စာချုပ် အပိုင်းအစတွေ ပါတယ် ... မြေပဒေသာကျွန်းရဲ့ ရေကန်ထဲမှာ ကျွန်တော် တွေ့ခဲ့ရလို့ ပိုင်ရှင်ဆီ ပြန်ပို့ပေးလိုက်တာပါ"

လူမှုရေးအရ သူများအတွင်းရေး ဖြစ်နေ၍ ထိုမျှအထိ မေးမြန်းပြောဆိုဖို့ မသင့်တာ ကျွန်တော် နားလည်ပါသည်။ သို့ပြား သိချင်စိတ်က နားလည်မှုကို စီးနင်းထားသဖြင့် ...





"ဒီစာကို လက်ခံအောင် ကျွန်တော့်ကို လူကြုံနဲ့ပါးလိုက်တာပါဆိုတာမျိုး ကျွန်တော် ဖန်တီးပြောခဲ့မိတာ စိတ်မရှိပါနဲ့ဗျာ၊ အဓိက,ကတော့ ဒီစာလေးကို မမေသန့်ခိုင်ရဲ့ အရေးပါတဲ့ အသိအကျွမ်း တစ်ယောက်ယောက်ကများ ကောက်တွေ့သွားရင် ... နောက်ဆက်တွဲတွေ ဖြစ်မလာစေချင်တာနဲ့ ပိုင်ရှင်ဆီ တိုက်ရိုက် ပြန်ပို့ပေးလိုက်တာပါ"

ကျွန်တော့် စကားကို ဆုလတ်မိုရ် သုံးမိနစ်ခန့် တွေဝေစဉ်းစားနေ၏။ ပြီးမှ ...

"မေ့ရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်နော်"

"စိတ်မကွက်ရင်ပဲ ကျေနပ်ပါပြီ"

"စိတ်မကွက်တတ်ပါဘူး ... မေနဲ့ ကျွန်မနဲ့က စိတ်ထားအတူတူလိုပါပဲ"

လိုအပ်သလောက်သာ ဆုလတ်မိုရ် စကားပြောနေခြင်းကို ကျွန်တော် သတိထားမိ၏။ မပြောချင်လို့လား၊ လျှို့ဝှက်သိုသိပ်မှုတွေ စကားထဲ မှားပါသွားမှာ ကြောက်၍လား။

မပြောချင်လျှင် ကျေးဇူးစကားပင် ဆိုမည်မဟုတ်။ နောက်တစ်ချက်သာ ဖြစ်နိုင်ခြေများ၏။ သူရနိုင်က သူ့ခြေထောက်ကို အသာဖိနင်းထား၍ ဆက်သွန်မည့် စကားတွေ လည်ဝမှာ တစ်နေရပြန်သည်။ သူရနိုင်က အမြန် နှုတ်ဆက်ပြီး ကျွန်တော့်ကို အသာလက်ကုတ်၍ ထ,ရပ်ခိုင်း၏။

"နောက်နေ့ ဒါမှမဟုတ် တစ်နေ့နေ့ ထပ်မံဆုံနိုင်ခွင့်ကို ဆုလတ်မိုရ်က ပေးမယ်ဆိုရင် ကျွန်တော် ကျေးဇူးတင်ခံရကျိုးနပ်မှာ အမှန်ပဲ"

ဆုလတ်မိုရ်က အသာထရပ်ပြီး ကြည်လဲ့လဲ့လေးပြုံးကာ ...

"ကျွန်မကိုယ်၌ကလည်း ရှင်နဲ့ နှစ်ယောက်တည်းတွေ့ပြီး အေးအေးဆေးဆေး ဆွေးနွေးစကားတွေ ပြောချင်ပါသေးတယ် ... အခုလို နေ့လယ်ပိုင်း အချိန်လောက် ကျွန်မအားတတ်တယ် ..."

ထင်မှတ်မထားသော စကားကို ကြားရ၍ ကျွန်တော် အံ့အံ့အားအား ဖြစ်သွားမိ၏။ အကြည့် ... အကြည့် ... အကြည့် ...





ဆုလတ်မိုရ်ရဲ့ အကြည့်တွေက ကျွန်တော့်စိတ်ထဲဘာရှိတယ်ဆိုတာ သိအောင်ကြည့်နေသလိုပင်။

ကျွန်တော် ခပ်ယဲ့ယဲ့ကလေး ခေါင်းညိတ်ပြစဉ် သူရနိုင်က ဆုလတ်မိုရ်ကို ပြုံးပြပြီး ကျွန်တော့်ကို ဆွဲခေါ်ထုတ်လာ၏။

တိုက်ခန်းအဆင်းမှာ စကားမပြော။ တိုက်အောက်မှာလည်း စကားမပြော။ မှတ်တိုင်မှာလည်း စကားမပြော။ မှတ်တိုင်အလွန်လေးမှာ TAXI ငှားစီးလာတော့မှသာ စကားစတင်ပြောတော့၏။

"မင်းကတော့ ဆိုးပါတယ်ကွာ၊ တရုတ်ဖြောက်အိုးလို တဒိုင်းဒိုင်း ဖောက်ခွဲတော့တာပဲ ... ငါ့မှာ မျက်နှာပူလို့ မျက်နှာဘယ်ထားရမှန်းတောင် မသိတော့ဘူး ... မှားပြီ ... မင်းကို ပို့ပေးလိုက်တာ မှားပြီ"

"မင်း ထင်သလောက် ငါ မမှားသေးပါဘူး သူရရာ"

"ဟား ... ငါမတားရင် မင်း သွားပြီ ဘုန်းမာန် ... အမှားတွေ အထပ်ထပ် ထိမှန်ကုန်မှာ ကျိန်းသေကွက်တိပဲ"

ကျွန်တော် ဆက်မငြင်းချင်။ ထောက်ကွက်တစ်ကွက်ကို တွက်ပြလိုက်၏။

"အမှားလုပ်မိလို့ လိပ်ပြာမလုံ ဖြစ်နေရမှာက ဆုလတ်မိုရ်ပါကွာ ... ငါ စာသွားပေးတော့ သူဟာ မေသန့်ခိုင်ပါဆိုပြီး လိမ်ညာပြောပြီး စာကို လက်ခံယူထားလိုက်တယ်၊ အဲ့ဒါကို ငါ သိနေတယ်၊ သူလည်း သိတယ်၊ အဲဒါကို ဖြေရှင်းပြချင်လို့ ငါ့ကို တွေ့ချင်ပါတယ်လို့ ဆိုလာတာပေါ့"

"မင်းကြောင့် ဆုလတ်မိုရ် စိတ်ကွက်စရာ ဖြစ်သွားရင် ငါ့ အခွင့်အရေးတွေ လေရူးထဲ လွင့်ပါသွားတဲ့ စွက်ကြေတွေတော့ ဖြစ်ပါပြီကွာ"

"မင်းက ဆုလတ်မိုရ်ကို တကယ်သဘောကျနေတာလား"

"တကယ်ပေါ့ကွ ... ငါ့ဘဝမှာ မိန်းမတွေ အများကြီးနဲ့ တွေ့ဆုံလှုပ်ရှားနေခဲ့ရတယ်၊ ဘယ်သူမှ ဆုလတ်မိုရ်လောက် ငါ့ကို မြင်မြင်ချင်း တန်းခနဲ ဖြစ်သွားအောင် မဆွဲဆောင်နိုင်ဘူး ... သူ့အကြောင်း တွေးနေရရင် ပီတိတွေနဲ့ မြူးနေတာပဲ"





"ဒီလောက်ဆို ယုံပြီ၊ သဘောပေါက်ပြီ၊ မင်း ငါ့ကို စိတ်ချထား ... ဆုလတ်မိုရ်ကို ငါ စိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတာ မေသန့်ခိုင်ပဲ ... ပြောလို့မရတာ တစ်ခုတော့ ရှိတယ်နော်"

"ကြီးကြီးကျယ်ကျယ်နဲ့ ဘာလဲ"

"တကယ်လို့များ ဆုလတ်မိုရ်ဟာ မေသန့်ခိုင် ဖြစ်နေခဲ့မယ်ဆိုရင်တော့ ငါ စိတ်ဝင်စားရလိမ့်မယ်"

"မဖြစ်နိုင်ပါဘူးဆိုမှ စိတ်ကူးယဉ်နေရသေးလား ဘုန်းမာန်ရာ၊ ဒီမှာ အဲ့ဒီလိုဖြစ်နေရင် စိတ်ဝင်စားရုံ ဝင်စားမနေနဲ့ တစ်ခါတည်းသာ ချစ်ပစ်လိုက်၊ ငါကိုယ်တိုင်တောင် ထမ်းပြီးလိုက်ပို့ပေးလိုက်ဦးမယ်"

"ကြမ်းကျွံရင် နုတ်ရလွယ်တယ်နော် သူရ"

"စကားကျွံရုံတင် မကဘူး လိုအပ်ရင် နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးရမလား"

ကျွန်တော် ရယ်နေလိုက်၏။ သူရနှင့် ဆက်လက်အငြင်းပွားစရာ မလိုသည့် အကြောင်းကို ကျွန်တော် ကောင်း

ကောင်း တွေ့ခဲ့ရလိမ့်မည် မထင်ခဲ့။ မကြာမီမှာပင် ရိုးစင်းလွန်းသော အဖြစ်ဖြင့် မိတ်ဆွေအသစ်ဖွဲ့သလို သိရှိရသည့် အမျိုးသမီးတစ်ဦးမှာ မေသန့်ခိုင် စင်စစ် ဖြစ်နေခဲ့လေသည်။

ကျွန်တော် ထင်မြင်ခန့်မှန်းထားသည်ထက် ...

မေသန့်ခိုင်က ပို၍ လင်းလက်နေခဲ့သည်။





ဆုလတ်မိုရ်နှင့် တွေ့ဆုံရန် ချိန်းဆိုဖြစ်သည်။ နေရာမှာ ဆုလတ်မိုရ်တို့ တိုက်ခန်း။ ဆုလတ်မိုရ်က ကျွန်တော့် ဖိတ်ကမ်းမှုကို ခပ်လွယ်လွယ် လက်ခံလိုက်ခြင်းမှာ မေသန့်ခိုင် ရောက်လာချိန်နှင့် မမျှော်လင့်ဘဲ ကြုံဆုံနေ၍ တမင် မိတ်ဆက်ပေးရန် ဆန္ဒရှိနေ၍ပဲ ဖြစ်သည်။

မေသန့်ခိုင်ကို စတွေ့စဉ်က ...

ပြင်ပအလင်းတွေ မှိန်ကျသွားသလို ...

မေသန့်ခိုင်က ပိုမိုလင်းလက်လို့ နေသည်။ ပပဝတီရဲ့ အဆင်းရူပကာ စွမ်းအင်ကြောင့် ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲ လင်းရသည်ဆိုတာကို ပိုလွန်းသည် ထင်ခဲ့မိ၏။

မေသန့်ခိုင်ကို တွေ့လိုက်ရမှ ဖြစ်နိုင်ခြေရှိသော အချက်အဖြစ် လက်ခံလိုက်မိသည်။

အသားအရည်၏ ကောင်းခြင်း၊ ဆံပင်ကောင်းခြင်း၊ အရပ်အမောင်း ကောင်းခြင်းတွေနှင့် ပြည့်စုံသော်လည်း မျက်နှာ အလှမှာမူ သူ မတူအောင် ချောမောလှပနေခြင်း မရှိပါ။ ကြည့်ကောင်းရုံသာ လှပမွတ်စင်နေ၏။

ထူးခြားသော မျက်ခုံးနှင့် ...

စိတ်ခံစားချက်ထက်မြက်မှုကို ဖော်ညွှန်းပြက်လက်ပြနိုင်သော မျက်ဝန်းတစ်စုံ။

မထူမပါးသော ဖူးငုံငုံနှုတ်ခမ်းလေးက ဆေးသား မတင်၊ နဂိုယဉ်နီတျာတျာ။ ပေါ်လွင်သော နှာတံ။

မျက်နှာအနည်းငယ်စိုက်ပြီး အပေါ်လှန်ကြည့်တတ်သည့် အကြည့်က ရင်ကို တဒိန်းဒိန်း ထိရှနိုင်စေ၏။

သတိနှင့် အာရုံ ပြန်ဖော်ပြီး ဤမျှအထိ ခွဲခြမ်းသရုပ်ဖြာ ခံစားမိနေသည့် ကျွန်တော့်ကိုယ် ကျွန်တော် နားပန်ပြန်ဆော်ပစ်ချင်လာ၏။





အပေါ်ယံအရေပြား ဖုံးထားတဲ့ စိတ်ဆောင်ရုပ်ကောင်တွေပဲ။ ဘာမှလဲ မထူးခြားပါဘူး။ မပြန်လမ်းကို သွားရတော့လည်း လှခြင်း မလှခြင်းတွေ လောင်ပုပ်စွဲကြတာ အတူတူပါပဲ။

ဆုလတ်မိုရ် ကိုယ်တိုင် မိတ်ဆက်ပေးပြီးသည့်အထိ ကျွန်တော်နှင့် မေသန့်ခိုင် ကြည့်နေဖြစ်ကြသည်မှာ သီဟောင်းကျွမ်းဟောင်း ချစ်သူဟောင်းတွေပမာ ထင်စရာ။ ဆုလတ်မိုရ်က ...

"ခိုင်ရဲ့ အယောင်ဆောင်ပြီး ရှင်ပို့တဲ့စာကို ကျွန်မ လက်ခံယူလိုက်တယ်၊ အခု ရှင်တွေ့ချင်တဲ့ မေသန့်ခိုင် ကိုယ်တိုင် ရှင့်ရှေ့မှာ ရောက်နေပြီ၊ ရှင် ပြောချင်တာ ဘာရှိသလဲ"

"စာ ... စာချုပ် အပိုင်းအစတွေ"

ကျွန်တော် ထစ်အသလို ဖြစ်သွား၍ ကိုယ့်ဘာသာကိုယ် မကျေမနပ် ဖြစ်မိစဉ် မေသန့်ခိုင်က ...

"ယူ ကောင်းစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြန်ပို့ပေးလိုက်တာ သဘောပေါက်ပြီ ... ဒါပဲ မဟုတ်လား"

"အဲ့ဒါထက် ပိုပါသေးတယ်"

ကျွန်တော် လေသံပြန်မှန်လာ၍ စိတ်တက်လာစဉ် ...

"ဘာများလဲ"

"ကိုယ် ... မင်းကို လေ့လာချင်တယ်"

မေသန့်ခိုင် စဉ်းငယ်မျှ တွေဝေသွား၏။ ခနဲ့သလို ပြုံးကြည့်ပြီး ဆုလတ်မိုရ်ကို မျက်ခုံးပင့်ပြ၏။ ကျွန်တော်က ...

"လိုက်လိုက်လှဲလှဲ တောင်းဆိုနေတာပါ"

မေသန့်ခိုင်က နှုတ်ခမ်းနီတျာတျာကို အသာကွေး ညွတ်လိုက်ပြီး ကျွန်တော့်ကို မထီတရီ ကြည့်၏။ ပြီးမှ ...

"ဘာအကြောင်းကြောင့်လဲ"

"အဲ့ဒီလို မေးရင် ကိုယ် မဖြေတတ်ဘူး"

"အံ့ဩစရာပါပဲလား မိုရ် ... တို့တော့ သူ့ကို ဘယ်လို ဆက်ပြောရတော့မလဲ ဆိုတာ မစဉ်းစားတတ်အောင်ကို ဖြစ်နေပြီ"

ဆုလတ်မိုရ်က ကိုယ်စားဝင်၍ ...

"ရှင့်ဘက်က အကြောင်းပြချက် ခိုင်ခိုင်လုံလုံ မရှိဘဲ အဓိပ္ပာယ်မရှိ တောင်းဆိုတာ ... ဒီဘက်က မိန်းကလေး





ဂုဏ်သိက္ခာကို အလေးမထားရာ ဂရုမစိုက်ရာ စော်ကားရာ ရောက်နေပြီရှင့်"

"ဒီသဘောမျိုး မဟုတ်ရပါဘူး"

"ဒါဆို ဘာလဲ"

"အရှင်းလင်းဆုံး ဝန်ခံရင် စိတ်ဆိုးသွားမလား"

"ပြောကြည့်လေ"

မေသန့်ခိုင်က ဝင်ပြောလာခြင်းပင်။ ကျွန်တော်ဆက်၍ ...

"လက်ထပ်စာချုပ် ဖြစ်ပေါ်လာတဲ့ အကြောင်းရယ် ... ပျက်စီးသွားရတဲ့ အကြောင်းရယ် ... အဲ့ဒီအကြောင်းရင်းခံတွေကို ကျွန်တော် အရမ်းသိချင်လို့ပါ ... ဒီလိုသိကာစအချိန်လေးမှာ ဒီလိုဝန်ခံပြောပြလိုက်ရင် အလေးမထားရာ စော်ကားရာရောက်မှာစိုးလို့ စကားအမျိုးမျိုး ပလ္လင်ခံပြီး ခင်မင်ရင်းနှီးသွားနိုင်မဲ့ အခွင့်ကို အယူခံခွင့်တောင်းသလို တောင်းရချင်လည်း တောင်းရပါစေ ... ရယူဖို့ အသင့်ပြင်ဆင်ထားတဲ့စိတ်နဲ့ အခုလို မဖြစ်သာလို့ ရှင်းပြလိုက်ရတာပါပဲ"

ဆုလတ်မိုရ်က လှောင်ပြောင်သလို ရယ်မောသွား၏။ မေသန့်ခိုင်က မရယ်။ တည်တည်လေး ကြည့်နေရာမှ ကျွန်တော့်ကို ပြောသလိုလို၊ ဆုလတ်မိုရ်ကို ပြောသလိုလိုနှင့် ...

"သူ့ရဲ့ ရိုးသားပွင့်လင်းမှုကို သဘောကျသွားပြီ ... ခိုင်က အဲ့ဒီလိုမျိုးမှ ကြိုက်တာ"

ထင်ထားခဲ့သည်ထက် ပြောင်းပြန် ဖြစ်နေရသော နားဝင်ချိုချို စကားလုံးတွေကို ကျွန်တော် မယုံကြည်ဝံ့။

"ခိုင် ပေးမဲ့ အခွင့်ကို ခံယူဖို့ အသင့်ပြင်ထားပြီးပါပြီ"

ဆုလတ်မိုရ်က ဝင်၍ ...

"အံမယ်မယ် ... ခိုင်တွေ ဘာတွေ တပ်ခေါ်နေပါလား ... သတိထားတော့ ခိုင်ရေ ... သူ့နည်းသူ့ဟန်က တစ်မျိုး တစ်ဘာသာလေး ဆန်းနေပြန်တယ်"

ဆုလတ်မိုရ်ရဲ့ စကားကြောင့် ခိုင် ခပ်ဟဟာရယ်၏။ ရယ်သွမ်းသွေးခြင်းဟု သတ်မှတ်ရ ခက်သလို၊ အမှန်တကယ် သဘောကျ၍ ရယ်ခြင်းဟုလည်း ခန့်မှန်းရခက်စေသော ရယ်ခြင်းမျိုးပင်။





"တို့ အကြောင်းတွေကို တော်တန်ရုံလူ အဲဒီလို လူသိအောင် ပြောပြတတ်တဲ့အကျင့် မရှိဘူး၊ သိပ်သိချင်နေရင်တော့ သိနိုင်စွမ်းတဲ့ အရည်အချင်းမျိုး ယူ့မှာ ရှိဖို့လိုတယ်"

ဘယ်လို အရည်အချင်းလဲဟု ကျွန်တော် မေးလိုက်မည် ပြင်ပြီးမှ ညံ့ရာကျသွားမှာစိုး၍ ရေငုံနှုတ်ပိတ် ခေါင်းညိတ်ပြလိုက်မိ၏။ မေသန့်ခိုင်က ...

"ယူ သဘောပေါက်သွားပြီ ဆိုရင်တော့ ဒီနေ့ ဒီလောက်ပါပဲ"

ကျွန်တော်က တွေးဆ တွက်မြင်သော စိတ်ကူးဖြင့် အလျဉ်းသင့်ရာ ပြောချလိုက်မိ၏။

"နောက်နေ့ ဘယ်အချိန် ဘယ်နေရာမှာ တွေ့ခွင့်ရနိုင်မလဲ"

ကျွန်တော့်ကို အတင့်ရဲလွန်း၍ အမြင်တိမ်းစောင်း ကြည့်နေသော ဆုလတ်မိုရ်။ မေသန့်ခိုင်က သူမကိုယ်သူမသာ အာရုံထားလွန်းသည့် ပုံစံဖြင့် ကျွန်တော့်ကို ပြန်ကြည့်၏။ ပြီးမှ

မချိုမချဉ်၊ မယဉ်မရိုင်း၊ မတိုးမကျယ်သော လေသံဖြင့် တစ်လုံးချင်း ပီပီသသဖြစ်အောင် တွဲဆက်ပြောချသွား၏။ သူမရဲ့စကားက ...

"ယူ ဆန္ဒရှိသလိုပေါ့" တဲ့။





ကျွန်တော် ဆန္ဒရှိသည် ဆိုသည်မှာ ကျွန်တော့်ခေါင်းနှင့် တွေးတွက် အလုပ်လုပ်တတ်တာ သူမ ရိပ်စားမိဟန်တူ၍ အခွင့်ပေးခဲ့ခြင်း ဖြစ်ဟန်တူ၏။ နောက်နေ့ တွေ့ဆုံခါစ အချိန်မှာ သူမတို့ တိုက်ခန်းကို ကျွန်တော် ရောက်သွား၏။ ဘာမျှအသင့်ပြင်ဆင်မထား။ အိမ်နေရင်း အဝတ်အစားဖြင့် မေသန့်ခိုင် ကိုယ်တိုင် လက်ခံတွေ့ဆုံ၏။ ဆုလတ်မိုရ်က သူမကိစ္စဖြင့် အပြင်ခဏသွားနေချိန်လည်း ဖြစ်နေပြန်သည်။ ကျွန်တော် မေးမြန်း၍ ထိုသို့ သိခွင့်ရခြင်း ဖြစ်သည်။

ကပိုကရို အဝတ်အစားဟု ဆိုလျှင် ရနိုင်လိမ့်မည် ထင်၏။

တီရှပ်တစ်ထည်နှင့် ခဲသားရောင် ထဘီတစ်ထည်ကို ဝတ်ဆင်ထားပြီး ဆံပင်ရှည်တွေကို အုပ်လုံးသိမ်းကာ ညှပ်ကလစ်ဖြင့် ထိုးညှပ်ထား၏။ အိမ်သန့်ရှင်းရေး လုပ်နေသည့် အိမ်ထောင်ရှင် အမျိုးသမီးနှင့်ပင် တူနေသေးတော့သည်။

"ကိုယ် ဆန္ဒရှိတာကို လိုက်မယ်ဆိုရင် သွားကြရအောင်"

မဆိုင်းမတွပင် ထလိုက်လာ၏။ လွယ်လွန်းသူဟု သူမကို အမြင်စောင်း၍ မဖြစ်။ စရိုက်ဆန်းသည်ဟုသာ ဖြည့်တွေးအမြင်တည့်မတ်ရ၏။ သို့ငြား အဝတ်အစားမလဲ၊ အလှမပြင်၊ အိမ်နေရင်းပုံစံဖြင့် ထလိုက်လာသော သူမရဲ့အကျင့်က နည်းနည်းဆိုးလွန်းပါသည်။ လေချဉ်တက်လျှင် ကြက်သွန်ဖြူနံ့ သဲ့သဲ့ပင် ရနေသေး၏။ နံနက်စာကို ကြက်သွန်ဖြူ ထည့်စားခဲ့ဟန်တူ၏။

"အဝတ်အစား မလဲတော့ဘူးလား"

"ဟင့်အင်း ... ဒီအတိုင်းလည်း မကောင်းဘူးလား"

"အင်း ... ပြင်ဆင်လိမ်းခြယ်ပြီး လိုက်လာရင် အဆင်ပြေမယ်နဲ့ တူတယ်"

"အဲ့ဒါမျိုးက စုံတွဲတွေမှ လုပ်ရမှာမျိုးပါ"





အကဲစမ်းလိုက်ခြင်းပေပဲလား။

"မိတ်သင်္ဂဟတွေနဲ့ လျှောက်လည်ရင်လည်း ပြင်ကြ ဆင်ကြတတ်တာ မိန်းကလေးတွေရဲ့ သဘာဝပါပဲ"

"ယူက တို့ကို ဘာကြောင့် ဒီလောက် အလှပြင်စေချင်နေတာလဲ"

တိုက်ခန်းအောက်ကိုသာ စကားတပြောပြောနှင့် ရောက်လာ၏။ ကျွန်တော် ပြောလိုက်၍ သူမ ရုက်သွားပြီး အပေါ်ပြေးတက်ကာ အလှပြန်ပြင်မည့် အထင်တွေ ပါစင်အောင် လွဲမှားရပြန်သည်။

"ဗိုပြီး မိန်းမပီသစေချင်လို့ပါ"

ကျွန်တော့်စကားကို မေသန့်ခိုင် ခပ်ပါးပါးပြုံးပြီး နားထောင်နေ၏။ ပလက်ဖောင်းပေါ် ရောက်လာသည့်တိုင် နောက်လှည့်မည့် အရိပ်အယောင်မရှိ။ ကောင်းကင်မှာ မိုးသားရှိနေ၍ မှိုင်းအုံ့နေ၏။ နေပူဒဏ် သက်သာသည်။ ပလက်ဖောင်းပေါ်မှာ လူသွားလူလာ များလာ၏။ လမ်းမပေါ်မှာ ကားတွေတဝီဝီ။

မေသန့်ခိုင်ကတော့ စလင်းဘက်ကလေး လွယ်ဖို့ မဆိုနှင့် ခေါက်ထီးလေးတစ်ချောင်းပင် ယူမလာ။

ဆံပင်အဖျားလေးတွေ အမြိတ်လို ထောင်နေတာလေး လမ်းလျှောက်လိုက်တိုင်း ဆတ်တောက် ဆတ်တောက် လှုပ်ခါပါလာခြင်းဖြင့် နဂိုယဉ်အဆင်းကို ဆောင်နွှယ်ပြနေမှုသာ သူမ ဂရုပြု အလေးမူနေတာ တွေ့ရ၏။

ကျွန်တော်က အငှားကားတားမည် ပြုသောအခါ ...

"ဘယ်အထိ သွားမှာလဲ"

"သွားရမှာ ဝေးတယ်"

"ဒါဆို မဖြစ်ဘူး ... ဟိုနား ဒီနားမှတ်လို့ လိုက်လာတာ"

"ဒီနားက ဆိုင်ကြီးဆိုင်ကောင်း ရှားတယ်လေ"

"စကားပြောဖြစ်ဖို့ရာ အမှိုက်ပဲ မဟုတ်လား"

မေသန့်ခိုင်က ဦးဆောင်ခေါ်သွား၍ အတန်သင့် သပ်ရပ်သော ကော်ဖီဆိုင်လေးထဲ ဝင်ထိုင်ဖြစ်ကြ၏။

"ယူနဲ့ တို့နဲ့ သိတာ ဘာမှကြာသေးတာ မဟုတ်ဘူး၊ အဲ့ဒီလောက် အဝေးကြီး လိုက်မယ်ထင်ရင် မှားသွားမှာပေါ့"





"ကိုယ့်ကို မယုံလို့လား"

"ဘုန်းမာန် ဆိုတာကလွဲရင် တို့ ဘာမှမသိရသေးဘူးလေ၊ သိထားတော့ တစ်မျိုး စဉ်းစားပေးနိုင်တာပေါ့၊ လိုက်သင့် မလိုက်သင့် ဆိုတာမျိုးကို ပြောတာနော်"

"ဒီနေရာမျိုးမှာ မိန်းမပီသသွားပြန်ပြီ"

"တို့က ယောကျ်ားလျာပုံစံ ပေါက်နေလို့လား"

"မပေါက်ပါဘူး ... ဟောင်ကောင် ကရာတေးမယ်တွေနဲ့ ခပ်ဆင်ဆင်ဘော့ တူနေသလိုပဲ"

ကော်ဖီခွက်တွေ ရောက်လာ၍ စကားပြတ်သွား၏။ တစ်ယောက်ကို တစ်ယောက် အကြည့်ချင်း ဆုံမိလျှင် သူမဖြင့် ဘယ်လိုရှိမည် မသိ၊ ကျွန်တော့်ရင်ထဲကို သူမ အကြည့်တွေက စက္ကန့်ရွေ့ခြင်းနှင့်အမျှ ထိ၏။

ကော်ဖီဆိုင်ထဲမှာ လူကျဲပါးနေလေပြီ။ နေ့လယ်ပိုင်း ထမင်းစားချိန်နား ကပ်နေ၍ ကော်ဖီသောက်သူ လျော့နည်းနေခြင်း ဖြစ်နိုင်သည်။ ကျွန်တော် ပြောမည်အပြုမှာ သူမက ...

"မနေ့က ယူ့ သူငယ်ချင်း ဆိုတာ ဖုန်းဆက်တယ် ... မိုရ်နဲ့ အင်တာဗျူး လုပ်ဖြစ်ရင်း ခင်သွားကြတာဆိုတော့ ယူ့ သူငယ်ချင်းကနေ ပြက္ခဒိန်ရိုက်တဲ့ ဓာတ်ပုံဆရာတစ်ယောက်နဲ့ မိုရ်ကို မိတ်ဆက်ပေးမယ်၊ မိုရ် ပြက္ခဒိန်ရိုက်ဖြစ်ဖို့ စီစဉ်ပေးမယ်လို့ ပြောသွားတယ်"

"သူရနိုင်ကို ပြောတာဖြစ်မယ် ... မေသန့်ခိုင်ကော ဝါသနာမပါဘူးလား"

"မြင်တဲ့အတိုင်းပဲလေ ... တို့နဲ့ အနုပညာအလုပ်က အလှမ်းဝေးပါတယ်"

"တကယ်လုပ်ရင် ဖြစ်နိုင်တယ်"

"အေးအေးနေပါရစေ"

"ဝိုင်းဝိုင်းလည်နေမှာ ကြောက်လို့လား"

"ဖြစ်ချင်နေတဲ့ မိုရ်ကိုသာ ပံ့ပိုးပေးလိုက်ကြပါ"

"မိုရ်လည်းဖြစ် ခိုင်လည်း ဖြစ်သွားကော့ မကောင်းဘူးလား ... တကယ်ဖြစ်မှာမို့ ဒီလောက်ပြောနေတာ"





မြင့်မြင့် - ၈၁၈၈

"လူတစ်ဖက်သား စိတ်ကြီးဝင်ပြီး ဘဝင်ခိုက်အောင် ပြောတတ်တယ်နော် ... ဒါကြောင့် စာရေးဆရာ ဖြစ်နေတာနဲ့ တူတယ် ... ဟုတ်မှာပါ"

ဆုလတ်မိုရ်ကို သူရနိုင်က ဖွင့်ပြောပြလိုက်ပြီ ထင်သည်။ ဆုလတ်မိုရ်က မေသန့်ခိုင်ကို ပြန်ပြောပြလိုက်ဟန်တူ၏။

"ကိုယ်စာရေးတာ သိတယ်နော်"

"အမှန်မဟုတ်လို့လား"

"ဟုတ်ပါတယ် ... ခိုင့်ကို လေ့လာနေတာလည်း စာရေးဖို့ အကြောင်းပါတယ်"

"တို့ ခွင့်မပြုနိုင်ဘူး"

"အမည်ရင်းနဲ့ နေရပ်လိပ်စာတွေ မပါစေရပါဘူး"

"သဘောမတူနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ယူ ... တို့ မေ့ထားတဲ့ အကြောင်းတွေ လာလှန်မနေစမ်းပါနဲ့ ... အသစ်ပြန်မဖြစ်ချင်ဘူး"

"ကိုယ်ကတော့ သိအောင်ကို ကြိုးစားမယ်"

"ယူ့မှာ အဲဒီအရည်အချင်း ရှိလိမ့်မယ်လို့ မထင်ဘူး"

"လူဆိုတာ မသိပါနဲ့ဆိုမှ ပိုသိချင်တတ်တယ် ... သိပါဆိုရင် ဒီလောက် စိတ်ဝင်စားချင်မှ စိတ်ဝင်စားမိလိမ့်မယ်"

မေသန့်ခိုင်က နှုတ်ခမ်းသား မပေစွန်းအောင် ကော်ဖီတစ်ငုံ ငုံလိုက်ပြီး၊ ကျွန်တော့်ကို မျက်လုံးလှန်ကြည့်၏။ ညှို့အား ပြင်းလွန်းပါပေသည်။

"ယူ့ကို ... တို့ အကြောင်း ဖွင့်ပြောချင်တဲ့စိတ် ဖြစ်ပေါ်လာတဲ့အထိ ယူစောင့်ရမှာ ကျိန်းသေတယ်"

"နောက်နေ့ နောက်တွေ့ချိန်တွေမှာ ကျွန်တော်တို့ရဲ့ ခင်မင်ရင်းနှီးမှုကို အချိန်မြှင့်ရတော့မှာပေါ့"

"အဲ့ဒီအတွက် အရင်းအနှီးတော့ ကြီးလိမ့်မယ်"

မျက်နှာတည်သွားသလို စကားလေသံလည်း တည်ငြိမ်နေသည့် မေသန့်ခိုင်ရယ်ပါပဲ။ ရှင်းနေသော မျက်နှာပေါ်မှာ ဖတ်ရှုခံစားမကုန်သော ကဗျာတစ်ပုဒ် ရှိနေ၏။ အရင်းအနှီးဆိုသော စကားရဲ့ အတိုင်းအတာကို ကျွန်တော် သိချင်၏။ မေးမည် ပြင်ပြီးမှ မမေးချင်တော့၍ ခေါင်းညိတ်လက်ခံ ရယူလိုက်သည်။





"တို့က ဒီမှာ ပြန်နေဖြစ်တော့မှာလေ ... အရင်က မိုရ်ရှ်နဲ့ အတူ ကျောင်းတက်၊ အလုပ်ဝင်ဖြစ်ကြတယ် ... တို့ဝင်လုပ်တဲ့ ကုမ္ပဏီက တို့အပေါ် သက်ညှာမှုတွေ အများကြီးပေးတယ်၊ အဝေးသင်ယူပြီး အလုပ်လုပ်ခွင့်ပြုတယ် ... တို့ရဲ့ ရာထူးက အတွင်းရေးမှူးရဲ့လက်အောက်က လက်ထောက်အတွင်းရေးမှူးပေါ့၊ တို့ ကျောင်းပြီးတာနဲ့ လုပ်သက်အတွေ့အကြုံနဲ့ တို့ကို အတွင်းရေးမှူး အဆင့်အထိ တိုးမြှင့်ပေးဖို့ ကုမ္ပဏီက ရည်ရွယ်ထားခဲ့တယ် ... တို့ ကျောင်းပြီးတော့ အဲ့ဒီအလုပ်ကို မလုပ်ချင်တော့တာနဲ့ အလုပ်ထွက်စာတင်ပြီး နယ်မြို့ကအိမ်ဆီ ခဏပြန် နေခဲ့တယ်၊ ဒီနေ့ အတိုင်းအတာအထိတော့ ဒီလောက်သိရရင် တော်ပြီပေါ့နော်"

"ကိုယ့်အကြောင်းကိုရော ဘယ်လောက်သိချင်သေးလဲ"

"တို့ သိစေချင်တယ် ဆိုရင် ပြောပြသင့်သလောက် ပြောပြပေါ့"

"လိုတိုးပိုတိုးလုပ်ပြီး အကြွားသန်ပြတာတွေ ဖြစ်နေရင်ကော တကယ်ယုံမှာလား"

"အဲဒါဆိုလည်း လွယ်ပါတယ်၊ တို့အစား မိုရ်က ယူ့သူငယ်ချင်း ဗျူးဆရာကြီးကို ယူ့အကြောင်းတွေ ဗျူးကြည့်လိမ့်မယ် ... အဲဒီက ထွက်လာတဲ့ စကားတွေနဲ့ တိုက်ညှိကြည့်လိုက်မှာပေါ့"

"ဟုတ်သားပဲ ... သူရနိုင်ကို ပိတ်ထားမယ် ဆိုရင်ကော"

"လွယ်မယ်ထင်လို့လား"

မျက်လုံးလှန်ကြည့်ပြီး ပြောလိုက်သည့် စကား။ ကျွန်တော် ဆွံ့အသွားရ၏။ သူရနိုင် ပါးစပ်မလုံတတ်တာ ကျွန်တော် အသိဆုံးပင်။ အထူးသဖြင့် ပိုးပန်းနေသော ဆုလတ်မိုရ်လို မိန်းမမျိုးက မေးလာလျှင် လိုအပ်တာတွေရော၊ မလိုအပ်တာတွေပါ အိတ်သွန်ဖာမှောက် တုတ်ထိုးအိုးပေါက် ပြောပြမှာ သေချာ၏။ ပြောပြပုံတွေထဲမှာ ...

"ဒီကောင့်ခေါင်းမှာ ဒက်တွေရှိတယ်၊ ဒူးခေါင်းမှာလည်း အနာရွတ်တွေနဲ့၊ ဒီကောင် ငယ်ငယ်ကဆို သိပ်ညစ်ပတ်တတ်တဲ့ အကျင့်ရှိတာ ... လေလည်ပြီးရင် လည်လိုက်တဲ့





လေကို လက်သီးဆုပ်နဲ့ ဆုပ်ဖမ်းထားတယ်လေ၊ ပြီးရင် ကျွန်တော်တို့ကို သိပ်မွေးတာပဲ ဘာနံ့လဲ မသိဘူး ရှူကြည့်စမ်း ဆိုပြီး ညာရှူခိုင်းတယ်၊ ဒီကကောင်တွေက အဟုတ်မှတ်လို့ အားရပါးရ ရှူလိုက်တာ ... ထွီ ... အခုပြောရင်းနဲ့တောင် အဲ့ဒီ အနံ့ကြီး ပြန်နံလို့ အော်ဂလီဆန်ချင်လာပြီ၊ ဒီကောင် မလွယ်ဘူးမိုရ်"

စသည့် ငယ်ကျိုးငယ်နာတွေပါ ဖော်ပြောမှာ ကျိန်းသေ၍ မေသန့်ခိုင်ကို လွယ်လွယ်နှင့် ပြန်လည်အာမခံ မပြောနိုင်ရခြင်း ဖြစ်နေသည်။ မေသန့်ခိုင်က အကင်းပါးနပ်ပုံ ရ၏။ အဖြေရ ကျပ်နေတာကို အတင်းနင်းပြီး မမေး။ ပြန်ကြဖို့ လော်ဆော်ပြီး အကျႌအိတ်ထဲမှ ကော်ဖီဖိုး ထုတ်ရှင်းနေ၏။ ကျွန်တော် အတင်းလုရှင်းရ၏။ အပြန်လမ်းမှာ လက်တစ်ထွာအကွာအဝေး အတိုင်း ကိုယ်စီလျှောက်လှမ်းရင်း ထွေရာလေးပါးတွေ ကျွန်တော် ပြောလာသလောက်။ မေသန့်ခိုင်က မလိုအပ်တာတွေအပေါ် ငြိတ်မရောက်သလို နားထောင်ရင်းဖြင့် တိုက်ခန်းအောက်ကို ပြန်ရောက်လာဖြစ်ကြ၏။

အမှန်တော့ မေ့သန့်ခိုင်က ကျွန်တော့်လို လူတစ်ယောက်ကို စိတ်ကြိုက် ကလူကျီစယ်နိုင်ခွင့် ရှိသည်ထင်၍ ရင်ကို ဖွင့်ကစားနေခဲ့ခြင်းသာ ဖြစ်သည်။

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီအထင်နှင့် ကြော့ကွင်းကြီးကွင်းကို လည်ဆွဲတန်ဆာ ထင်မှားရကာ လည်တိုင်ဖြင့် အတင်းလိုက်စွပ်ခံချင်နေသူ ငမိုက်သားအသွင်။

ရာဇဝင်ရှိရင် ရေးပါ ...
မင်းကလွဲရင် ...
ငါ့ရင်ထဲမှာ လုံးဝဗလာနတ္ထိ ...
စိတ်ရှိလက်ရှိ ခံစားကြည့်ပစ်လိုက်။





"မြွေမြွေချင်း ခြေမြင်တယ်ဆိုတဲ့ စကားက မင်းနဲ့ငါ့ကြားကို ရောက်လာပြီ သူ့ရ၊ မင်းကို ငါ အခုပြောပြခဲ့သလိုပဲ ဆုလတ်မိုရ်ကြ တစ်ဆင့် မေသန့်ခိုင် စုံစမ်းတာတွေ လုပ်လာရင် မင်း အမှန်အတိုင်း ပြောဖို့တော့ လိုတယ်၊ ပေါက်ကရတွေ လျှောက်ပြောရင်တော့ ကျောကော့ပြီသာမှတ်"

"ငါ ပြောတတ် ဆိုတတ်ပါတယ် ဘုန်းမာန်ရာ ... ငါ့ကို မမေးဘဲ၊ ဒီကောင် ဒီဃကို မေးနေမှ ... ဒီဃက ငါတို့ထက်ကို ထွင်ပြောတတ်တဲ့ကောင်၊ အရောင်းမြှင့်တင်တဲ့ ကောင်မလေးတွေ သူ့ဆီ ပစ္စည်းလာရောင်းတာတောင် သူ့ကို ရည်းစားစကား အတင်းလိုက်ပြောတာပါ ဆိုတာမျိုး လုပ်ချင်တတ်တာ၊ ကျောင်းမှာတုန်းက အဖြစ်ကို မင်းမှတ်

မိသေးတယ် မဟုတ်လား … ခင်သန္တာသက်ချိုပြုံးကြီးကို မင်းနဲ့ငါက လုကြိုက်နေပါတယ်ဆိုပြီး အဲ့ဒီဖက်တီးမကြီး ဆီက ကျွေးသမျှ အကုန်တီးပြီး ရောသောဖောသော ဝင် လုပ်ခဲ့တာ ဒီကောင် ဒီဃလေ … ဖမ်တီးမကြီးက အဟုတ် မှတ်လို့ မင်းနဲ့ ငါ့ကို အထာတွေ စွတ်ပေးတာ … ငါတို့ ကလည်း ရိုးရိုးခင်တာမှတ်လို့ နောက်ပြောင်လိုက်မိရော၊ နောက်တော့ ငါတို့သွားရာ အတင်းလိုက်ပြီး အိမ်မပြန်တော့ ပါဘူး၊ ရှင်တို့နှစ်ယောက် ကျွန်မကို လှည့်စားမနေပါနဲ့ ကြိုက်တဲ့လူ အမြန်ရွေးယူပါဆိုပြီး တောက်တဲ့ကပ် ကပ်နေ လို့ ကျောင်းကိုတောင် တစ်ပတ်လောက် ပြန်မတက်ရဲခဲ့ တာ မှတ်မိတယ် မဟုတ်လား”

“ဟုတ်တယ် … ဒီကောင် ဒီဃက အချွန် …”

ကျွန်တော်တို့နှစ်ယောက် ဝိုင်းပြောနေတာကို သီချင်း နားထောင်နေရာမှ ဒီဃ ကြားသွားပြီး …

“ငါနဲ့ အဝေးကြီး၊ မင်းတို့ ဂေါရေးဂေါ်ရာတွေထဲမှာ ပဲလှော်ကြား ဆားညှပ်သလို အဖြစ်မခံနိုင်ဘူး၊ သန့်သန့်





လေး နေပါရစေကွာ၊ ကျောင်းတုန်းက အကြောင်းတွေ ပြီးခဲ့ပြီ၊ နောက်ကြောင်းပြန်နှုူးမနေနဲ့ … မင်းတို့ချင်းသာ လိုင်းမပူးအောင် ကြည့်ရှောင်ကြ”

“ဘာပူးစရာလိုလဲ … ငါက မိုရ်နဲ့လေ … ဘုန်းမာန်က မေသန့်ခိုင်၊ ရှင်းရှင်းလေးပဲ … ငါတို့ချင်း အပေးအယူမျှမျှ နဲ့ ဝင်သွားရင် ဒီပွဲမှာ ဒိုင်းလား ဖလားလား တစ်ခုခုက တော့ အသေအချာပဲ”

ဒီဃ မဲ့ရွဲ့သွား၏။ ကျွန်တော်က …

“သူရနဲ့ ဆုလတ်မိုရ်တို့က ဖြစ်ရိုးဖြစ်စဉ်အတိုင်း ရည်းစား အဖြစ်ကို ရောက်ချင်ရောက်သွားလိမ့်မယ်၊ ငါနဲ့ မေသန့်ခိုင် က ဖြစ်ရိုးဖြစ်စဉ် မကျဘဲနဲ့ ဆက်သွားနေရတာ၊ ရည်းစား ဘဝဆိုတာ ငါ့ဘက်ကထား၊ မေသန့်ခိုင်ဘက်က သေချာ ရေရာမဲ့ပုံ သိပ်မပေါ်ဘူး၊ ပြောရရင် ဘာမှန်းမသိပါဘူး ကွာ၊ ငါ သိချင်တာ သိခွင့်ရပြီးရင် ပြန်ခေါက်လာရလိမ့် မယ်နဲ့ တူပါတယ်”

ဒီဃက လက်ဖျောက်တစ်ချက်တီးပြီး …

"အဲဒီမှာ … ငါ ထောက်မေးစရာ တစ်ကွက်ရှိနေတယ် … ဘုန်းမာန် အငံနေနဲ့ လူတစ်ယောက်နဲ့ လက်ထပ်တဲ့အဆင့် အထိ ရောက်ဖူးတဲ့ မေသန့်ခိုင်ကို စိတ်သန့်နိုင် မသန့်နိုင် ဆိုတဲ့ အချက် … အဲ့ဒီအချက်ကို ဘုန်းမာန် ဘယ်လိုတွက် ထုတ် ဖြေရှင်းမလဲ"

"မေသန့်ခိုင်က လက်ထပ်ခြင်းစည်းမျဉ်းထဲ ရောက်ပြီးမှ ပြန်ကွေ့လာတာလား၊ မရောက်ခင်မှ ပြန်ကွေ့လာတာလား၊ ရောက်လုရောက်ခင်မှာ ပြန်ကွေ့လာတာလား၊ အဲ့ဒါကို တိတိကျကျ သိရရင် ငါ ဆုံးဖြတ်လို့ရပြီ"

"လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ရေးထိုးပြီးပြီလေကွာ၊ လက်ထပ်ပြီးသား ဖြစ်မှာပေါ့"

"လက်ထပ်ပြီးစီးပေမဲ့ မင်္ဂလာဦးညကို မဖြတ်သန်းရသေးတဲ့ သတို့သမီးလိုမျိုး ဖြစ်နေရင် ရောက်လုရောက်ခင် အခြေအနေမှာ ပြန်ကွေ့လာတာပဲ၊ အဲ့ဒါမျိုးဆို ငါ စိတ်ရှင်းတယ်"

"လွန်သွားရင်တော့ လွှတ်ပေးလိုက်တော့မယ်ပေါ့"





ဒီဃက စစ်စစ်ပေါက်ပေါက် မေးနေ၏။ ကျွန်တော် ခေါင်းဆတ်ပြလိုက်မိ၏။ သူရက …

"ဒါတွေ ထားပါဦး၊ ငါတို့နှစ်ယောက် အတွဲရဖို့ လမ်းပေါ် လျှောက်နေပြီ၊ မင်းမှာ ဘယ်မှာလဲ အတွဲ၊ တစ်ယောက် တည်း ငေါင်ကျန်ခဲ့မယ်နော် ဒီဃ"

"တွဲချင်ရင် လွယ်ပါတယ်ကွာ"

"ကြိုးစုန်လိုက်မယ်ပေါ့"

"ဘယ်ကလာကွာ … နိုက်ကလပ်မှာ ပူစီတွေမှ ပြွတ်ခဲနေတာပဲ၊ ခေါင်ဆိုတာကို ခေါက်ရွေးပြီး တွဲလို့ရတယ်"

"မတူဘူးလေကွာ"

"ဘာကွာလို့လဲ သူရရာ"

"ရေချင်းတူပေမဲ့ ရေကောင်းရေသန့်နဲ့ ရှီးရှီးရေက ကွာခြားသေးတယ်၊ လေချင်းတူရင်လည်း ဒီလိုပဲ လေကောင်းလေသန့်နဲ့ ရှီးရှီးလေက ကွာနေပြန်ရော၊ ဟုတ်တယ်မဟုတ်လား ဒီဃ"

"ဟုတ်ပါတယ်၊ လူကောင်းလူသန့်ကြိုးရယ်၊ သေတော့ လည်း ခြောက်ပေကျင်းထဲ ရောက်သွားတာပဲ မဟုတ်လား"

"မတူဘူးလေ၊ အုတ်ဂူသွင်းလိုက်တော့ ကျင်းထဲမရောက်ဘူး၊ မီးသဂြိုဟ်လိုက်တော့ ခိုအိမ်ထဲရောက်ရော၊ ရိုးရိုးကတော့ ဖျာပတ်ပြီး ကျင်းထဲရောက်ရော"

အမင်္ဂလာစကားတွေ ပါလာ၍ ကျွန်တော် ဝင်တားၐ၏ မရ။ ဒီနှစ်ကောင် စကားငြိလျှင် ရေဆုံးရေဖျား ရှင်းတတ်ကြ၏။ နောက်ဆုံး ညစ်တီးညစ်ပတ်တွေ ပါလာ၏။

သူရနိုင်က ဆုလတ်မိုရ်ကို ပြက္ခဒိန် ရိုက်ပေးသူနှင့် မိတ်ဆက်ပေးစရာရှိသည်။ ချိန်းဆိုထားသော အချိန်ရောက်လျှင် အားလုံး သွားကြမည်ဟု ခေါ်၏။ အလုပ်ကို ဦးစားပေးရမည်ဖြစ်၍ ကျွန်တော် မလိုက်တော့။ ပြက္ခဒိန်ရိုက်ဖြစ်သည့်အခါ တစ်ဖက်မှ မေသန့်ခိုင် ပါလာသလို သည်ဘက်မှလည်း ကျွန်တော် လိုက်တွေ့ဖြစ်မည်မှာ အသေအချာ။

ဤသို့ တွေးမိသည်နှင့် ကျွန်တော့်ရင်ထဲမှာ မေသန့်ခိုင် နေရာဝင်ယူနေပြီ ဆိုတာကို ဘာသာရိပ်စားနားလည်လိုက်မိ၏။

အချစ်နှင့်ကြည့်လျှင် ဘယ်လောက်အထိ ကျွန်တော် မြင်သိနိုင်မလဲ။





အချစ်ပျက်ခဲ့ဟန်တူသော ...

လက်ထပ်ခြင်း ပျက်သုဉ်းခဲ့သော မေသန့်ခိုင်ရဲ့ဘဝမြို့ပျက်ကြီးပေါ်မှာ ကျွန်တော် အလံထူမိမှာပဲ စိုးရိမ်၏။

"အချစ်"နှင့်"ဘဝ" ပျက်သုဉ်းခြင်းကင်းပသော "နေ"နှင့်"လ"ပမာ ရှိနေကြမည်ဆိုလျှင် တိမ်ညိုတိမ်မည်း အထပ်ထပ်စွဲပြီး ပိတ်ကွယ်ကာ ထားပါစေ ရင်ကသိုဏ်းဖြင့် ရှုတိုင်းမြင်နေစေရမည်။

"ဒီနေ့ တို့မွေးနေ့လေ၊ ကုသိုလ်တွေ အများကြီး ယူချင်လို့ ဘုရားလာဖူးတယ်၊ သက်သတ်လွတ်စားမယ်၊ သိလငါးပါး ကို လုံအောင်ထိန်းမယ်၊ ဒါကြောင့် စကားများများပြော ရင် အပြစ်သင့်တာတွေ ပါမှာကြောက်လို့ တမင်စကားနည်း မိတာ၊ မကြာခင် တို့ သင်တန်းတွေ တက်ရတော့မယ်၊ စကားပြောသင်တန်းတွေ၊ အဆင့်မြင့် အတတ်ပညာသင် တန်းတွေ ပြိုင်တူတက်ရမှာ၊ ဒီမှာ ကုမ္ပဏီလာဖွင့်သွားဖူး တဲ့ အလုပ်ရှင်က တို့အတွက် သူ့ရဲ့ဌာနေမှာ အလုပ်ခန့် အပ်ချင်နေတယ်၊ စာနဲ့ငွေတွေ ပို့ပေးတယ်၊ ဒီမှာပြီးစီး တတ်မြောက်လာရင် ဟိုမှာ အခန့်သင့်ဖြစ်အောင်လို့ပေါ့ လေ ... အဲ့ဒီလို အလုပ်တွေ ရှုပ်လာရင် ဖိအားတွေ များပြီး ကောင်းမှုကုသိုလ် လုပ်ဖြစ်ချိန် နည်းသွားချင်သွား မှာ ... အားတဲ့အချိန်လေး ဖိလုပ်ထားရတာလေ"

မေသန့်ခိုင်ရဲ့ ရည်ရွယ်လမ်းကို သိလိုက်ရသည့်ခဏ ကျွန်တော့်စိတ်တွေ ညှိုးချုံးကျသွားမိ၏။ သို့ပြောသော် မာန်နှင့်ဆွဲတင်ပြီး ...





"နောက်ဆို ကိုယ့်အတွက်ကော အချိန်ပေးနိုင်ပါဦးမလား"

"မပြောတတ်သေးဘူး၊ ဒါပေမဲ့ မပူပါနဲ့ ..."

သူမက စကားတန့်ပြီး ကျွန်တော့်ကို ကြည့်၏။ ကျွန်တော်က သူမ ဆက်ပြောလာချိန်ကို ရိဝေစွာ စောင့်နေလိုက်၏။

"ပိုဆိုးသွားမှာထက် ပိုဆိုးစရာ မရှိတော့ပါဘူး"

ဟာသဖောက်သလို နောက်ရွတ်၏။ သူမဟာသကို သူမဘာသာ သဘောကျသလို ခပ်ရွှင်ရွှင်ရယ်၏။ ဒါမျိုးကျပြန် တော့ အပြစ်ရှမှာ ကြောက်သည့်စိတ်တွေ အိုဗာစတေး ရှောင်နေ ကြရော့ထင်။

"ယူ့ တစ်ခုခု ဖြစ်နေသလား"

"ကိုယ် စိတ်ဓာတ်ကျနေတယ်"

"ယူ့ဘာသာယူ ညံ့ဖျင်းတဲ့ အကြောင်းကို ကြွားလုံးထုတ် နေတာလား"

"ချောက်ကမ်းပါးကြီး ခြားနေတဲ့ တောင်နှစ်လုံးကိုမှ ကိုယ် တို့နှစ်ယောက်က တစ်ဖက်စီကနေ တက်ခဲ့မိနေသလိုပဲ"

"ယူက တို့နဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ မျှော်လင့်ထားလို့လဲ"

ရဲလွန်းသည့် မေးခွန်း။ ကျွန်တော့် ရင်ထဲ လှုပ်ရှားလွန်းနေပြီ။ မေသန့်ခိုင်ရဲ့ မှုပိုင်အကြည့်က ကျွန်တော် သတိကို ထိန်းညှိမရအောင် ညှို့ဆွဲဆောင်နေ၏။ လတ်တလော ပြန်ပြောရမည့် အဖြေ။ ရင်ထဲအရှိအတိုင်း ဖြေလိုက်ချင်သည်။ သို့ပြား ...

"အများကြီးပဲ"

"အဓိကတစ်ခုကို ပြော ... ဒါပေမဲ့ အခုမပြောနဲ့၊ နောက်တစ်နေ့နေ့မှာပြော"

"မင်္ဂလာယူနေတဲ့ အချိန်မှာ အမင်္ဂလာ ဖြစ်သွားနိုင်စရာရှိလို့ အချိန်ရွှေ့လိုက်တာလား"

ကျွန်တော့်အမေးကို သူမက ခေါင်းလေးလွဲပြီး ကားလှမ်းတားခြင်းဖြင့် (မကြားချင်ယောင်ဆောင်၍) တုံ့ပြန်လိုက်၏။

ထပ်၍မေးနေလျှင် သူမ စိတ်ငြိုငြင်သွားပြီး မင်္ဂလာယူထားသော အကြည်ဓာတ်ကလေး ပျက်သွားမှာကို စိုးရိမ်ပေးလိုက်ရပြန်သည်။





အပြန်လမ်းမှာ လာစဉ်ကထက်ပို၍ နှုတ်ဆိတ်သိပ်သည်းလွန်း၏။ လမ်းခွဲသည့်အခါ တစ်ဦးကိုတစ်ဦး နှုတ်ဆက်သံမှာလည်း လှိုက်သံတွေ ပါနေပြန်သည်။ အကြည့်ချင်း မဆုံမိအောင် သူမ ဘာလို့ အားထုတ်နှုတ်ဆက်သွားရပါသလဲ။ ရုတ်တရက် အေးစက်သွားသော ဆက်ဆံရေးကို နားမလည်နိုင်။

ထိုနေ့ တစ်နေ့လုံး မေးခွန်းတွေဖြင့် ကျွန်တော် ကျကွဲသွား၏။

မင်းနဲ့ ပတ်သက်ပြီး ကိုယ့်ဘက်က မျှော်လင့်ထားတာတွေ အများကြီးမှ အများကြီးပါပဲ မေသန့်ခိုင်။ အ,မင်္ဂလာဖြစ်သွားလောက်တဲ့အထိ အပြစ်ဖွဲ့လွန်းတာတော့ လွန်လွန်းပါတယ်။ ရင်ကို နင်းခြေတဲ့စကားမျိုး မပြောပါနဲ့။

ရင့်သီးမှုဆိုတာကမှ အ,မင်္ဂလာနဲ့ အကျုံးဝင်တာပါ။

ကိုယ်လိုကောင်က မင်းကို ဆွဲဆောင်နေတာ ရင်တွင်းစွဲလမ်းမှုကြောင့် သက်သက်ပါ။ ဘယ်လိုမကောင်းတဲ့ စိတ်မှ ရိပ်ရိပ်ကလေးတောင် မပါစေရဘူး။

ဘဝနှစ်ခု ဆက်စပ်မှုမှာ အချစ်ဟာ အဓိက အကြောင်းတရား တစ်ခုပါ။ အမြစ်နဲ့ မကင်းတဲ့ သစ်ပင် မရှိသလို၊ အချစ်နဲ့ကင်းတဲ့ လူသားဆိုတာ မရှိပါဘူး။ လူတိုင်းဘဝ





မှာ အနည်းဆုံး တစ်ကြိမ်တစ်ခါတော့ အချစ်ကို တွေ့ရှိရင်ခုန်ခဲ့ကြဖူးပါတယ်။

အဲဒါကို အပြစ်လို့ ဆိုခဲ့ရင် ဖြစ်ချင်တာဖြစ် ကြိုက်တဲ့ဒဏ်သာ ကိုယ့်အပေါ် သင့်ပါစေတော့။ အဲဒီဒဏ်နဲ့ အစစ်အမှန်မင်းကို ဆက်ပြီး တုံ့ပြန်သွားမှာက အမြင့်မြတ်ဆုံး ချစ်ခြင်းတွေပါပဲ။

ခံစားချက် ရူးစိုက်ပြီး အချစ်ကြောင့် အရူးအမူးမိုက်မဲသူမျိုးတော့ ကိုယ် မဖြစ်လိုရိုး အမှန်ပါ။

ရင်အသည်းက စစ်မှန်တဲ့ အစွဲမှာ မေသန့်ခိုင်သာ အမြဲရှိနေပါတယ်။ မေတ္တာရင်နှင့် သစ္စာဖြစ်သော သမုဒယတွေက တစ်သက်လုံး မင်းဆီသို့သာ စေစားနေမယ်။

မင်းအကြောင်းကို သိချင်လို့ အရင်းခံ ချဉ်းကပ်ခဲ့ပေမဲ့ မင်းရင်ထဲက ကိုယ့်အပေါ်ထားတဲ့ ခံစားမှုကို အဓိကသိချင်စိတ်က ပိုလို့ပြင်းပြပါတယ်။

အချစ်နဲ့ ဘဝကို တစ်ထပ်တည်း ကျွှင့်ပြုပါ မေသန့်ခိုင်ရယ်၊ အလိုရမ္မက်နဲ့ အပိုတွေဖွက်ဖက်ပြီး ပြောနေတာမျိုး မဟုတ်ရရိုး အမှန်ပါ။

ချစ်ခြင်းအယူခံနဲ့ တူတန်တဲ့ ပေါင်းဖက်မှုမျိုးကို မျှော်ကိုးရင်မောနေရသူပါ။ မင်းနဲ့တွေ့ခွင့်ရရင်၊ မင်းအကြောင်းကို ကြားနေရရင်၊ မင်းနဲ့ ပတ်သက်သမျှကို တွေးနေရရင် အရာရာ မေ့ပြီး တငွေ့ငွေ့ ကြည်နူးချမ်းမြေ့နေမိတယ်။ အဲဒါ အချစ်မဟုတ်ဘူးလို့ ဘယ်သူငြင်းရဲမလဲ။ အချစ်ရှိရင် ကမ္ဘာပေါ်မှာ ဘယ်လိုစစ်ပွဲမှတောင် ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ အချစ်လုပြိုင်မှုနာလိုခံခက် ဒေါသအမျက်တွေနဲ့ စစ်ပွဲဖြစ်ချင် ဖြစ်တတ်ကြတာပါ။ တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးနေသမျှ တစ်လောကလုံး နေပျော်စရာတွေချည့်ပါပဲ။

ဘာဆုတောင်းလဲလို့ မမေးခဲ့မိတာ ကိုယ့်လိုအပ်ချက်ပါပဲ။ အတူတွဲခွင့် ရနေတာတောင် ကိုယ့်မှာ မရဲမဝံ့ ဖြစ်နေရတယ်။ အခွင့်အရေးယူသူ တစ်ယောက်လို့ မှတ်ထင်မှားပြီး စိမ်းကြည်သွားမှာ စိုးမိတယ်လေ။

မင်းမျက်ဝန်းထဲမှာ အချစ်တွေ ခိုလှုံနေတာ ကိုယ်မြင်တယ်၊ ကိုယ့်မျက်ဝန်းတွေမှာ အချစ်တွေ တောက်ပလင်းလျှံနေတာ မင်း မမြင်နိုင်တာ မမြင်ချင်ယောင် တမင်ဆောင်နေတာလား။





ကမ္ဘာဦးကျမ်းမှာ ဖိုနဲ့မရဲ့ ပထမဦးဆုံး အနမ်းက အချစ်ပွင့်တယ်၊ ချစ်ခြင်းရဲ့ သမိုင်းဦးက အနမ်းတွေက ဖူးပွင့်လာတယ်။

ကိုယ်တို့ကြားမှာ အနမ်း မလိုပါဘူး။

တစ်ယောက်ကို တစ်ယောက် တမ်းတမ်းတတ ကြည့်နေချိန်လေး ခဏကို လှလှပပလေး ရလိုက်ဖို့ပဲ လိုပါတယ်။ ဒါပေမဲ့ ကိုယ် တမ်းတမ်းတတ ကြည့်လိုက်တိုင်း အကြည့်လွှဲဖယ်သွားတဲ့ မင်းကြောင့် ကိုယ့်မှာ စိုးရိမ်စိတ် အစွဲတွေ နှောင့်ယှက်တာ ခံလိုက်ရပြီး မယုံမရဲနဲ့ ရင်အစွဲတွေ ပိုလို့သာ ကဲလာရတယ်။

ချစ်ခြင်း တစ်ယှသန်တယ် ထင်ရင်လည်း ...

အယူခံဝင်ဖို့ အမြဲအသင့်ရှိတယ်။

ဒီရင်အသက်နဲ့ ရှင်လျက်ရှိနေသမျှ ကိုယ့်ရင်ရဲ့ အရှင်သခင်က မေသန့်ခိုင် ဆိုတဲ့ မင်းတစ်ယောက်ပဲ ဖြစ်နေစေရမယ်။

ဘယ်သူ့ကိုမှ သရဖူ မလွှဲဘူး၊ ရင်ထဲရှုံးမတတ် မင်းကို ချစ်တယ် မေသန့်ခိုင်။

ပြက္ခဒိန်ရိုက်ဖြစ်သည့်နေ့ကို ရောက်လာ၏။ ဂေါက်ကလပ်တစ်ခုမှာ ရိုက်ကူးနေခြင်း ဖြစ်၏။ ဝတ်စုံတစ်စုံနှင့် အိုက်တင်အမုံပုံကို ပုံတွေများစွာ ရိုက်ယူ၏။ သုံးလေးနေရာလောက်မှာ စိတ်ကြိုက်ရိုက်ကူးနေကြစဉ် ဆုလတ်မိုရိ အနားမှာ အားပေးနေသော မေသန့်ခိုင်နှင့် ကျွန်တော်တို့ မြက်ခင်းလွင်ပြင်ပေါ် လမ်းလျှောက် စကားပြောဖြစ်ကြပြန်၏။ စိမ်းစိမ်းစက်စက် နေဖြစ်ခဲ့သော သုံးလေးရက်မှာ မတွေ့ဖြစ်ကြတာတွေ ပြန်ပြောဖြစ်ကြသည်။

"မင်္ဂလာယူတဲ့နေ့က မေသန့်ခိုင် အမှုအရာတွေ အိမ်ပြန်နှုတ်ဆက်ချိန်မှာ အေးခဲသွားတာ ကိုယ် တော်တော်နားလည်ရ ခက်သွားတယ်"





"အထင်လွဲသွားတယ်ပေါ့"

"အမှန်လွဲနေမှာ စိုးတာပါ"

"တို့ ပြောရင် အံ့သြသွားမယ်နဲ့ တူတယ်၊ တို့ကလည်း သူထင်သလို ထင်မိခဲ့တယ်၊ အဲဒီနေ့က ယူ့ မျက်နှာ ခဏခဏ ပျက်နေတာ ယူ သတိထားမိရဲ့လား"

"မေသန့်ခိုင်ရဲ့ ရှေ့ရေးအစီအစဉ်ကြီးကို သိလိုက်ရတော့ ကိုယ့်အနေနဲ့ ဟန်မဆောင်စတမ်း စိတ်မာတ်ကျသွားမိတယ်၊ ကိုယ်က ဟန်ဆောင်အတတ်မှာ သိပ်ညံ့ဖျင်းတာ... ရင်ထဲရှိတာ မျက်နှာမှာ ပေါ်နေတော့တာပဲ"

"ဒီကကိုကော ဟန်ဆောင်ကောင်းတဲ့သူလို့ ထင်နေအားလား ... ထင်တဲ့အတိုင်း ပြောနော်"

ကျွန်တော့်ကို တန်ပြန် အကျပ်ကိုင် မေးနေပြန်၏။ ကျွန်တော် ဖြေရခက်နေသဖြင့် မြက်ခင်းပေါ်မှာရပ်ပြီး လာလမ်းအတိုင်း နောက်ပြန်ကြည့်လိုက်၏။ ပြက္ခဒိန် ရိုက်နေကြသော အဖွဲ့သားတွေ ပစ္စည်းပစ္စယ သိမ်းနေကြတာကို လှမ်းတွေ့လိုက်ရ၏။

"ဘယ်လိုလဲ ... မပြောတော့ဘူးလား"

ကျွန်တော် ပြုံးပြီး ထပ်မံနှုတ်ဆိတ်နေလိုက်သော အခါ သူမက ....

"ဒါကို မပြောချင်လည်း နေ ... ဘုရားသွားတဲ့နေ့က ဘုရားပေါ်က ပြန်ဆင်းပြီး ကားလမ်းပေါ် လျှောက်ခဲ့ကြတဲ့ အချိန်မှာ ကျွန်မက မပြောနဲ့လို့ တားမြစ်ခဲ့တဲ့ အဓိကတစ်ခု ကိုတော့ မဖြစ်မနေ ပြောပြရလိမ့်မယ်"

"မေသန့်ခိုင်နဲ့ ပတ်သက်ပြီး ကိုယ့်ဘက်က မျှော်လင့်ချက် အများကြီးထဲက တစ်ခုကို ဖွင့်ပြောရမှာလား"

"ယူ ... မှတ်ဉာဏ်ကောင်းသားပဲ"

"မေသန့်ခိုင်မှာ လက်ရှိ တရားဝင်ချစ်သူ ရှိနေပြီလား"

"ယူ ဖြေရမှာလေ ... တို့ကို ပြန်မပေးနဲ့"

"ကိုယ့်အဖြေက အဲ့ဒီရလဒ်အပေါ်မှာ တည်ဆောက်ရမှာ မို့ပါ"

မေသန့်ခိုင် ခပ်ရှရှ ပြုံးသွား၏။ စိမ်းစိမ်းကြီး စိုက်ကြည့်ရင်း ...





"မရှိဘူး"

"အဲ့ဒီ မရှိတဲ့ နေရာမှာ ကိုယ့်ကို ရှိခွင့်ပေးပါ"

မေသန့်ခိုင် ဘုရားတ,သွား၏။ လှလှပပလေးမဲ့ခနဲ ပြုံး၏။ ရပ်နေရာမှ လာလမ်းအတိုင်း ရှရှလေး လျှောက်လှမ်းထွက်သွား၏။ နှုတ်တုံ့မပြန်။ ချစ်ခွင့်ပန်ခြင်းကို အရိပ်အယောင်မျှပင် တုံ့ပြန်လိုသော အမူအရာမရှိ။ ကျွန်တော် ခြေပစ်လက်ပစ် ကျန်ရစ်ဖြစ်ရလေပြီလား။ မေသန့်ခိုင် နောက်ကို အမီလိုက်သွားရင်း စကားခင်းဖို့ နှုတ်ပြင်ကာမှ စိုးရိမ်စိတ်က လည်ဝမှာတစ်စို့ နေရပြန်သည်။

မေလို့ ခေါ်ရမလား ...

သန့်လို့ ခေါ်ရမလား ...

ခိုင်လို့ ခေါ်ဖူးခဲ့မည် ထင်၏။ ဖြစ်ချင်ရာဖြစ် မေသန့်ခိုင်ရဲ့ ရှေ့မှ ကျွန်တော် ပိတ်ရပ်လိုက်၏။ ဘာသဘောလဲဟူသော အကြည့်ဖြင့် မေသန့်ခိုင် ပြန်ကြည့်၏။ ကျွန်တော်က စိတ်လှုပ်ရှားလွန်းသော အမူအရာဖြင့် ...

"ကိုယ့်ကို တစ်ခုခု ပြန်ပြောပါလား"

"ရှိသင့်တဲ့အချိန်ကို မရောက်သေးဘူး ဘုန်းမာန်"

"ကိုယ် စောင့်နိုင်ပါတယ်"

"တကယ့် တကယ်တော့လည်း ယူဟာ သူလိုကိုယ်လို ယောက်ျား တစ်ယောက်ပါပဲလား၊ တို့နဲ့ ခင်မင်ပြီးရင် ချစ်ခွင့်ပန်ချင်ကြတဲ့ ယောက်ျားတွေချည်းပဲ တွေ့ခဲ့ရတယ်၊ အဲ့ဒီအထဲကမှ တို့အကြောင်းကို သိချင်ရုံသက်သက်နဲ့ ခင်မင်ခွင့်ရလာတဲ့ယူဟာ ထူးမခြားနား ဆိုလာတော့ ယူဟာ တို့ စိတ်ဝင်စားလောက်တဲ့ ခပ်ဆန်းဆန်းယောက်ျား တစ်ယောက် မဟုတ်တော့ပြန်ဘူး၊ ပုံသေနည်းကျဆန်တဲ့ ပျင်းစရာ အတွေ့အကြုံတွေ ထပ်တွေ့လာရဦးမယ်၊ အဲ့ဒီ အပေါ်မှာ တို့ ရင်ခုန်သံမဲ့နေခဲ့တာ ကြာပြီ၊ စောင့်ချင် ရင်လည်း သဘောပဲ၊ နှစ်တွေ ဆွေသွားရင် ယူ့ဘာသာ နားလည်ပြီး နောက်ဆုတ်သွားမှာပေါ့"

မေသန့်ခိုင်ရဲ့ ငြင်းချက်က အမျက်မပါဘဲနှင့် ပြင်းထန်၏။ ကျွန်တော့်ကို ကျေ့ရှောင်ထွက်သွားသောအခါ ငူငူကြီး ရပ်ကျန်ရစ်ခဲ့ရပြန်သည်။





ခပ်ဆန်းဆန်း ယောက်ျားမှ စိတ်ဝင်စားပါသတဲ့လား။

ကျွန်တော့် တာပ်မက်စိတ်တွေ ဦးစားပေးမိလိုက်တာ မှားပြီ၊ ယစ်မူးစိတ်တွေ အလောတကြီးနိုင်သွားတာတွေ ပြင်းပြင်း စပ်ခါးသီး။ မေသန့်ခိုင်နှင့် အတန်သင့် ရင်းနှီးမှုကို ရခဲ့ပါလျက် မေသန့်ခိုင်ရဲ့ သဘောမနောနှင့် အကျင့်စရိုက်ကို အထူးပြု မလေ့ လာ မလိုက်စားမိခြင်းမှာ မှားပြီးရင်း မှားခဲ့ခြင်းပင်။

အတွေ့အကြုံများသူကိုမှ အရိုးစင်းဆုံး နည်းလမ်းဖြင့် ရင်ဖွင့်မိခဲ့ခြင်းမှာ သူမအတွက် ရယ်ရွှင်ဖွယ်ရာ ပြက်လုံးပမာ ဖြစ်ရတော့မှာ သေချာသွားလေပြီ။

မြက်ခင်းပြင်ပေါ် ဒူးထောက်ပြီး လက်နှစ်ဖက် မြှောက်၊ ခေါင်းမော့ကာ ပြာလဲ့ကြည်လင်နေသည့် ကောင်းကင် ကြီးကို တိုင်တည်အော်ပြောပစ်လိုက်ချင်သည်။

ဒီကမ္ဘာပေါ်မှာ ချစ်ခြင်းအနုပညာဆိုတာ ဘာလဲ ...

အဲ့ဒီ အဖြေစစ်စစ်ကြီး ကျွန်တော့်ရင်ထဲ ...

လွှတ်ချခွဲပစ်လိုက်ပါ ...။

မေသန့်ခိုင်နှင့် ပတ်သက်သမျှ ရှင်းပြချိန်မရ။ သူရနိုင် အတင်းဆွဲခေါ်လာ၍ မင်းသမီးတစ်ယောက်ဆီ အင်တာဗျူးရန် ရောက်ခဲ့ရ၏။

မင်းသမီးကို ကြည့်မြင်ပြီး မေသန့်ခိုင်ကို စိတ်ထဲမှာ အလုပြင်ဆင် ခြယ်သ,ထားသလို ရှုမြင်မိ၏။ ရိုက်ကွင်းသွားခါနီးဖို့ မိတ်ကပ်ကြိုလိမ်းထားသော မင်းသမီးက ကြွကြွရွရွ ကိုယ်နေဟန်ထားလေးဖြင့် ဖြေကြားနေ၏။

ကျွန်တော်က ရှက်တတ်သဖြင့် သူရနိုင်ကို အဖော်လိုက်သူ အဖြစ်နှင့်သာ နေ၏။ စာရေးဆရာတစ်ယောက်အနေနှင့် မိတ်ဆက်မခိုင်း။ မိတ်ဆက်ခြင်းမပြုပေးရန်လည်း သူရနိုင်ကို ကြိုတင်မှာထားရ၏။





"အခုနောက်ဆုံး မေးချင်တာက ပရိသတ်ကြီးကို ဘာများ ပြောချင်ပါသေးလဲ"

"သမီးကို အားပေးပါ၊ ပရိသတ်ကြီး လက်ခံနေတဲ့အထိ သမီး တတ်စွမ်းတဲ့ အနုပညာနဲ့ အကောင်းဆုံးဖြစ်အောင် ပြန်လည်ပေးဆပ်သွားပါ့မယ်ဆိုတာလေး ပြောပြပေးပါနော်၊ ဩော် ... အင်တာဗျူးရေးပြီးရင် လာပြဦးနော်၊ ပြင်ဆင်တည်းဖြတ်ပြီးမှ ပုံနှိပ်ဖော်ပြစေချင်တယ်"

"စိတ်ချပါ မင်းသမီးရယ်၊ ကျွန်တော်က အနုပညာလုပ်စားလိုက်စားတဲ့ ပေါ(ပ်)သတင်းသမား တချို့ထဲမှာ မပါပါဘူး၊ ကျွန်တော်ဆိုရင် မင်းသားမင်းသမီး ဒါရိုက်တာတွေ အားလုံး ကြည်ဖြူပြီးသား၊ နာမည်ပျက်မရှိတာ၊ မင်းသမီးလည်း ကြားဖူးပါတယ်၊ ဒါနဲ့ အလွတ်သဘောမျိုး ပြောရမေးရဦးမယ်၊ မင်းသမီးမှာ အိမ်ထောင်ဖက်အဖြစ် လက်ဆက်ဖို့ ရည်ရွယ်ထားတဲ့သူ ရှိနေပြီဆို"

"အခြေအမြစ်မရှိတဲ့ အတင်းအဖျင်းတွေပါရှင်၊ ရှင် မေးတာပဲ လွှန်လှနေပြီ"

"အို ... နိုး ... နိုး ... ဆောရီး ... ဆောရီး၊ ဟိုမင်းသမီး အကြောင်းပဲ မေးပါရစေ၊ မင်းသမီးနဲ့ ဟိုကားမှာ အတူတွဲ ရိုက်ဖူးတယ်၊ မျက်နှာဝိုင်းမင်းသမီးလေးလေ၊ စကားသိပ်မပီ ချင်တဲ့သူပေါ့၊ အဲ့ဒီမင်းသမီးလေးကို ဓာတ်သိတချို့က 'ဖွေးလေး' 'ဖွေးလေး'နဲ့ခေါ်နေတာ ဘာကြောင့်လဲ"

"သူက အသားဖွေးတယ်လေ၊ အသားဖွေးလို့ 'ဖွေးလေး'လို့ ခေါ်ရာက အဲ့ဒီနာမည်ဝှက် ထွက်လာတာနေမှာပေါ့"

"ဟိုမင်းသားကလည်း ဟိုမင်းသမီးနဲ့ ဘာလိုလိုဆို"

"ဘယ်သူပြောလဲ"

"ဧည့်ခံပွဲတွေမှာ ပါးစပ်အဆီပြန်အောင်လိုက်စား၊ တည်ခင်း ထားတဲ့ အရက်ကောင်းတွေ ကြွက်တွင်းရေလောင်းသလို လောင်းချ သောက်တတ်တဲ့ စာနယ်ဇင်းလက်ဟောင်းသမား ကြီးတစ်ယောက်က အဲ့ဒီလို လိုက်ပြောနေသံကြားလို့ မေးကြည့်တာပါ"

"အဲ့ဒီလူက အလကားလူကြီး၊ ဖြစ်ချင်တဲ့ဝါသနာရှင်လေး တွေကို အင်တာဗျူးပြီး၊ မဂ္ဂဇင်းစာမျက်နှာ၊ ဂျာနယ်စာမျက်နှာ





ပေါ် တင်ပေးတယ်၊ တင်ပေးခအဖြစ် ဝါသနာရှင်လေးတွေ ဆီက ငွေကို သောင်းနဲ့ သိန်းနဲ့ ချီပြီးယူတယ်၊ မဂ္ဂဇင်း၊ ဂျာနယ်တိုက်တွေဆီကလည်း ဓာတ်ပုံခ စာမူခအနေနဲ့ ငွေကို ထောင်ချီ သောင်းချီ တောင်းသေးတယ်၊ နှစ်ဖက်ခွရိုက် နေတဲ့ စားဖားကြီးပါ၊ သူ့ကို ငွေမပေးတဲ့သူ ဆိုရင် အပုပ်သတင်းတွေ လုပ်ကြံပြီး လိုက်ဖွနေတဲ့ မကောင်း ဆိုးဝါးကြီးပေါ့"

သူရနိုင်က ခေါင်းတညိတ်ညိတ်လုပ်ရင်း နားထောင် နေရာမှ အလွတ်ကျက်မှတ်ထားသော ဘိုစကားတွေနှင့် ဘိုလိုယည့် မှုတ်လိုက်ပြန်၏။

လေကြောတွေ မမောနိုင်မပန်းနိုင် ရှည်လွန်းလှ၏။ မင်းသမီးခမျာလည်း ရိုက်ကွင်းသွားဖို့ မေ့လျော့နေသလို အချင်းချင်း သတင်းတွေ ထပ်မံထုတ်ပြောလာနေ၏။

ဟိုဒါရိုက်တာနဲ့ ဟိုမင်းသမီး ပေါက်စနလေးနဲ့ ဘယ်နေရာမှာ ဘယ်သူက ဘယ်လိုမိတာ ဆိုတာတွေလည်းပါ ၏။

ကျွန်တော် ချောင်းဟန့်သံပေးပြီး တားမြစ်လည်းမရ၊ ကျွန်တော်တို့ လုံးချင်းဝတ္ထုလောကကိုပင် ငြီးငွေ့သလို စကားတွေ ဆိုလာ၍ သူရနိုင် ခြေထောက်ကို အားနှင့်ဆောင့်နင်းချလိုက်ရ၏။ သူရနိုင် 'အုံ' ခနဲ ကြိတ်အော်ပြီး ...

"ဒီနေ့တော့ ဒီလောက်ပါပဲနော်"

"ဟုတ်သားပဲ၊ မီလည်း ရှုတင်ပြေးရဦးမယ်၊ အို ... အချိန် တောင် ကပ်နေပြီ၊ စကားတွေ ကောင်းနေတာနဲ့"

ကျွန်တော်တို့ နှုတ်ဆက်ပြီး ပြန်လာစဉ် သူရနိုင်က ...

"မင်းကလည်း ဒီလောက်ကလေး စောင့်ရတာနဲ့ စိတ်ချည့်ပဲ"

"မင်းတို့က ဘာတွေ ပြောနေကြမှန်းလည်း မသိဘူး၊ နားကို ငြီးနေတာပဲ"

"ဟ ... အနုပညာလောကအကြောင်းကို ပြောနေတာလေ ကွာ"

"အတင်းတုပ်သလို ဖြစ်နေပြီ"

"အဲ့ဒါ တွေ့ထဲမှာ လိုအပ်ရင် သတင်းလုပ်စရာ ပါတတ် တယ်၊ တော်ရဲ့"





"မင်းလိုကောင်ကတော့ မပြောချင်ဘူး၊ သူများတွေ အပြစ် တွေပဲ လိုက်လှန်ချင်နေတယ်၊ ကိုယ့်အလှည့်ကြမှ ခံစား ရလွန်းလို့ ဆန့်ဆန့်ကြီး ဟန့်မနေပါစေနဲ့၊ စုန်းမရှိဘဲနဲ့ ရွာတည်လို့မရသလိုပဲ ဘယ်လောကမှာမဆို စုန်းပြူးတွေက ရှိနေမှာပဲ၊ ကောင်းတဲ့လူနဲ့ မကောင်းတဲ့လူ ဒွန်တွဲနေမှ သုခနဲ့ ဒုက္ခဆိုတာ တစ်လှည့်စီ ဖြစ်ပေါ်လာမယ်လေကွာ၊ သံသရာမှာ သုခနဲ့ ဒုက္ခဆိုတာ အလှည့်ကျဖြစ်ပေါ်နေကြတဲ့ အရာတွေပဲ၊ သူတို့မရှိရင် သံသရာမရှိဘူး၊ ငါ အလွယ်ဆုံး ကို အတိုချုပ်ပြီး ပြောလိုက်တာ၊ သံသရာမရှိရင် နိဗ္ဗာန်ဖြစ်ပြီ မဟုတ်လား"

သူရနိုင်နှင့် ကျွန်တော် စကားဆက်ပြောနေရင်းမှ ကျွန်တော်နှင့် မေသန့်ခိုင်တို့အကြောင်းအရာဆီကို ဆိုက်ရောက်သွား ရပြန်၏။

"မင်းကို မိုရ်က တွေ့ချင်တယ်လို့ ပြောနေတယ်"

သူတို့နှစ်ယောက်က ဘယ်လိုလေးတွေမှန်းကို မသိဘူး"

"မိုရ်နဲ့ မေသန့်ခိုင်ကို ပြောတာလား"

"ဟုတ်တယ်"

"မင်း မပြောနဲ့ ငါနဲ့မိုရ်ရဲ့ ရင်ခုန်သံကို သံစဉ်မှန်ဖြစ်အောင် ကြိုးညှိနေတာတောင် မိုရ်ကို ငါ နားလည်လို့ မရနိုင်သေးဘူး"

"ငါလည်း မင်းလိုပဲ ရင်ခုန်သံ ကြိုးညှိလိုက်တာ အခု ကြိုးပြတ်သလို အခြေအနေ ဖြစ်သွားပြီ"

"တူလိုက်တာကွာ ... မိုရ်က ငါ့ကို ရင်ခုန်သလို ဟန်မူတွေ ပိုပြီး ငါလည်း ရင်ဖွင့်လိုက်ရော လေပွေလို ဖွေ့ယမ်းတိုက်ခတ် ရှောင်ထွက်သွားတော့တာပဲ ဘုန်းမာန်"

"အင်း ... ဘယ်လိုအထာမှန်း မသိတာ စိုးတယ်၊ ဒါနဲ့ မင်းရဲ့မှိုက ဘာအကြောင်းကြောင့် ငါ့ကို တွေ့ချင်ရတာလဲ"

"မှို မဟုတ်ပါဘူး မိုရ်ပါကွာ ... တွေ့ချင်တဲ့အကြောင်းကို ငါလည်း မေးကြည့်တာပဲ၊ မပြောဘူး၊ ဘာပဲဖြစ်ဖြစ် သွားတွေ့ဖြစ်အောင် တွေ့လိုက်ပေါ့ကွာ"

"မေသန့်ခိုင်နဲ့ အတူရှိနေချိန်မှာလား"





"မေသန့်ခိုင် သင်တန်းတွေ စ,တက်နေပြီ၊ မနက်ဖြန်ဆို အိမ်မှာ မရှိလောက်ဘူး"

"မိုရ်နဲ့ ငါနဲ့ နှစ်ယောက်တည်း တွေ့ဖြစ်ကြမှာကို မင်း စိတ်ချသလား"

"စိတ်ချတယ်၊ မင်း မရိုးသားရင်လည်း မိုရ်က မင်းကို ပါးကောင်းလို့ လက်ဝါး တောင်းတယ်ပဲလို့ ထင်လိမ့်မယ်"

"မိုရ်နဲ့ မေသန့်ခိုင်က နှစ်ယောက်တည်း အခန်းငှားနေကြတာနော်၊ သူတို့မိဘတွေအကြောင်း ဆွေမျိုးအသိုင်းအဝန်းအကြောင်းကို ငါမေးမကြည့်ဖြစ်ခဲ့ဘူး၊ မင်းက လျှာရှည်တတ်တဲ့ ဗျူးဆရာဆိုတော့ မေးကြည့်ခဲ့ဖူးသေးလား"

"လျှာရှည်ရတာ ငါတို့အလုပ်ပဲ၊ မင်းတို့ ဆွံ့အနေလို့ ဘာမှ မသိရဘူး မဟုတ်လား၊ မင်း သိချင်တာ ငါမေးကြည့်ခဲ့ဖူးပြီးပြီ၊ မိုရ်ရဲ့ မိဘတွေက မြို့ထဲမှာနေတယ်၊ မိဘနှစ်ပါးစလုံးက နောက်အိမ်ထောင်တွေနဲ့ချည်းပဲ၊ မိုရ်တစ်ယောက်တည်းရပြီး မိုရ်အသက် ဆယ့်ငါးနှစ်လောက်

မှာ ကွဲသွားကြတာလေ၊ မိဘနှစ်ယောက်စလုံးက နောက်အိမ်ထောင်နဲ့ရတဲ့ သားသမီးတွေကို အလေးထားနေရတော့ မိုရ်ကို အရင်လိုဂရုမစိုက်နိုင်ဘူး၊ မအေနဲ့နေတော့ ပထွေးနဲ့မဖြစ်၊ ဖအေနဲ့နေတော့ မိထွေးနဲ့မတည့်၊ အဲ့ဒါနဲ့ မိုရ်က မေသန့်ခိုင်ကို အတူနေသူငယ်ချင်းအဖြစ် သဘောထားပြီး နှစ်ယောက်သား တိုက်ခန်းငှားနေဖြစ်ကြတော့တာပဲ ... မိုရ်ရဲ့ အရင်လုပ်ငန်းက အလှပြင်ပစ္စည်းဖြန့်ဖြူးတဲ့ ကုမ္ပဏီတွေ ဒီကို မရောက်သေးခင် တော်တော်ဝင်ငွေလမ်းဖြောင့်တဲ့ လုပ်ငန်းပေါ့ကွာ၊ အလှပြင်ကုန်ပစ္စည်းတွေကို ဖြန့်ဖြူးပေးတဲ့ အရောင်းအဝယ် အလုပ်တစ်မျိုးပေါ့၊ မေသန့်ခိုင်လည်း အဲ့ဒီအလုပ်ကို ပူးပေါင်းလုပ်တယ်၊ နောက်တော့ အဲ့ဒီလုပ်ငန်း မှေးမှိန်သွားပြီး မေသန့်ခိုင်က ကုမ္ပဏီမှာဝင်လုပ်ပြီး မိုရ်ကို ထောက်ပံ့တယ်၊ မိုရ်က အနုပညာအလုပ်ကို ဝါသနာကြီးတယ်၊ စားတော်ဆက်တွေမှာ သီချင်းဆိုပြီး ရတဲ့ဝင်ငွေနဲ့ အိမ်ရဲ့နေစရိတ် စားစရိတ်ကို ပြန်ကာတယ်၊ သူတို့အစွမ်းအစနဲ့ သူတို့ဘာသာ ကျောင်းပြီးအောင် တက်





နိုင်ခဲ့ကြတယ်၊ မေသန့်ခိုင် ကျောင်းပြီးတော့ အလုပ်ထွက်ပြီး နယ်မှာရှိတဲ့ မိဘတွေဆီ ပြန်သွားတယ်၊ တကယ်တော့ မေသန့်ခိုင်ရဲ့ ဘဝကလည်း သနားစရာပါကွာ ... ကျိုကျိုတက် ချမ်းသာတဲ့ မိခင်နဲ့ အဘိုးအဘွား အသိုင်းအဝိုင်းတွေက မေသန့်ခိုင်ကို ဆွေမျိုးသားချင်းလို့ မသတ်မှတ်ကြဘူး၊ မေသန့်ခိုင်ရဲ့ အဖေက ဆင်းရဲတဲ့လူ၊ ချမ်းသာတဲ့အမေက ယူတယ်၊ မေသန့်ခိုင်ကို မွေးတယ်၊ မိခင်ဘက်က အဘိုးအဘွားတွေက ပြက်ခွဲတယ်၊ လူမိုက်တွေငှားပြီး ခွဲတာပေါ့၊ အဲ့ဒီမှာ မေသန့်ခိုင်ရဲ့ အဖေက ခုခံကာကွယ်ရင်းနဲ့ လူမိုက်တစ်ယောက်ကို မတော်တဆ လက်လွန်သတ်မိသွားတယ်၊ အဲ့ဒီမှာတင် ထောင်ကျပြီး နောက်တော့ ထောင်ထဲမှာတင် ဆုံးသွားတယ်၊ မေသန့်ခိုင် အဖေရဲ့ အစ်မတစ်ယောက်က မေသန့်ခိုင်ကို စောင့်ရှောက်ထားတယ်၊ မေသန့်ခိုင်ရဲ့ မအေက သမီးကို မချစ်လို့ စွန့်ခဲ့ရာတာ မဟုတ်ဘူး၊ မိဘတွေကို မလွန်ဆန်နိုင်လို့ ပြန်လိုက်သွားရတယ်၊ အဲ့ဒီအဖြစ်အပျက်ကလေးက မြို့နဲ့ဝေးတဲ့

ရွာတစ်ရွာမှာ အတွင်းကျိတ် ဖြစ်ပွားခဲ့တာလေ၊ ငွေကြေး
ဝိတ်တွေနဲ့ ပြန်ဖုံးဖိပြီး မေသန့်ခိုင်ရဲ့ မိခင်ကို နိုင်ငံခြား
ပြန် ဆရာဝန်တစ်ခုလပ်ကြီးနဲ့ အတင်းပေးစားပစ်လိုက်
တယ်၊ အဲဒီလူကြီးနဲ့ သားသမီးနှစ်ယောက် မွေးတယ် ...
မေသန့်ခိုင်ကို မိခင်အရင်းက လက်ခံထားလို့ မရဘူးဖြစ်
နေတယ်၊ အဘိုးအဘွားနဲ့ အသိုင်းအဝိုင်းတွေက လုံးဝ
အတွေ့မခံနိုင်ဘူး၊ လူစိတ်မရှိတဲ့ လူကြီးလူကောင်းတွေ
ပေါ့ကွာ၊ မေသန့်ခိုင်က သူ့ဘဝကို ပြန်တွေးမိရင် စိတ်
နာလွန်းလို့ ဘယ်သူ့ကိုမှ မပြောပြဘူး၊ မိုရ်ကသာ ငါ့မေး
လွန်းလို့ ပြောပြခဲ့တာ၊ ငါ့ဆီကလည်း ကတိတောင်းသေး
တယ်၊ ဘယ်သူ့ကိုမှ ပြန်မပြောရဘူးတဲ့၊ အဲ့ဒါကြောင့်
မင်းကိုလည်း အဲ့ဒီအကြောင်းတွေ ငါ မပြောပြတော့
ဘူး"

"ဟော့ကောင် ... ပြောပြီးပြီလေကွာ"

"ဟာ ... ဟုတ်သားပဲ ... လဖွတ်တယ်မှပဲ၊ ငါတော့
ကတိပျက်ပါပြီကွာ"





"မင်းလို အာချောင်တဲ့ မောင်းကိုများ ကတိတောင်းရတယ်
လို့ မောင်းဆိုတာ ထုမှမြည်တာ မင်းက မထုခင်က ထ,
မြည်နေတဲ့ မောင်းကွဲကြီး"

"ပြောလည်း ပြရသေးတယ် ... တော်ပြီကွာ ... မပြောတော့
ဘူး"

"မပြောချင်လည်း နေပေါ့ ... အဲ့ဒါနဲ့ မေသန့်ခိုင်က
သူ့ကိုစောင့်ရှောက်တဲ့ ကြီးဒေါ်ဆီ တစ်ခါတလေ အလည်
ပြန်တာကလွဲရင် ဒီမှာပဲ မိုရ်နဲ့ အတူနေသွားဖြစ်တော့တာ
ပေါ့"

"အလည်ပြန်တာ ဆိုတာထက် မိခင်အရင်းကို အလွမ်းပြေ
သွားချောင်းကြည့်ရတာမျိုးပေါ့ကွာ၊ ခမျာ သနားစရာပါ"

"ဒါနဲ့ လက်ထပ်စာချုပ် ဖြဲဆုတ်ပစ်တဲ့ အကြောင်းကိုရော
မင်း မသိရဘူးလား"

"သိပြီးရင် မင်းကို ပြောပြီးတာ ကြာလှပြီ၊ ထိပ်တန်းလျှို့
ဝှက်ချက်လို သဘောထားတဲ့ အကြောင်းမို့လား မသိဘူး
လုံးဝမပြောဘူး"

"မင်းရဲ့မိုရ်က ငါနဲ့ မေသန့်ခိုင် စတွဲဖြစ်ကတည်းက ငါတို့ကြားထဲ သိပ်ဝင်မပါတော့ဘူး၊ ပြက္ခဒိန်ရိုက်တုန်းက လောက်သာတွေ့ဆုံပြီး လိုအပ်သလောက်ပဲ စကားပြောဖြစ်ကြရုံရှိတယ်၊ ငါနဲ့ ပြောစရာရှိလောက်အောင် အခြားအကြောင်းရင်းခံနဲ့ ပတ်သက်မှုမှ မရှိတာ"

"အေး ... ငါလည်း အဲ့ဒါကို စဉ်းစားရင်းနဲ့ ခေါင်းမွေးဖြူတော့မယ်"

"သူတို့နှစ်ယောက် စိတ်ဝင်စားနေတာ ခပ်ဆန်းဆန်းယောကျ်ားတဲ့"

"ဘယ်လို ဆန်းရမှာလဲ၊ မင်းနဲ့ငါမှာ ချို့နဲ့အမြီးတွေပေါက်နေရမှာမျိုးလား၊ တော်တော်ထွင်တဲ့ မိန်းမတွေ၊ မရခင်တော့ မင်းမူကြဉီးပေါ့ကွာ၊ ရပြီးလို့ကတော့လား ... ဟင်း ..."

"အပြတ်နင်းပစ်လိုက်မယ်ပေါ့လေ"

"အေး ... ဒါမှ သူတို့ အညောင်းပြေသွားမှာ"





နောက်နေ့ ဆုလတ်မိုရ်တို့ အခန်းကို ရောက်သွားသောအခါ သူရ ပြောသလိုပင် မေသန့်ခိုင် ရှိမနေ။ ဆုလတ်မိုရ်က ရှင်ကြည်ဟန် ဖမ်းထားပြီး ကြိုဆိုညှော်ဝတ်ပြု၏။ အိမ်နေရင်းမှာပင် ပြက္ခဒိန်ရိုက်စဉ်ကကဲ့သို့ အလှပြင်ထား၏။

"ပြောစရာရှိတယ်ဆိုလို့"

"ပြောမယ်လေ၊ ကျွန်မ ပြောလိုက်ရင် ရှင် စိတ်ဆိုးတာတွေ နားလည်မှုလွဲတာတွေ ရက်မွန်သွားတာတွေ အံ့သြတုန်လှုပ်သွားတာတွေ အများကြီးဖြစ်လာနိုင်လို့ လွတ်ခနဲ ပြောမထွက်ဖြစ်သေးတာ"

"မိုရ် ... ပြောမဲ့စကားက အဲ့ဒီလောက်တောင် အစွမ်းမြောက်နေလို့လား"

"အင်း ... ရှင် ဒေါသမဖြစ်စေချင်ဘူး၊ နားလည်မှု ရှိပေးစေချင်တယ်၊ ကျွန်မ ရှင်းပြတာကို ဆုံးအောင် နားထောင်ပြီးမှ ရှင် စဉ်းစဉ်းစားစားနဲ့ ပြန်ပြောစေချင်တယ်"

"ရှင်ခုန်ရှင်တုန်အောင် အချိန်မဆွဲပါနဲ့၊ ကျွန်တော် ခံနိုင်ရည်ရှိပါတယ်၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ"

"ကောင်းပြီ ... ရှင်ကို ယုံလို့ ပြောမယ်၊ တကယ်တော့ မေသန့်ခိုင် ဆိုတာ ဆုလတ်မိုရ်ပေါ့"

ကျွန်တော် အံ့သြလွန်း၍ နှုတ်တို့မပြန်မိ။ ဆုလတ်မိုရ်အယောင်ဆောင်ထားသည့် မေသန့်ခိုင်။ ပြက္ခဒိန်ရိုက်သည့် အနုပညာအမည်က ဖူးပွင့်နေခြည်။ ဖူးပွင့်နေခြည်ရဲ့ အမည်ရင်းက မေသန့်ခိုင်။

"ကျွန်မ ရှင့်ကို နောက်တစ်ဆင့် လှည့်ကွက်လုပ်မိတဲ့အတွက် စိတ်မကောင်းပါဘူး၊ ရှင် စာလာပေးကတည်းက ကျွန်မ စာကို ဖောက်ဖတ်ကြည့်လိုက်တော့ ကျွန်မနဲ့ ရဲကျော်ခေါင် ဆိုတဲ့ လူနဲ့ လက်ထပ်ပြီးစ အချိန်ငယ်အတွင်းမှာ ဖြစ်ပျက်ပစ်လိုက်တဲ့ စာချုပ်အပိုင်းအစတွေ ဖြစ်နေတယ်၊ အဲ့ဒီမှာတင်





ရှင့်ကို ရဲကျော်ခေါင်ရဲ့ သူငယ်ချင်း၊ အသိမိတ်ဆွေ၊ ရဲကျော်ခေါင်ရဲ့ လူအဖြစ် ကျွန်မ အထင်မှားမိတယ်၊ ရဲကျော်ခေါင်ဘက်က ဘယ်လို အကောက်ကြံတဲ့ လှည့်စားမှုတွေ ထပ်ရောက်လာဦးမလဲဆိုတာ သိချင်တာနဲ့ ရှင့်ကို ကျွန်မ သူငယ်ချင်း ဆုလတ်မိုရ်နဲ့ လှည့်တွေ့ပေးလိုက်တယ်၊ အဲ့ဒီမှာ ရှင်က ဆုလတ်မိုရ်ကို ကျွန်မလို့ပဲ ထင်နေတယ်၊ ကျွန်မကိုယ်၌ကတော့ ရှင်ဟာ အင်မတန်ဟန်ဆောင်ကောင်းတဲ့ ယောကျ်ားတစ်ယောက်၊ ကျွန်မတို့ လူချင်းလဲလှယ်ပြတာကို တကယ်မသိတဲ့ပုံစံနဲ့ ဟန်ဆောင်ကောင်းလွန်းတဲ့ ယောကျ်ားတစ်ယောက်အဖြစ် သတ်မှတ်ပြီး ရှင့်အပေါ် အထူးသတိထား စိတ်ဝင်စား မိလိုက်ကြတယ်၊ ရှင် ဘယ်လောက်ဟန်ဆောင်နိုင်မလဲ၊ ရှင့်ရဲ့ ရည်ရွယ်ချက်နဲ့ အကြံအစည်ဟာ ဘာလဲဆိုတာ သိရအောင် ဆုလတ်မိုရ်ကို မေသန့်ခိုင် အယောင်ဆောင်မှုနဲ့ ရှင့်ကို ထပ်ပြီး ဆွဲဆောင်လှည့်စားထားခဲ့တယ်၊ နောက်တော့မှ ရှင့်သူငယ်ချင်းကိုသူရရဲ့ ထဲထဲဝင်ဝင် ပတ်သက်သိရှိပြီး ရှင့်အကြောင်းကို

သေသေချာချာ ဂဃနဏ စုံစမ်းကြည့်မိမှ ရှင်ဟာ ရဲကျော်ခေါင်နဲ့ ဘာမှ ပတ်သက်မှုမရှိတဲ့ စာရေးဆရာတစ်ယောက်မှန်း သိလာရတယ်၊ ရှင် ကျွန်မတို့ကို ချဉ်းကပ်ခဲ့တာ ဇာတ်လမ်းဇာတ်ကွက် ရှာချင်လို့ဆိုတဲ့ ရည်ရွယ်ချက်ကြောင့်ပဲ ဆိုတာ ထင်ရှားလာတယ်၊ ကိုသူရဆီက အဖြစ်မှန်တွေကို နှိုက်မေးကြည့်လို့ မသိရရင် ရှင့်ကို ရဲကျော်ခေါင်ရဲ့လူအထင်နဲ့ ကျွန်မတို့ သူငယ်ချင်းနှစ်ယောက်က နည်းလမ်းပေါင်းစုံနဲ့ စဉ်းစားပြီး စီရင်ပစ်လိုက်မလို့ပဲ၊ မဟုတ်မှန်းသိရတော့ ရှင့်ကို အရမ်းအားနာသွားတယ်၊ အဲ့ဒါကြောင့် မေသန့်ခိုင် အယောင်ဆောင်ခဲ့တဲ့ ဆုလတ်မိုရ်က အချိန်မလွန်မနှောင်းခင်မှာ ရှင့် ရင်နာစရာ ဖြစ်မကျန်ရစ်ရအောင် နောက်ဆုတ် ရှောင်ရှားနေလိုက်ပြီလေ၊ ကျွန်မဘာသာ ရှင်းပြစရာရှိတာ ရှင်းပြဖို့ တာဝန်ယူခဲ့တယ်၊ အဲ့ဒါကြောင့် ရှင့်ကို တမင်ခေါ်တွေ့ရတာပါပဲ၊ ဒီအကြောင်းတွေကို ရှင့်ရဲ့ သူငယ်ချင်း ကိုသူရတောင် မသိရသေးဘူး၊ ကျွန်မထပ်ပြီး ကိုသူရကို ရှင်းပြလိုက်ပါဦးမယ်၊ ကျွန်မရဲ့





ပိုလွန်းတဲ့ စိုးရိမ်မှုကြောင့် ရှင့်အပေါ် အပြစ်လွန်ကျူးသလိုဖြစ်ခဲ့ရတာ တွေးမိတိုင်း စိတ်မကောင်းပါဘူး၊ အဲ့ဒါကြောင့်”

“ကျွန်တော် နားလည်ပါတယ်၊ အံ့ဩလွန်းလို့ ဘာပြန်ပြောရမလဲတောင် စဉ်းစားရခက်နေပြီ၊ စဉ်းစားမိသလောက်က စပြောရရင် ကျွန်တော် အ,လို့ ခံရတာပါ၊ ခင်ဗျားတို့နှစ်ယောက်အပေါ် စိတ်ဆိုးဒေါသထွက်စရာအကြောင်း မရှိပါဘူး၊ ခင်ဗျားတို့နှစ်ယောက်နဲ့ ပတ်သက်ရင် ပတ်ဝန်းကျင်အမြင် အသိအာရုံ အလင်းကို လေ့လာစုံစမ်းမှုအား သိပ်ကိုနည်းပါးခဲ့မိတယ်၊ ကာယကံရှင် ခင်ဗျားတို့ကိုသာ အမိကထားပြီး ယုံစားယုံလွယ်မိခဲ့တယ်၊ ဒီအတွက် ကျွန်တော်ရရှိလာသမျှဒဏ်ကို ရင်ကော့ပြီး ခံဖို့သင့်လို့ ခံလိုက်ရတာလို့ပဲ မှတ်လိုက်တယ်”

အသံတွေ တုန်အက်နေတာကို ထိန်းပြောကြည့်သည်။ မရ။ မေသန့်ခိုင်အစစ်က ...

“ကျွန်မ ကိုယ်ချင်းစာနာမိပါတယ်၊ ရှင် ဒီလိုဖြစ်မှာကို

ကြိုသိလို့ ဆုလတ်မိုရ်လည်း စိတ်မကောင်း ဖြစ်ကြောင်း တဖွဖွ ပြောနေသေးတယ်”

အယောင်ဆောင်လှည့်ဖြားလှည့်စားတတ်သော အတတ်ဖြင့် ကျားသတ္တဝါတွေကို အသက်ချင်း ထပ်ပြီး ယှဉ်ပြိုင်ခိုင်းစေနိုင်စွမ်း ရှိခဲ့ကြသည်။ မိန်းမတို့ရဲ့ ဥပါယ်တမျဉ်ဖြင့် ဘုရားအလောင်း ဥဒေါင်းမင်းပင်လျှင် ညွတ်ကွင်းမိခဲ့ရဖူးသည်ပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် အတင်းကြိတ်မှိတ်ပြီး ရင်နာသမျှ စိတ်ဓာတ်ဖြင့် ဖိနှိပ်ခြေမွလိုက်ရင်း ...

“ဘဝတွေ ကျွန်တော်သိခဲ့ဖူးတဲ့ မေသန့်ခိုင်ရဲ့ ဘဝအကြောင်း ဆုလတ်မိုရ်ရဲ့ဘဝအကြောင်းတွေကြတော့ရော၊ အပြောင်းအလဲ ရှိနေသေးလား၊ ဒီအကြောင်းတွေကို ကျွန်တော် ဘယ်က သိခဲ့ရတာလဲဆိုတာ မမေးပါနဲ့ဗျာ”

“ဘုန်းမာန် သိထားသလောက်ကို ပြောပြမယ်ဆိုရင် ဘယ်က သိတာလဲလို့ ကျွန်မ မမေးပါဘူး”

သူရဆီက ကျွန်တော် သိထားသမျှ သူမတို့အတိတ် ဘဝအကြောင်းကို ပြန်ပြောပြဖြစ်လိုက်၏။





မေသန့်ခိုင်ရဲ့ မျက်နှာပေါ်မှာ အပြောင်းအလဲ မရှိ။ တည်ငြိမ်သောအကြည့်ဖြင့် နားထောင်နေ၏။ စကားပြီးဆုံးသွားသောအခါမှ ...

“ဆုလတ်မိုရ် အစစ်က အဲ့ဒီနယ်မြို့ကပါ၊ မိခင်ရင်း ရှိနေပါရက်နဲ့ အမေလို့ ခေါ်ခွင့်မရ။ ပတ်သက်ခွင့် မရတဲ့ ဘဝကို ဆုလတ်မိုရ် အစစ်က ရခဲ့တာပါ၊ ရှင်နဲ့ တွဲဖြစ်စဉ်က မေသန့်ခိုင် အယောင်ဆောင်ခဲ့တဲ့ ဆုလတ်မိုရ်အစစ်ရဲ့ ဘဝပေါ့၊ ကျွန်မရဲ့ဘဝက မိဘနှစ်ပါးစလုံး နောက်အိမ်ထောင်နဲ့ပါ၊ တစ်ခါက ဆုလတ်မိုရ် ဟန်ဆောင်ခဲ့တဲ့ မေသန့်ခိုင်စစ်စစ်ဖြစ်တဲ့ ကျွန်မရဲ့ ဘဝပေါ့၊ ဘဝအကြောင်းတွေမှာလည်း အပြောင်းအလဲ ရှိနေတယ်လေ၊ ကျွန်မတို့ နှစ်ယောက်က လှည့်စားမှုတစ်ခုအတွက် ပညတ်အမည်တွေ ယာယီလွှဲပြောင်းမိခဲ့ကြတယ်၊ ဘဝဖြစ်ပုံချင်းလည်း ယုတ္တိရှိအောင် လဲလှယ်ပြောဆိုဖြစ်ခဲ့ကြတယ်”

“အနုပညာလုပ်ငန်းလုပ်မှတော့ ဒီအမည်လှည့်ကွက်တွေနဲ့ မဆိုင်တော့ဘူးပေါ့၊ ဖူးပွင့်နေခြည် အမည်နဲ့ဆိုတော့ ...

အင်း အဲ့ဒီလောက်အထိ ပီရိသေသပ်အောင် အကွက်ချလှည့်စားတတ်တာ သူရ သာသိရင် မတ်တတ်တက်ပြီး လန့်ဖျားဖျားသေသွားနိုင်တယ်"

"ရှင့်ကို ကျွန်မ လျော်ကြေးတစ်ခုလို့ပဲဆိုဆို ကုစားချက်တစ်မျိုးလို့ပဲ သတ်မှတ် သတ်မှတ် အရင်အချိန်တွေက မပြောအပ်လို့ လျှို့ဝှက်ထားခဲ့တဲ့ အကြောင်း ရှင် သိချင်တဲ့ လက်ထပ်စာချုပ်အကြောင်းကို ရှင် ဆန္ဒရှိသေးတယ်ဆိုရင်တော့ ကျွန်မ ပြောပြနိုင်ပါတယ်"

"တကယ်"

"အခုနားထောင်မလား"

"အမြန်ပြောပါ"

"ရဲကျော်ခေါင် ဆိုတဲ့ အမည်ကို ရှင် သိသွားပြီနော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်မိ၏။ သူမက ...

"အဲ့ဒီ ရဲကျော်ခေါင်နဲ့ ကျွန်မ တက္ကသိုလ်တက်ရင်းနဲ့ တွေ့ပြီးချစ်ခဲ့ကြတယ်၊ တွဲဖြစ်ခဲ့ကြတယ်၊ ချစ်သူဖြစ်ခဲ့ကြတယ်ပဲ ဆိုပါတော့"





"ဒီထက်ပိုပြီး အကျယ်ချဲ့အသေးစိပ် ပြောမပြနိုင်ဘူးလား၊ အချက်အလက်တွေ သိနိုင်သလောက် သိချင်လို့ပါ"

"ရှင် ခံစားလိုက်ရသလို ကျွန်မကို ပြန်ခံစားစေချင်လို့လား"

"မဟုတ်ပါဘူး"

"ဟုတ်ရင်လည်း အကြောင်းမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ရဲကျော်ခေါင်ကို ကျွန်မ ရင်ထဲက ထုတ်ပစ်နိုင်တဲ့ ကျင့်စဉ် ကျွန်မ အောင်မြင်ခဲ့လို့သာပေါ့"

ကျွန်တော် ဒုတိယအကြိမ်မြောက် အကြီးအကျယ် အံ့အားသင့်သွားရပြန်၏။ မေသန့်ခိုင် အစစ်တဲ့။

နောက်ထပ် လှည့်ကွက်တစ်ခု ဖြစ်နိုင်တာကိုလည်း ကျွန်တော် သတိစွဲကပ်ထားလိုက်မိသည်။

တကယ်ကို တစ်ချက်ကလေးမှ အလွတ်မပေးရဲသည် အထိ။

ကိုယ့်ရင်အငွေ့အားကို ကိုယ်မသိ
သူတစ်ပါးရင်ကိုမှ ယူချင်မိတာ
ကျိန်စာအပေါ်မှာ သစ္စာရှိပြချင်တဲ့ ကြမ္မာလို
ငါ့ကိုယ်ငါ ပြန်ပြီးမုန်းတိုင်းထန်ချင်တယ်။

စိတ်လိုက်မာန်ပါ အချစ်နဲ့
ဘယ်နရာသိမြောက် မုန်းမုန်းလဲ ဖြစ်ပြီးမှ
ဘယ်အရာ အသစ်ပြန်ဖြစ်နိုင်မလဲ
စိတ်ဘောင်ဘင်လွဲနေရတဲ့ အရေးထဲမှာ
သတိ့ကို ဝိုးလိုမွေးပြီး ရင်ခုန်သံနွေးနေရတဲ့ကောင်
(လှည့်ကွက်တွေကြောင့်)
ကမ္ဘာမီးလောင်မှာကိုလည်းယုံတယ်။

"မင်းတို့ဟာကလည်း ရှုပ်သထက် ရှုပ်လာပြီ၊ ဆုလတ်မိုရ်က မေသန့်ခိုင် အယောင်ဆောင်လိုက်၊ မေသန့်ခိုင်က ဆုလတ်မိုရ် အယောင်ဆောင်လိုက်နဲ့ ဘာမှန်းကို မသိဘူး၊ ဒီမိန်းမတွေ ထွင်ကို ထွင်လွန်းတယ်"

ဒီဃ စကားကို ကျွန်တော်နှင့် သူရနိုင် ငြင်းချက်မထုတ်ကြ။ သို့ြငား သူရက ...

"ငါတို့လည်း အဲဒီလိုတွေကြောင့် ခေါင်းတွေနောက်နေပြီ၊ သူတို့ကို အသေအချာ သတိထားနေရတယ်၊ နှစ်ယောက်စလုံးက စိတ်တူကိုယ်တူ သူငယ်ချင်းတွေဆိုတော့ ငါတို့ သူငယ်ချင်းနှစ်ယောက်ထက်တောင် သူတို့က ပိုပြီးစည်းရုံးကြသေးတယ်"

ဒီဃက ဝင်၍ ...

"မင်းတို့နှစ်ယောက်လည်း စည်းရုံးကြပေါ့ကွ၊ စည်းရုံးတယ်ဆိုတာ ကပ်စေးနည်းကို လုံးတာများလား"

"ပြောလိုက်ရင် တလွဲတချော် ကရော်ကမည်ချည့်"

ကျွန်တော် မှတ်ချက်ပေးလိုက်သည့်အပေါ် ဒီဃက မကြားဟန်ဆောင်ပြီး ...

"မင်းတို့နှစ်ကောင်ကို ညက ငါ အိပ်မက် မက်သေးတယ်"

"ဘယ်လိုမက်လဲ"

"နှစ်ကောင်စလုံး လားတွေ စီးနေကြတယ်ဗျာ"

"နင့် ကြီးတော်ကြီးပဲ လားစီး၊ မြင်းစီးရတယ်ဆို တော်သေး"

"လားမစီးချင်လို့ မင်းတို့ ချားစီးကြပြန်ရော"

"မင်းကရော အိပ်မက်ထဲမှာ ဘာစီးနေတာလဲ"

"ငါက ဟယ်ရီပေါ်တာလို တံမြက်စည်းပေါင်းကြားညှပ်ပြီး ကမ္ဘာပတ်နေတာ"





"ကမ္ဘာပတ်ပြီး ကဗျာစပ်နေတာလား"

"ဒါပေါ့၊ ငါ့ဘေးမှာ ကမ္ဘာကျော်မင်းသမီးတွေ၊ မော်ဒယ်လ်တွေ တစ်ဖက်ငါးရာလောက် ပါတယ်၊ အကုန် သေးသေးလေးတွေဖြစ်အောင် မန်းမှုတ်ပြီး လွတ်အိတ်ထဲ ထိုးထည့်လာတာ၊ ဗိုက်ဆာရင် ငရုတ်သီးလို တစ်တောင့်ချင်း ထောင်းစားမလို့"

"မင်း အိပ်မက်တာ ဘာလုပ်သေးလဲ၊ ငါ အိမ်မက်တာမှ တကယ်ဟုတ်တာ ဒီဃရ၊ မနေ့ည အိပ်မက်ထဲမှာ ငါ့သားလေ ... အဲ့ဒီ ငါ့သားက မင်းဖြစ်နေတယ်"

ကျွန်တော့် စကားကြောင့် ဒီဃ စိတ်နည်းနည်းဝင်စားသွားပြီး ...

"ဟုတ်လား ... ဘယ်တိုင်းပြည်မှာလည်း"

"ဘယ်ပြည်ရယ်လို့တော့ မဟုတ်၊ မနေ့က အိပ်မက်ထဲမှာ ငါ့သားဟာ မင်းဖြစ်နေတာ သေချာတယ်"

"ရှေးတုန်းက ဘုရင်ကြီးတွေပေါ့"

ထိုမျှအထိ သဘောမပေါက်သော ဒီဃကို သူရက ဝင်၍ ...

"ဟော့ကောင် ဒီဃ၊ မင်းကို သူ့ရဲ့သားလို့ ပြောနေတာကွ၊ ဘာမှလဲ အရိပ်အကင်း မပါးဘူး၊ နထူနအူကောင်"

"ဟေ ... ငါ့ကို ကပ်နိုပ်နေတာပါလား၊ ရတယ်လေ၊ ငါ့အိပ်မက်ကို ဆက်ပြောဦးမယ်၊ မင်းတို့နှစ်ယောက်က ငါ့ရဲ့တပည့်တွေ ဖြစ်နေကြတယ်၊ အိပ်မက်ထဲမှာပေါ့ကွာ၊ ငါက မင်းတို့နှစ်ယောက်ကို ..."

"အဖေလို့ ခေါ်လိုက်ရောလား"

ဒီဃ စကားမဆုံးခင်မှာ သူရက ဝင်ပိတ်လိုက်၍ ဒီဃ တရှီးရှီးနှင့် ဒေါကန်သွား၏။ ကျွန်တော်က

"ယောက်ဖလို့ခေါ်တာပါကွာ၊ သူ့ညီမလေး နှစ်ယောက်ကို ငါတို့နဲ့ ရှိုင်းပြီး အတင်းပေးစားတာတွေ ဒီကောင် စိတ်စွဲပြီး အိပ်မက် မက်နေတာ နေမှာပေါ့"

ဒီဃ ဒေါကန်နေတာကို ကြည့်ပြီး နှစ်ယောက်သား တခွီးခွီးနှင့် ရယ်မိကြ၏။





ထိုစဉ်မှာပင် ကလေးဘဝကလိုမျိုး ဒီဃ ပြောလိုက်၍ နှစ်ယောက်သား ရယ်ခြင်းတို့ကို တိုးလိုးတန်းလန်းနှင့် ရပ်ကာ ပါးစပ်တွေ တင်းတင်းပိတ်စေ့ နေပေးလိုက်ရ၏။ မနေ၍လည်း မရ။ ဒီဃ ပြောလိုက်တဲ့ ထုတ်ပြန်ချက်က ...

"ရယ်တဲ့ကောင် ငါ့သား"တဲ့။

မေသန့်ခိုင်က ရဲကျော်ခေါင်နှင့် ချစ်သူဘဝရောက်ခဲ့ကြပုံအသေးစိပ်ကို ပြောပြ၏။ ပြီးလျှင် အချိုရည်တစ်ငုံသောက်ပြီး နောက်ကြောင်း အဖြစ်အပျက်ကို တောက်လျှောက်ပြောပြပြန်၏။

"ရဲကျော်ခေါင်ရဲ့ အကျည့်စရိုက်ကိုက သူ့ကိုယ်သူ အထင်ကြီးတယ်၊ မိန်းမတွေမှန်သမျှ သူ့ကို အလိုလိုချစ်ရေးဆိုလာစေရမယ်၊ သူ့ကို တွဲမိပြီးတာနဲ့ ချစ်ပြီးတာနဲ့ အဲဒီမိန်းမဟာ သူ့ကို လက်ထပ်ခွင့် မဖြစ်မနေ တောင်းလာစေရမယ်၊ တကယ်အတ္တကြီးပြီး၊ မိန်းမနိုင်နည်းကို အရည်ကျိုသောက်၊ နောက်တော့ လူအများရှေ့မှာ ဂုဏ်မောက်ပြချင်တဲ့ လူစားမျိုးပေါ့၊ စေ့စေ့တွေးလေ ကြောက်စရာကောင်းလေ ဆိုတဲ့ ယောကျ်ားအစစ်ကို ပတ်သက်ခြင်းကြီးကြီးနဲ့ အရှင်လတ်





လတ် ရင်ဆိုင်လိုက်ရတဲ့ ကျွန်မဘဝမှာ ဘယ်လောက်အထိ စိတ်ဒုက္ခဒဏ်နဲ့ အတွင်းကြေ အောင့်ခံခဲ့ရလိမ့်မယ်လို့ ရှင် ထင်သလဲ၊ အဲ့ဒီမှာတင် စိတ်ကျဝေဒနာ စွဲချင်တဲ့အထိ ရဲကျော်ခေါင်ရဲ့ ပြုစားချက် အမျိုးမျိုးကို ကျွန်မ လိမ့်ခံခဲ့ရတယ်၊ ဘာဖြစ်သလဲ၊ ဘယ်သူမပြု မိမိမှုသဘောနဲ့ ကျွန်မ လိမ့်ခံခဲ့တယ်၊ အချိုသတ်ခဲ့တယ်၊ ပညာရှိအမျက် အပြင် မထွက်သလို နေပြခဲ့ပြီး ရဲကျော်ခေါင် ကျွန်မကို ဖြတ်မရအောင် စွဲစွဲလမ်းလမ်း ချစ်မိလာတဲ့အထိ တအိအိ တရွေ့ရွေ့နဲ့ မျှားခေါ်ခဲ့တယ်၊ ရဲကျော်ခေါင် တစ်ယောက် ကျွန်မကို မတွေ့ရရင် မနေနိုင်လောက်အောင်ကို ဖြစ်လာတဲ့အချိန် ကျွန်မကို လက်ထပ်ပါရစေလို့ သူ့မာန်စွယ်ချိုးပြီး ရိုးရိုးသားသားလေး ခွင့်ပန်လာတဲ့အခါ၊ အဲဒီချိန်အခါကို စောင့်နေတဲ့ ကျွန်မက ရဲကျော်ခေါင်ကို အသိသက်သေတွေနဲ့ အကျဉ်းရုံးပြီး လက်ထပ်ပြလိုက်တယ်၊ လက်ထပ်ပြီး အဲ့ဒီညနေမှာပဲ ရဲကျော်ခေါင်ရှေ့မှာ လက်ထပ်စာချုပ်ကို ဖျက်ဆီးပစ်လိုက်တယ်၊ အဲ့ဒီမှာတင် ရဲကျော်ခေါင် အရမ်းရှက်

ပြီး ရောင်ထွက်သွားတယ်၊ အရင်ကလို မိန်းမတွေကို အထင်မသေးရဲတော့ဘူး၊ ငြိမ်သွားပြီ၊ မရူးမိတော့ဘူးလို့ သတင်းကြားရတာပဲ၊ ရှင် ဒီစာကိုရတာ အဲ့ဒီအဖြစ်အပျက်တွေ ပြီးစီးပြီး နှစ်ဆယ့်ငါးရက်တိတိနေ့မှာ ဖြစ်နေတယ်"

"ဩော ... အံ့ဩစရာပဲနော်၊ အဲ့ဒီအချိန်အထိ စာရွက်ပေါ်က မင်တွေ ပြယ်သွားတာမျိုး သိပ်မဖြစ်ဘူး"

"ရဲကျော်ခေါင်က မင်အကောင်းစားသုံးတဲ့ ဘောပန်(လ်)မျိုးကို ဆောင်တယ်၊ ထောင်ကျော်တန် ခရော့စ်ဘောပန်(လ်)မျိုးလည်း မဟုတ်ဘူး၊ သောင်းကျော်တန်တဲ့ ဘောပန်(လ်)ဖြစ်လိမ့်မယ်၊ ပြီးတော့ လက်ထပ်စာချုပ်ကိုလည်း စက္ကူအကောင်း၊ ပုံနှိပ်မင်အကောင်းစားနဲ့ တကူးတက သီးသန့်မှာယူခဲ့တာ၊ သူက နောက်ပိုင်းကာလတွေမှာ ကျွန်မကို ပြန်ချော့တဲ့အနေနဲ့ ကျွန်မအတွက်ဆို ဘာပစ္စည်းမဆို အကောင်းတကာ့ အကောင်းဆုံးကို ရအောင် ရှာဖွေပေးလိုက်ရမှ ကျေနပ်ဖြေသာတဲ့လူမို့ သူ့ကိုယ်သူ ခံယူပြီး ဖြစ်အောင်လည်း အမြဲလုပ်တတ်ခဲ့တယ်လေ"





ကျွန်တော် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလိုက်သည်။

"ကျွန်မ ဖျက်ဆီးပစ်လိုက်တဲ့ လက်ထပ်စာချုပ် အပိုင်းအစတွေ ရှင် ပြန်ပြီး အလေးဂရုပြု ယူလာတယ်၊ အဟောင်းကို အသစ်ပြန်လုပ်လို့ ရှင့်ကို မယုံသင်္ကာမှုနဲ့ ဒေါသဖြစ်ခဲ့မိသေးတယ်၊ အဲ့ဒါကြောင့် အစပိုင်းမှာ ရှင့်ကို ကျွန်မ ခပ်စိမ်းစိမ်း နေခဲ့မိတာပေါ့"

"အခုတော့ရော ..."

"ရှင်နဲ့ ကျွန်မ တစ်ဦးကိုတစ်ဦး အပြန်အလှန် နားလည်မှုရသွားကြပြီလေ"

"သူရက ဆုလတ်မိုရ် အယောင်ဆောင်နာမည် ပြောင်းခဲ့တဲ့ ဟောဒီက မေသန့်ခိုင်ကို တကယ်မေတ္တာသက်ဝင်နေတာပါ"

"ရှင်က ကျွန်မကို သူရနဲ့ အတင်းကာရော သဘောတူနေတာလား၊ မြားနတ်မောင် ဝင်လုပ်နေတာလား"

"ဖြစ်သွားစေချင်လို့ပါ"

"ကျွန်မက ရှင် စိတ်ဝင်စားခဲ့တဲ့ မေသန့်ခိုင်အစစ် ဆိုတာ
မေ့နေပြီလား"

သူမ စကားကြောင့် ကျွန်တော့်ရင်ထဲ အချက်ပေးသံ
တွေ မြည်စွဲသလို တုန်ခါသွားမိ၏။ သတိပေးအချက်ပြမီးရောင်တွေ
သူမမျက်နှာပေါ်မှာ လင်းလိုက်မှိတ်လိုက်ဖြင့် ရောင်ပြန်ဟပ်သလို
ပင်။

"ကျွန်တော့်ကို လမ်းလွှဲပို့လိုက်တဲ့ မေသန့်ခိုင် ဆိုတာကို
အမှတ်ရနေပါတယ်"

"ရှင် သိချင်သမျှ သိခွင့်ရပြီပဲ၊ ရှေ့ဆက်ပြီး ဘာလုပ်ဖို့
စိတ်ကူးထားသလဲ"

"မေသန့်ခိုင် အယောင်ဆောင်ခဲ့တဲ့ ဆုလတ်မိုရ်နဲ့ တွေ့ချင်
တယ်"

"အတွေ့ခံလိမ့်မယ်လို့ ကျွန်မ မထင်ဘူး"

"ကျွန်တော်က မရရအောင်တွေ့ဖို့ ကြိုးစားမှာပဲ"

"ရှင့်ကို စိတ်လျှော့ဖို့ သူ ပြောပြခဲ့ပြီးပြီ မဟုတ်လား"

"စောင့်မျှော်ပိုင်ခွင့် ပေးထားပါသေးတယ်"





"ဘုရားရေ ... ရှင် ဘယ်အချိန် ဘယ်ကာလရောက်ရောက်
အခုလို မျှော်လင့်ချက်ကြီးနဲ့ တကယ်စောင့်နေမှာလား"

ကျွန်တော် စိတ်မပါ့တပါဖြင့် ခေါင်းညိတ်ပြလိုက်
သောအခါ မေသန့်ခိုင်က ခပ်ဟားဟားလေး ရယ်၏။ ပြီးမှ ...

"ရှင့်ကို အပြတ်ငြင်းရမှာ အားနာလို့ စကားလုံးလှလှလေး
တွေ ရွေးချယ်သုံးနှုန်းသွားခဲ့တာကို ရှင် အဟုတ်မှတ်ပြီး
စောင့်နေရင် ရှုံးသွားလိမ့်မယ်၊ ဆုလတ်မိုရ်အတွက် ရှင်လို
ယောကျ်ားတွေကို အချိန်မရွေး အစားသွင်းပြီး သတိရစိတ်
ကို ချေဖျက်နိုင်တယ်ရှင့်၊ ဒီလို ပြောလိုက်လို့ ရှင် ဆတ်
ဆတ်ခါအောင် နာသွားမယ်ဆိုတာ ကျွန်မ သိပါတယ်၊
အစိမ်းချုပ်က ဒဏ်ရာအကျက်မြန်တယ်၊ ထုံဆေးထိုးပြီး
ချုပ်တာက ဒဏ်ရာအကျက်နှေးအောင် အီလေးဆွဲနေတယ်၊
ရှင် ဒဏ်ရာအကျက်မြန်အောင်လို့ အစိမ်းချုပ်ခံရသလို
ပြင်းပြင်းထန်ထန် နာကျင်မှုစေမဲ့ စကားမျိုး ကျွန်မ မသုံး
နှုန်းလိုက်ရတာပါ၊ အဲ့ဒီအတွက် ရှင် ကျွန်မကို စိတ်ဆိုး
ချင်ဆိုး၊ ထင်ချင်သလိုထင်နိုင်ခွင့်ရှိတယ်"

ကျွန်တော့် ရင်ထဲ နင့်ခနဲ နင့်ခနဲ ဝင်သွားသော စကား၊ မျက်လုံးတွေ ပြာဝေသွားမတတ် ကြားလိုက်ရသည်။ မေသန့်ခိုင်က လှပသော ကိုယ်နေဟန်ပျောင်းနွဲ့မှုဖြင့် ကျွန်တော့်ကို ရဲရဲပြန်ကြည့်နေ၏။ ပျောင်းနွဲ့ခြင်းနှင့် မာကျောကြမ်းကြုတ်ရက်စက်ခြင်း။ ဆန့်ကျင်ဘက်ဆွဲအားတွေနှင့် ပေါင်းဖက်ရှင်သန်နေသော မိန်းမတစ်ယောက်အသွင်၊ မေသန့်ခိုင်ကို ကျွန်တော် အလိုလို ရှုမြင်လာမိ၏။

မာယာဒင်းကြမ်း ...
အကြည့်နဲ့ညို့ပြီး ငါ့ကို ဖမ်းတယ် ...
နှုတ်ခမ်းနှစ်လွှာအဖွင့် ...
အကြားအာရုံတွေလည်း အဆိပ်သင့်ခံလိုက်ရ။
က,သောလက်မှာ
ငါ့ရင်ပျက်ကြီးလည်း အသက်မပါချင်တော့။

ကျွန်တော်အနေနှင့် ပြောသင့်ရာကို ရွေးချယ်ပြောလိုက်ရတော့မည်။





မေသန့်ခိုင်နဲ့ဆုလတ်မိုရ်၊ ခိုင်နဲ့မိုရ် နှစ်ယောက်တည်းက ကျွန်တော့်ကို ဘယ်လို ဆက်ဖြစ်စေချင်တဲ့ဆန္ဒ ရှိနေသလဲ၊ ကျွန်တော် ရှေ့ဆက်ဖြစ်ချင်တာလည်း ပြောခဲ့ပြီးပြီ၊ ကျွန်တော့်ဘက်က ဆုံးဖြတ်ချက်ကို အသိအမှတ် မပြုရင် ခိုင်နဲ့ မိုရ်ရဲ့ ဆန္ဒကို အသိအမှတ်ပြုရမဲ့ကိန်း ဆိုက်နေပြီလေ။

မေသန့်ခိုင်က လည်တိုင်ကြော့ကို မော့ပြီး ပေါ့ပေါ့ပါးပါး မျက်နှာအနေအထားမျိုးဖြစ်အောင် စိတ်အနှောင့်အယှက်ဖြစ်အောင် စိတ်နှောင်ကြိုးဖြင့် ကကွက်ပြောင်း သုံးလာ၏။

"ရှင့်အနားမှာ ကျွန်မတစ်ယောက်လုံး ရှိနေတော့မှာပဲ၊ ကျွန်မက မေသန့်ခိုင်အစစ် ဖြစ်နေပြီလေ၊ ဟုတ်တယ် မဟုတ်လား"

"သူရ ... သူရကို ကျွန်တော် ဘယ်လို မျက်နှာပြရမှာလဲ၊ မေသန့်ခိုင်အနေနဲ့ရော လိပ်ပြာသန့်နိုင်ပါ့မလား၊ ရိုးရိုးသားသား ပြောင်းလဲတွဲဖြစ်ရင်တောင် သူရနိုင်တစ်ယောက်တည်း ခေါင်းမီးလောင်သလို မုန်ယိုပြီး စွပ်စွဲချက်တွေ တစ်လှေကြီးနဲ့ စိတ်ဝမ်းကွဲတဲ့လမ်းကို ရွေးချယ်လှမ်းတော့မှာ သေချာပေါက်ပဲ"

"အဲဒါ သူ့ဘက်အပိုင်းလေ၊ ကျွန်မဘက် အပိုင်းကတော့ ကိုသူရဆိုတဲ့ သူရနိုင်နဲ့ ပတ်သက်ရင် အလုပ်သဘောအရ တွဲဖြစ်တာပဲရှိတယ်၊ အဲဒီအပေါ် သူ့ဘာသာ ရင်ခုန်ယစ်မူး ရူးသွပ်ပစ်လိုက်တာတော့ သူ့သဘော သူ ဆောင်ပစေပေါ့"

မေသန့်ခိုင်ရဲ့ အညှာအတာကင်းမဲ့သော စိတ်ထား။ ရိုပ်စားနားမလည်မိလိုက်သည့် ကျွန်တော် ထာဝရလက်တွဲဖော် အဖြစ်၊ အနာဂတ်ကို အချစ်နှင့် တည်ဆောက်ဖို့ အကွက်ချဖိတ်စာ တစ်ခြမ်း ရိုက်ပြီး ဘာမသိ ညာမသိ စိုင်းပြင်းနေသော သူရ။

လှည့်ကွက်အသစ်ရဲ့ အရောင်၊ အနံ့ကို ရနေမိသဖြင့် ကျွန်တော် စိတ်တွေ ယောက်ယက်ခတ်ချင်လာ၏။ တောမုဆိုးရနံ့ ကိုရသော သားကောင်ပမာ ပျာယာခတ်နေမိသလိုပင်။ ထို့ကြောင့်...

မေသန့်ခိုင်နဲ့ ဆက်နွယ်မှု အခန်းက ပြီးစီးသလောက် ဖြစ်သွားပါပြီ။ တစ်ခါက မေသန့်ခိုင် အယောင်ဆောင်ခဲ့တဲ့ ဆုလတ်မိုရ်ရဲ့ ထပ်ပြီး တွေ့ဆုံစရာ အခန်းတွေ များများစားစား ကျန်နေသေးတယ်။





"ဆုလတ်မိုရ်က ဖြတ်ချထားခဲ့ပေမဲ့ ကျွန်တော် မပြတ်နိုင်သေးဘူး ဆိုတာ ထပ်ပြောပါရစေ"

"ရှင်က ဇာတ်လမ်းဘယ်နှပုဒ်လောက် ရချင်လို့လဲ၊ ကျွန်မ အကြောင်းကို ရေးမယ်ဆိုရင် အမည်နဲ့ နေရပ်လိပ်စာ လွှဲရမယ် ဆိုတာလည်း အမှတ်ရတုန်း သတိပေးလိုက်တယ်နော်၊ ရှင့်ဆန္ဒနဲ့ရှင် ဆုလတ်မိုရ်နဲ့ တွေ့ချင်တယ်ဆိုရင်တော့ သဘောပဲ"

"ကျွန်တော် ဒီဇာတ်လမ်းကို ရေးဖြစ်ချင်မှ ရေးဖြစ်မှာပါ၊ ဘယ်လိုပဲဖြစ်ဖြစ် မေသန့်ခိုင်ရဲ့ အကြောင်းကို မေသန့်ခိုင် ကိုယ်တိုင်က ပြောပြခဲ့လို့ ကျေးဇူးတင်ပါတယ်၊ အရင် အယောင်ဆောင် မေသန့်ခိုင်က ပြောခဲ့ဖူးတယ်၊ မေသန့်ခိုင် စာချုပ်ဖြစ်ရပ်အကြောင်းကို စုံစမ်းလေ့လာနိုင်တဲ့အရည် အချင်း၊ မေသန့်ခိုင်အနေနဲ့ ဖွင့်ပြောလာအောင် ဆွဲဆောင်နိုင်တဲ့ အရည်အချင်း ကျွန်တော့်မှာ ရှိပုံမရဘူးလို့ အထင်သေးခဲ့သေးတယ်၊ အဲ့ဒီ အယောင်ဆောင် မေသန့်ခိုင်နဲ့ တွေ့ရင် အဲ့ဒီအကြောင်းကို ထောက်ပြဆွေးနွေးချင်ပါသေးတယ်"

"ရှင် အဲဒီလို အထင်ရောက်ရင်တော့ သိပ်မှားသွားမှာပေါ့၊ ဓာတ်တွေ ရှုပ်သထက် ရှုပ်လာမှာစိုးလို့၊ ပြီးတော့ ရှင့်ကိုလည်း လျော်ကြေးသဘောမျိုး စာနာမှုနဲ့ တုံ့လှည့်ပေးတဲ့ သဘောနဲ့ ကျွန်မအကြောင်းကို ကျွန်မကိုယ်တိုင်ပဲ ပြောပြဖြစ်ခဲ့တာ၊ ဒါနဲ့ပတ်သက်ပြီး မိုရ်ကလည်း ကျွန်မကို ထောက်ပြ သတိပေးခဲ့ပါသေးတယ်၊ ရှင် ဒီလိုမေးလာရင် ကျွန်မ အခုလေးတင် ဖြေလိုက်သလို ဖြေမယ်ဆိုလို့ မိုရ်က သဘောတူပေးခဲ့တာပေါ့၊ ဒါဆိုရင် ရှင် နားလည်သဘောပေါက်လောက်ပြီထင်တယ်၊ မိုရ်ကို ဘာမှ အပေါ်စီးယူပြီး ပြောနေဖို့မလိုအပ်တော့ဘူးလေ"

မေသန့်ခိုင်က အကြောင်းရှိ၍သာ ဆုလတ်မိုရ်နှင့် ပတ်သက်ရာလမ်းတွေကို အတင်းလိုက်ပိတ်နေ၏။ နားလည်ရခက်သော မိန်းမနှစ်ယောက်ရဲ့ သဘောကို စောကြောကြည့်မိသောအခါ ကျွန်တော်နှင့် သူရနိုင်တို့ နှစ်ယောက်မှာ သူမတို့ လှည့်စားဆော့ကစားပြီး ဟားစရာ သတ္တဝါလေးတွေများ ဖြစ်နေပြီလားမသိ။





"မေသန့်ခိုင်အနေနဲ့ သူရနဲ့ လက်တွဲပြီး ဆက်အလုပ်လုပ်ဦးမှာလား"

"သူက ဗျူးသမား သက်သက်လေ၊ အဆက်အသွယ်ရရင် ဆက်သွယ်ပေးနိုင်ရုံပဲရှိတာယ်၊ ကျွန်မက VCDသီချင်းခွေတွေ ရိုက်မယ်၊ ကြော်ငြာတွေ ရိုက်မယ်၊ နောက်ဆို ဗီဒီယို၊ ရုပ်ရှင်ဘက်ကို ကူးမယ် ... အဲဒီအတွက် ဆင့်ပွားနိုင်တဲ့ မိတ်ဆွေသစ်တွေ ကျွန်မမှာ အများကြီး ရနေပြီ၊ ကိုသူရနဲ့ လက်တွဲချင်လည်း ရသလို မတွဲလို့လည်း ဘာမှ မဖြစ်တော့ဘူး"

"သူရက မေသန့်ခိုင်ကို မရမက ပြန်ချဉ်းကပ်ပြီး ကြိုးစားနေရင်ကော"

ကျွန်တော် ပြတ်ပြတ်သားသား မေးပစ်လိုက်၏။ သူမကလည်း ရှောရှောရှူရှူ အလွယ်တကူ ပြန်ဖြေလိုက်ပုံမှာ ...

"ဆုလတ်မိုရ်က ရှင့်ကို စိမ်းရင့်ပြတ်သားပြသလို ကျွန်မကလည်း သူရနိုင်ကို စိမ်းရင့် ပြတ်သားပြလိုက်ရုံပေါ့"

"အဲ့ဒီအတွက် အကျိုးဆက်က"

ကျွန်တော် ထပ်ဆင့်မေးလိုက်ခြင်းပင်။ သူမက ...

"တစ်ယောက်နဲ့တစ်ယောက် မသိခင်က သူစိမ်းအခြေအနေတွေ ပြန်ရောက်သွားကြမယ်လေ၊ မဟုတ်ဘူးလား"

"ဒါပဲလား"

"ဒါပဲ"





ကျွန်တော် မပြောခင်ကပင် မေသန့်ခိုင် ခေါ်ပြောလိုက်၍ သူရနိုင် ဇက်ကျိုးပြီး ပြန်ရောက်လာ၏။ ကျွန်တော်တီးခေါက်မေးကြည့်သောအခါ မျက်ရည်ဝဲဝဲ၊ နှာရည်တရွဲရွဲညှစ်ပြီး ငိုသံပါကြီးဖြင့် သူရနိုင် ပြန်ပြောလာ၏။ ဒီဃက အကြောင်းစုံသိထားရ၍ တောက်တခေါက်ခေါက်။ ကျွန်တော်က ဟိန်းဟောက်သံဖြင့် ...

"မျက်ရည်မကျစမ်းပါနဲ့ကွာ၊ ငါတို့ အခန်းတွေ ကျန်သေးတယ်၊ သူတို့ ဘယ်လောက် စွမ်းနိုင်မလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

ဒီဃက ...

"ဟုတ်သားပဲ သူရရာ၊ မင်း လုပ်ပုံက မင်းနှာမည်ကိုတောင် ပင်စင်ပေးပစ်လိုက်ဖို့ကောင်းတယ်၊ ရှီးတယ်မှပဲ၊ အဲ့ဒီမိန်းမ မရတော့ မင်း သေသွားမှာမို့လို့လား"

သူရကာ ငိုသံပါကြီးဖြင့် ...

"သေမှာ ... ငါ သေမှာကွ"

ဒီဃက ...

"သေကွာ၊ ဒီလောက်တောင် သေချင်တဲ့ကောင်၊ သေကိုသေစေရမယ်၊ ဘယ်လိုနည်းနဲ့ သေချင်သလဲပြော၊ ငါ ကူညီမယ်၊ ဆွဲကြိုးချမယ်ဆိုရင် ကြိုးချပေးမယ်၊ ရေနစ်သေမယ်ဆိုရင် နောက်ကနေ တွန်းချပေးမယ်၊ အဆိပ်သောက်သေမယ်ဆိုရင် သွားဝယ်ပေးမယ်"

"ဒီဃ ... မင်းကလည်းကွာ၊ ဒီမှာ စိတ်ဆင်းရဲနေကြပါတယ်ဆိုမှ နင့်မေကလွှီး ဘာစကားတွေ လျှောက်ပြောနေရတာလဲ"

"မယားတရူးတွေ၊ သေသွား နားအေးတာပဲ၊ ယောက်ျားသိက္ခာ ကျလွန်းလို့ပါ၊ ဒီမှာ ယောက်ျားကွ ယောက်ျား၊ အတောင်နှစ်ဆယ်ဝတ်ရတဲ့ မင်းယောက်ျား၊ ဘုန်းကံပါရမီကြီးလို့ ယောက်ျားဖြစ်ရတာ၊ ပါရမီနိမ့်ရင် မိန်းမဖြစ်နေပြီ၊ ကိုယ့်ထက်နိမ့်တဲ့သူက တွယ်လွှတ်လိုက်တာ၊ ကျိတ်ခံလိုက်





ပေါ့၊ အခုတော့ အရှက်ဟာက်တက်ကွဲအောင် ကော်ဖီဆိုင်ထဲလာငိုနေတယ်၊ ဆိုင်ထဲက ဝိုင်းတိုင်း လှုပြည့်နေတာ မတွေ့ဘူးလား၊ မင်းကို ကြည့်ပြီး ဘာကြောင့် ငိုနေမှန်း မသိလို့ တီးတိုးတီးတိုး ဝေဖန်နေကြသံတွေ မင်း မကြားရဘူးမဟုတ်လား၊ ငါ ရှက်တယ်၊ မင်းတို့ ..."

ဒီဃ ပါးစပ်ပေါက်ထဲကို အီကြာကွေးတစ်ချောင်း အတင်းထိုးထည့်လိုက်မှ ဗလုံးဗထွေးဖြစ်ပြီး အသံတိတ်သွား၏။ သူရနိုင် နှပ်တစ်ချက်ညှစ်ပြီးမှ ...

"သူတို့ မျက်လှည့်ပြလိုက်တာ မြန်လွန်းတယ်ကွာ၊ ငါ့ကိုယ်ငါ လည်လှပြီ မှတ်နေတာ၊ သူတို့နဲ့ကျမှ နှပ်ပစ်ခံရတာပဲ၊ သူတို့ အဲဒီလို နာမည်အလဲအပြောင်း လုပ်ထားမယ်လို့ ငါ ဘယ်ထင်မိပါ့မလဲ၊ သူတို့နဲ့ ပတ်သက်ဆက်နွယ်တဲ့ လူဆိုတာလည်း တို့နဲ့က မပတ်သက်ဖူးတော့ သူတို့ပြောသမျှ ယုံမိခဲ့တာပေါ့"

"မင်းရဲ့ ဆုလတ်မိုရ်က မေသန့်ခိုင် ဖြစ်လိုဖြစ်သွား၊ ငါ့ရဲ့ မေသန့်ခိုင်က ဆုလတ်မိုရ် ဖြစ်လိုဖြစ်သွားနဲ့ ရှေ့

ဆက်ဖို့လမ်းတွေလည်း အဖျက်ဆီးခံထားလိုက်ရပြီ၊ ဘာဆက်လုပ်ကြမလဲ"

ဒီဃက ဝင်၍ ...

"ဘာမှ ဆက်လုပ်မနေနဲ့၊ ထပ်ဝင်ရင် ထပ်ကွဲနေလို့ တောက်လျှောက် အချုပ်ခံထားရဦးမယ်၊ ငါ့လိုပဲ နားအေးပါးအေး အိကြာကွေးဝါးချင်ဝါး၊ မဝါးချင်လည်း ဘုန်းမာန်က စာပြန်ရေး၊ စာမရေးဖြစ်တာကြာလို့ ထုတ်ဝေသူက ပူပွမ်လာလိမ့်မယ်၊ သူရကလည်း မဂ္ဂဇင်းတွေ ဂျာနယ်တွေမှာ အင်တာဗျူးနဲ့ ပေါ့ပ်သတင်းတွေ ပြန်ရေး၊ အပတ်စဉ်လစဉ် အလုပ်ကို လုပ်နေရတာ စိတ်ဓာတ်ယိမ်းယိုင်သွားလို့ မဖြစ်ဘူး၊ စိတ်ဓာတ်ပြိုကွဲရင် အလုပ်လုပ်ချင်စိတ်ခန်းခြောက်ပြီး အနာဂတ်လမ်းတွေ ပျောက်သွားလိမ့်မယ်၊ အချစ်နာဆိုတာ သိပ်အဆိပ်ပြင်းတာကွ၊ မုန်းမေ့ပစ်လိုက်၊ လွမ်းစရာရှိရင် နာတာနဲ့ ကြိတ်ဖြေလိုက်"

"ဒါတော့ မင်းပြောမှလား ဒီဃရာ၊ တို့လည်း သိတာပေါ့၊ ရောဂါပြင်းလွန်းရင် ဆေးတိုးဖို့မလွယ်ဘူးကွ"





"လွယ်ပါတယ်ကွာ၊ ဆေးပြင်းလိုက်ပေါ့"

"ရောဂါပြင်းနဲ့ ဆေးပြင်းနဲ့ တိုက်ခိုက်ကြရင် နောက်ဆုံးရင်အပျက်ကြီး ဖြစ်ကျန်ခဲ့မှာပေါ့"

"မင်းတို့ကောင်တွေ တော်တော်စိတ်ကူးယဉ်တယ်၊ ဘာရင်အပျက်ကြီးလဲ၊ ဆင်ခြေဆင်လက်တွေ များမနေနဲ့၊ ဆင်ခြေလျှောကနေ မျောချလိုက်တော့၊ တစ်ကနေ ပြန်စ"

ဒီဃက အားတက်ဖွယ်ရာတွေ ငိုကာဖွင့်ပြနေ၏။ ကျွန်တော်နှင့်သူရတို့မှာ အတွေးကိုယ်စီဖြင့် ရင်နာသည့်ဝေဒနာကို ပြန်လည်ပြီး အတွေးဝင်နေဖြစ်ကြ၏။ ပတ်ဝန်းကျင်ကိုလည်း အမှုမထားနိုင်။

ဒီဃက အားတက်စကားတွေ ပြောနေရင်းမှ ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး စကားတွေ လေသံပျော့ကျသွားကာ ...

"သင်းတို့ နှစ်ယောက်ကို လူချင်းချိန်းပစ်လိုက်ပါလား"

"ဘာလုပ်ဖို့လဲ"

"ပြောမရတဲ့အတူတူ အဲ့ဒီမိန်းမတွေရဲ့ မာယာစည်းဝိုင်းထဲ အတင်းပြန်ဝင်ကြတော့ပေါ့ကွာ၊ မေသန့်ခိုင် အယောင်ဆောင်ခဲ့တဲ့ ဆုလုတ်မိုရ်ကို သူရက ချဉ်းကပ်၊ ဆုလတ်မိုရ် အယောင်ဆောင်ခဲ့တဲ့ မေသန့်ခိုင်ကို ဘုန်းမာန်က ပရိုပို့စ်လုပ်၊ ဒါဆို အဲ့ဒီ မိန်းမနှစ်ယောက်လည်း မျက်စိလည်သွားကြလိမ့်မယ်"

"ရင်နဲ့ရင်းပြီး မကစားရဲဘူး ဒီဃ"

"သူတို့က မိန်းမတွေဖြစ်ပြီး ကစားရဲကြတယ်လေကွာ"

"သူတို့မှာလည်း သူတို့အခြေအနေအရ ဟန်ဆောင်ခဲ့ကြတာဖြစ်မှာပေါ့"

"ဟူး"ခနဲ ဒီဃ သက်ပြင်းမှုတ်ထုတ်၏။ ပြီးမှ ...

"ဒီမှာ သူရ၊ မင်းအိမ်အကြောင်းကိုလည်း မင်း သိရဲ့သားနဲ့ကွာ၊ မင်းတို့က မျိုးရိုးဂုဏ်ပုဒ်ကို အသက်လို ထုပ်ပြီး ကာကွယ်ကြတဲ့သူတွေ၊ မင်းမိဘတွေ ပေးစားတဲ့သူကိုပဲ အချိန်တန်ရင် မင်း ယူရမဲ့ဟာကို၊ သက်သက် အပိုအပူရှာနေတယ်၊ ဘုန်းမာန်တို့ အိမ်ကတော့ ကိုယ်ကြိုက်ရာ





ကိုယ်ယူစနစ်ပဲ၊ ဘာပြဿနာမှ မရှိဘူး၊ သူရတို့ မဟာမျိုးနွယ်မိသားစုဝင်တွေကတော့ သူတို့ အသိုင်းအဝိုင်းထဲက မျိုးနွယ်တူ၊ အဆင့်အတန်း ရာထူးဂုဏ်သိမ်တူတဲ့ သူကိုပဲ ရအောင်ပေးစားမှာ၊ မင်းက တစ်ဦးတည်းသောသား၊ မင်းကြိုက်ရာရွေးယူသွားရင် ငါ မြင်ယောင်သေးတယ်၊ မင်းအိမ်က အတင်းလိုက်ခွဲကြမှာကွ၊ အဲ့ဒီအခါကြတော့မှ ပိုပြီး ကြေကွဲဝမ်းနည်းစရာတွေ ဖြစ်ကုန်လိမ့်မယ်၊ အခုလို စောစောစီးစီး ပြတ်သွားတာလည်း ကောင်းပါတယ်ကွာ"

"မရဘူး၊ မပြတ်နိုင်ဘူး၊ မို့ရ်ကို မိုရ် အဖြစ်ဟန်ဆောင်ခဲ့တဲ့ မေသန့်ခိုင်ကို ငါ တကယ်ချစ်တာကွ၊ ဖြစ်ချင်တာဖြစ် ငါ ရင်ဆိုင်မယ်၊ ရအောင်ကိုယူမှာပဲ"

ကျွန်တော်လည်း သူရနိုင် အိမ်အကြောင်းကို ကောင်းကောင်းသိသူမို့ ...

"ဒီဃ ပြောတာဟုတ်တယ်၊ မင်း ခေါင်းမမာစမ်းပါနဲ့၊ မင်းကို မင်းအိမ်က ကြိုက်တာလုပ်ခွင့် ကြိုက်သလိုနေခွင့် ပေးထားတယ်၊ အိမ်ထောင်ရေး မျိုးဆက်ထူထောင် တည်တဲ့

ရေးမှာတော့ သူတို့စိတ်ကြိုက် မင်းလိုက်နာပါ့မယ်ဆိုတာ ကတိပေးပြီးသား၊ မင်း ဖောက်ရင် နောက်နောင် ဘာအခွင့်အရေးမှ မင်း ရတော့မှာ မဟုတ်ဘူး၊ ငါနဲ့ ဒီဃကိုလည်း မင်းအိမ်က မင်းနဲ့ ပေးတွဲတော့မှာ မဟုတ်ဘူး”

ကျွန်တော့်စကားကြောင့် သူရနိုင် ကြောင်တွေပြီး ကျွန်တော့်ကို စိုက်ကြည့်နေ၏။ ကျွန်တော့်ကို မြင်ဟန်မတူ။ အတွေးနက်နက် နစ်ကျွံနေသလိုပင်။ ဒီဃက သူရကို လှုပ်ယမ်းပြီး ...

“သူရ ... သူရ ... မင်းစိတ်ကို ထိန်းပါစမ်းကွာ၊ မင်းအတွက် ပြောနေတာပါ၊ မင်းတို့ အိမ်က အာဏာစက်ပြင်းတာ မင်း အသိဆုံးပါ၊ ခံစားနေတာတွေ တင်းကျပ်မထားနဲ့၊ ဖြေချလိုက်၊ မိုရ် ... အဲ ... မေသန့်ခိုင်ထက်သာတဲ့ မိန်းမကို မင်း ရမှာပါကွာ”

သူရနိုင် ‘အင်း’ ခနဲ သက်ပြင်းချ၏။ ကျွန်တော်နှင့် ဒီဃကို တစ်လှည့်စီကြည့်ပြီး ...

“ငါ့စိတ်နဲ့ ငါ့ကိုယ် မဟုတ်တော့ပါဘူးကွာ”





ဒီဃက ...

“ဒါဆိုရင် မင်းအမှတ်နဲ့ မင်းအချစ်က ဘယ်ရောက်သွားပြီလဲ သူရရာ”

သူရက ...

“မှုပ်ပြန်နဲ့ ပျောင်းတဲ့ ကကြိုးလက်ဖယောင်းရဲ့ ကြိုးဆွဲအတတ်မှာ ငါဟာ အရှင်သတ်ခံလိုက်ရတဲ့ ရုပ်သေးရုပ်ဘဝမျိုး ဖြစ်နေရပြီ”

သူရစကားကြောင့် ကျွန်တော် ခြေပစ်လက်ပစ် စိတ်ညစ်သွားရတော့သည်။

အ,နေတဲ့ ချစ်ခြင်းနဲ့

အချစ်ကို ပစ်ခွင်းမိခဲ့လေပြီလား ၇

ချစ်သူနဲ့ ဘဝမပေါင်းနိုင်သမျှ

ချစ်သူဘဝကို ဖြစ်ခွင့်ရမှာလည်းမဟုတ်။

ဒို … ရှုပ်တယ်

သင့်သံ့ယောင်ဥကြိုးကို ယခုချက်ချင်း နုတ်ပယ်လိုက်။

(ကကြိုးလက်၌ အဖန်ဖန် အသစ်ဖျိုးနိုင်သော ညှိ့ကြိုးများစွာ

ရှိနေခဲ့တာ ကျွန်တော် မသိခဲ့ရိုးအမှန်ပါ)

ကျွန်တော်နှင့် မာယာ စီးချင်းထိုးမိသည်။ မာယာသည် မဟာအင်အားကြီးမားစွာဖြင့် ကျွန်တော့် ရင်အစုံကို အမုန်းလုံးလုံးသွား ပစ်ခွင်းခဲ့ဖိုက်။ ကျွန်တော့်၏ ထိုးနှက်တိုက်ခိုက်ချက်တို့ လေဗွဲပျက်ပြုန်းကုန်ရ၏။

မာယာ ရှေ့မှောက်မှာ ကျွန်တော် ဒူးထောက်အညံ့ခံလိုက်ရလေပြီ။ မသေရုံတမယ် ဒဏ်ရာဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်၏။

"သင့်အား သံယောဇဉ်အကျဉ်းမှာ တစ်သက်ခံရန် ပြစ်ဒဏ်ချမှတ်လိုက်သည်" မမရဲ့ အမိန့်ကြောင့် ကျွန်တော်သိမ့်ခနဲ တုန်ခါပြီး ခြသေ့်ပေါက်တစ်ကောင်လို လည်ဆံမွှေးခါကာ ထရပ်လိုက်၏။ မာယာက သူ့အစွမ်းဖြင့် ကျွန်တော် ဝပ်ဆင်းသွားအောင် ညှို့စားပြန်၏။

ကျွန်တော် ငုံ့မခံ။ အစွမ်းရှိသလောက် မာယာကို ဥပေက္ခာဖြင့် လုပ်ကြံ၏။ ဥပေက္ခာ လက်နက်က မာယာကို ထိသော်လည်း ချက်ကောင်းကို မမှန်။

မာယာက ကျွန်တော့် ချစ်ခြင်းဝိညာဉ်ကို နုတ်ယူဖို့ ကြိုးစားပြန်၏။ မာယာနဲ့ ကျွန်တော်တို့ အားပြိုင်ပွဲကို သူရ ရောက်ချလာပြီး အတင်းဝင်ပြန်၏။

သူရ တစ်ယောက် မာယာရဲ့ ဓားစာခံ ဖြစ်သွားလေပြီ။ မာယာ လက်တွင်း သက်ဆင်းသွားလေပြီ။ ကျွန်တော် သူရကို ရအောင်ကယ်ချင်သည်။ မာယာကို ပစ်လွှတ်တိုက်ခိုင်လျှင် သူရကို ထိသွားနိုင်၏။ မာယာကလည်း ကျွန်တော့်တိုက်ခိုက်မှု မှန်သမျှကို သူရဖြင့် "ဒိုင်း"လို ခံထား၏။

သူရ ခမျာလည်း အကြောက်လွန်နေသော မျက်နှာဖြင့် ကျွန်တော့်ကို တောင်းပန်တိုးလျှိုးသလို လှမ်းကြည့်နေ၏။ ကျွန်တော့်ကို မာယာက အညှဲ့ခံခိုင်းနေ၏။

ကျွန်တော် အသေအကြေ တိုက်ခိုက်ဖို့ ဆုံးဖြတ်ပြီးကာမှ သူရနိုင် ဓားစာခံ ဖြစ်မနေ၍ မာန်လျှော့ရမလို ဖြစ်နေလေ





ပြီ။ အားမတန်လို့ မာန်လျှော့ရတာမျိုး မဟုတ်။ ဓားစာခံရှိနေ၍ မာန်လျှော့ရမည့် အခြေအနေ။

ကျွန်တော့်စိတ်ကို လုံးဝလျှော့ပြီး ဒူးထောက်လိုက်ချိန်မှာတော့ မာယာသည် ဆုလတ်မိုရ် ဖြစ်သွား၏ အောင်နိုင်သူကြီး အပြုံးနှင့် ကျေကျေနပ်နပ်ကြီး စိုက်ကြည့်နေ၏။ ကျွန်တော် ခေါင်းငိုက်စိုက် ချလိုက်မိ၏။

"သင့်အား ယခု အမြန် သေဒဏ်ချမှတ်လိုက်သည်"

အမိန့်ကြောင့် ပြန်လည်မော့ကြည့်လိုက်သောအခါ မာယာသည် မေသန့်ခိုင် ဖြစ်လို့သွားပြန်၏။

ကျွန်တော့် အသိတရားတွေ ထင်ယောင်ဝေဝါးဖြစ်၍ သွားစဉ် ...

မာယာသည် ...

မေသန့်ခိုင် ဖြစ်လိုက် ဆုလတ်မိုရ် ဖြစ်လိုက်၊ မေသန့်ခိုင် ဖြစ်လိုက်၊ ဆုလတ်မိုရ် ဖြစ်လိုက်နှင့် စက္ကန့် ဖော်ပြသာ ကိန်းစဉ်တန်းလို တဖျပ်ဖျပ် ပြောင်းလဲသွားလေပြန်သည်။

အံ့ဩစိတ်ဖြင့် ငိုင်တွေကြည့်နေရာမှ မာယာ အနီးမှာ ရှိခဲ့သော သူရနိုင်ကို မတွေ့ရတော့၍ သူရနိုင်ကို ဖုတ်ပူမီးတိုက် လိုက်၍ရှာမိ၏။ မတွေ့။

အသည်းအသန်ကို လိုက်၍ရှာမိသည်။ လုံးဝမတွေ့။ မာယာနှင့် ဝေးရာ ပြေးလွှားရင်း သူရနိုင်ကို အော်ခေါ်လိုက်ရှာရင်းမှ ကျွန်တော် ချောက်ကမ်းပါးတစ်ခုထဲ အသည်းအေးခနဲ ပြုတ်ကျသွား၏။

"အား"

ကျွန်တော် အိပ်မက်မှ လန့်ယောင်ပြီး နိုးထလာ၏။ အိပ်မက်မှန်းသိမှ "ဟင်း"ခနဲ သက်ပြင်းချပြီး အိပ်မက်ကို ပြန်တွေးမိ၏။ မာယာသည် မေသန့်ခိုင် ဖြစ်လိုက်၊ ဆုလတ်မိုရ် ဖြစ်လိုက်နှင့်ပင် ရှိနေသေး၏။





ကျွန်တော် ရောက်ရှိလာခဲ့သည့် အချိန်က ညဉ့်သည် တစ်ယောက်အနေနှင့် ဆိုလျှင်တော့ စောလွန်းလှပါသည်။ နံနက် ခုနစ်နာရီထိုးအချိန် သင်တန်းတက်ချိန် အတိအကျမသိရ၍ ဆုလတ်မိုရ် အစစ် သင်တန်းသွားချိန်အမီ ကြိုတင်အချိန်ယူ ရောက်ရှိသွားခြင်းပင်။

သူရနိုင်က ဂျာနယ်အတွက် ဦးစားပေးစရာ အလုပ်ရှိနေသဖြင့် လိုက်ပါမလာခဲ့။ အခန်းတံခါးကို ခေါက်လိုက်သော အခါ ...

အိပ်ရာနိုးထစ မျက်နှာလေးဖြင့် တံခါးဖွင့်ပေးလာသော ဆုလတ်မိုရ် အစစ်ကို တွေ့လိုက်ရသည်။

အယောင်ဆောင်ကောင်းသူကြီး ...

ဟန်ဆောင်ကောင်းသူကြီး မျက်လုံးကို ပြူးခနဲ ကြည့်နေရာမှ ညှို့ဓာတ်တွေ ထုတ်လွှတ်သော အကြည့်ကို ပြောင်းလဲလိုက်ပြီး ...

"စောစောစီးစီး အရေးတကြီးကိစ္စ ရှိလို့လား"

"မင်းနဲ့ တွေ့ချင်တယ်၊ ခက်နေတာက မင်းကို အရင်ကလို မေသန့်ခိုင်လို့ပဲ ခေါ်ရမလား၊ ဆုလတ်မိုရ်လို့ပဲ ခေါ်ရမလား ခေါ်ရခက်နေတာကိုပဲ"

"အဆင်ပြေသလိုသာ ခေါ်ပါ၊ တို့က ဆုလတ်မိုရ် ပြန်ဖြစ်နေပြီလေ၊ ယူ တွေ့ချင်တဲ့ မေသန့်ခိုင်ကတော့ နှပ်နေတုန်းပဲ"

"မင်းနဲ့ တွေ့ချင်လို့ အချိန်မီ ရောက်လာတာ"

သူမ နေရာမပေးသော်လည်း ကျွန်တော့်ဘာသာ ဝင်ထိုင်နေလိုက်၏။ သူမက ထိုင်ခုံပေါ် ခြေသလုံးအလှပေါ်လွင်ရန် ဒူးထပ်ထိုင်ရင်း ညဝတ်အင်္ကျီ ကြိုးတွေကို လက်နှင့်ခေါက်လိမ် ကစားနေ၏။ စိတ်လှုပ်ရှားနေမှုကို မျက်နှာမှာ မပေါ်အောင် ထိန်းနေနိုင်သော်လည်း အမူအရာက ပေါ်လွင်နေလေပြီ။

"ဆိုပါဦး"





စတင်ပြောလိုက်သည့် သူမရဲ့စကား ...

"ကိုယ့်ကို ဘာလို့ တမင်ရှောင်နေရတာလဲ"

အလုပ်များနေလို့၊ ဘာလို့ ညာလို့နှင့် သင့်တော်ရာ တစ်မျိုးမျိုးပြောပြီး သူမ နှစ်သိမ့်လိမ့်မည်ဟု ကျွန်တော် ထင်မှတ်ထား ခဲ့၏။ သူမက ခပ်တည်တည် မျက်နှာဖြင့် ပွင့်ပွင့်ဘွင်းဘွင်း ပြောချလိုက်သံ ...

"မတွေ့ချင်လို့"

ရင်ထဲမှာ အတောင့်လိုက် အထိုးခံလိုက်ရသလိုပင် ထိုင်နေရာမှ တုံးခနဲ လဲသေချင်စိတ် ပေါက်သွားစေလောက်သော စကား ... ချစ်ရသူရဲ့ နှုတ်ဖျားက ပြောထွက်ရက်လိုက်တာမှ ဟုတ်ပါရဲ့လား။

"ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ ... ဘာလို့ ဒီလောက်တောင် ရင့်ရင့်သီးသီး ခါးခါးသက်သက် ဖြစ်သွားရတာလဲ"

"သူ့အလိုလို ဖြစ်သွားတာနဲ့တူတယ်"

ပေါ့လှပ်လိုက်သည့် အဖြေ။ အနိုင်ယူနေနိုင်လိုက်ပုံက ...

"မင်း ... မင်း ယုတ်မာတယ်"

"အို ... ဘယ်လိုလူလဲ ... စောစောစီးစီး သူများအိမ်လာပြီး စော်စော်ကားကားနဲ့"

အသာစီးယူနိုင်မှုများစွာဖြင့် ထပ်မံဖိနှိပ်လိုက်ပြန်၏။

"ငါ မင်းကို မုန်းစေ မေ့စေ ချင်နေတာ မဟုတ်လား၊ ငါ မင်းကို မုန်းအောင် မေ့အောင် တမင်လှည့်ကွက်ထွင်နေတာ မဟုတ်လား၊ မင်းမျက်နှာတွေ မင်းအမူအရာတွေ ဘယ်လောက်ပဲညာညာ မင်းမျက်လုံးမှာ အမုန်တရားတွေ ပေါ်နေတာကို ငါ တွေ့တယ်၊ ဘာအကြောင်းအရင်းခံနဲ့ မင်း ငါ့ကို ဒီလိုလုပ်နေရတာလဲ၊ ဘာကြောင့် အကြိမ်ကြိမ် လှည့်စားကျီစယ် ကစားချင်နေရတာလဲ၊ ငါ့မှာ ဘာအပြစ်ရှိလို့ မင်း ဒီလောက်တောင် အငြိုးအာဃာတကြီးတဲ့ပုံစံနဲ့ ငါ့ကို အထပ်ထပ် လုပ်ကြံနေရတာလဲ၊ ပြော ... ပြောစမ်းပါ၊ ငါ နားမလည်နိုင်လွန်းလို့ပါ"

"ရှင်ကရော ဒီလောက်ကြီး ဟိန်းဟောက် မေးမြန်းနေရအောင် ရှင်နဲ့ ကျွန်မနဲ့က ချစ်သူတွေလား၊ ဘယ်လောက်





သက်ဆိုင်မှုများနေလို့ ဒီလောက်အထိတောင် ပိုင်းစိုးပိုင်နင်း မေးမြန်းနေရတာလဲ၊ ရှင်မေးတာကို ကျွန်မ မဖြေနိုင်ဘူး၊ ရှင် နားလည်ချင်သလို နားလည်၊ မုန်းအောင်လုပ်ဖို့သိပ်လွယ်တယ်၊ အမုန်းမရှိဘဲ ကိုယ့်လမ်း ကိုယ်လျှောက်လို့ ကိုယ့်ဘာသာကို ရှောင်နေတာ ဘာဖြစ်သလဲ၊ ရှင့်ကို လှည့်ကွက်ထွင်နေလို့လည်း ဘာအကျိုးအမြတ်မှ မရှိဘူး၊ အကောင်းဆုံးဖြစ်သင့်တာက ရှင် အခုချက်ချင်း ထပြန်သင့်တယ်"

အယောင်ဆောင်သူရဲ့ မျက်နှာဖုံး ကွာအကျမှာ မာန်စွယ်တွေက ဖွေးဖွေးထက်မြနေ၏။ တုန်လှုပ်ခြင်းကြီးစွာဖြစ်ရ၏။ ထိုးနှက်ချက်တွေက ရင်အသက်ရှူလိုက်တိုင်း စူးမြနေလေပြီ။

"မင်းဘက်က သိပ်ပြတ်သားနေတာကိုး၊ လှည့်တတ်ပတ်တတ် ရစ်ဖွဲ့ပြန်သိုတတ်လွန်းပါပေတယ်၊ မင်းရဲ့ သယောဇဉ်ကြိုးတွေကို ပြန်ရစ်ယူသွားပြီး ငါ့ကို ဖြတ်ချရက်ရဲနေပြီပေါ့၊ ငါ့မှာတော့ သံယောဇဉ်ကြိုးတန်းလန်းနဲ့ ဖြစ်

ချင်တာဖြစ် ရောက်ချင်တာ ရောက်ရတော့မဲ့ ကြိုးပြတ်စွန်လို ဘဝမျိုးကို ရောက်သွားရပြီ။ မင်း အောင်နိုင်ပါပြီ။ မင်း အရမ်းကို အောင်နိုင်သွားပါပြီ ...

ငါ အရှုံးတွေနဲ့ မင်းအမုန်းကို အမြတ်နိုးဆုံးအဖြစ် ခံယူသိမ်းပိုက် နောက်ဆုတ်သွားပါတော့မယ်၊ ဒီနေ့ ဒီအချိန် ဒီနေရာက စတင်ပြီး သက်ဆုံးတိုင် ပျော်ရွှင်သွားနိုင်ပါစေ၊ နှုတ်မဆက်တော့ဘူး"

တိုက်အောက်ကို ကျွန်တော် ဘယ်လို ပြန်ရောက်လာမှန်းမသိ။ သောကဖိစီးမှုဖြင့် သူမကိုပင် အလေးဂရုမပြုမိနိုင်ခဲ့။ ရောက်ချင်ရာရောက် လျှောက်ပစ်ချင်သည်။

သောက်ချင်ရာသောက် မှောက်ပစ်ချင်သည်။

ခုဖြင့် မလျှောက် မမှောက်တတ်သူမို့ မတောက်တခေါက်ပညာလောက်နှင့် အချစ်ကို အားစမ်းခြင်းမှာ အရှုံးကြီးရှုံးခဲ့ရသည့် ကျွန်တော့်အဖြစ်။ တစ်လောကလုံးကြားအောင် ရင်ထဲ ကြိတ်ခဲထားရသော စကားလုံးတွေ အော်ပြောပစ်လိုက်ချင်တော့သည်။





အချစ်ကို ငါ မုန်းတယ်၊ ချစ်ခြင်းကို ငါ ပိုမုန်းတယ်။ အချစ်နဲ့ ပတ်သက်သမျှကို ခါးသီးတူးခြစ်နေအောင် မုန်းတယ် ... မုန်းတယ် ... မုန်းတယ်။

"ငါ့အလှည့်တော့ ပြီးသွားပြီ သူရ၊ လျှပ်စီးအက်ကြောင်းလို အက်ကွဲကြောင်းက မြန်တယ်၊ မေသန့်ခိုင် အယောင်ဆောင်ခဲ့ဖူးတဲ့ ဆုလတ်မိုရ်ကတော့ ပြတ်သားတဲ့နေရာမှာ သူမတူအောင်ပဲ ... ရင်ကွဲပြန်လာခဲ့ရတယ်"

ကျွန်တော် စိတ်ပျက်လက်ပျက် ပြောလိုက်သောအသံကြောင့် သူရနိုင် အံ့အားသင့်ရုံကလေး ဖြစ်သွား၏။ ဒီဃက ...

"သူပြီး ကိုယ်ပြီး နေလိုက်ပေါ့ကွာ၊ ဒီခေတ်မှာ တို့ယောက်ျားတွေ အပေါ်စီးကပါ၊ ကလေးဆေးရုံမှာဆို မိန်းကလေးပိစိကွေး အယောက်ငါးဆယ်မွေးလို့ ယောက်ျားလေးပိစိကွေး တစ်ယောက်မွေးဖို့ဆိုတာ အင်မတန်ခက်နေတာ၊ ကိုယ့်လူပျိုဘဝလေးကို ရွှေလို့ဥထားစမ်းပါ၊ ဘာမှ ခံစားပြမနေပါနဲ့"





သူရက ဒီဃ ပါးစပ်ကို သူ့လက်နှင့် အသာလှမ်းပိတ်ထားလိုက်ပြီး ကျွန်တော့်ကို ကြည့်ကာ ...

"မင်းအလှည့်ပြီးရင် ငါ့အလှည့် ရောက်မယ် ထင်တယ် ဘုန်းမာန်"

"မဦးမချွတ်တွေ မတွေးစမ်းပါနဲ့ သူရ၊ မင်းတို့ချင်းက အဆင်ပြေမှာပါ"

သူရကို အားပေးစကားပြောလိုက်သော်လည်း ကိုယ်၌လေသံပျော့တွဲနေ၏။ သူရက ငယ်ထိပ်မှာချိတ်ထားသော နေကာမျက်မှန်ကို တပ်လိုက်ပြီး နေ့လယ်ပိုင်း အပူရောင်မြင်ကွင်းကို လှမ်းကြည့်၏။ မဂ္ဂဇင်းအတွက် အသံဖမ်းလာသော အင်တာဗျူးကို ချရေးထားသည့် စာမူတွေ စီထပ်ကာ ခတ်ပုံတွေနှင့် တွဲကပ်ချုပ်လိုက်၏။

သံယောဇဉ်ကြိုးနဲ့ ...

အသည်းနှလုံးချင်း လက်ချုပ်ချုပ်ထားမိတာ။

အချစ်ရဲ့ အကျဉ်းသားကြီး လုံးလုံးဖြစ်နေပါရောလား။

သူရ ကိုယ်တိုင် အလွယ်ရေးထားသော စာတိုလေးကို ကျွန်တော် ဖတ်မိလိုက်၏။ စားပွဲပေါ်မှာ တင်ထားသော စာတိုလေး ရေးထည့်ထားသည့် စာရွက်မှာ ပြင်ပလေထုသက်ရာ လွင့်ပါချင် ဟန် တဖျပ်ဖျပ် လန်နေ၍ ဒီဃက လက်နှင့် ဖိထားပေးနေရသည်။

"မင်းတို့နှစ်ယောက်ကလည်း ငါ ပြောသလို လုပ်ပါဆိုတာကို လုပ်မှမလုပ်ကြတာ၊ ထိတာတောင် နည်းသေးတယ်"

သူရက စိတ်ဝင်စားဟန်ဖြင့် ...

"ဘယ်လို လုပ်ရမှာလဲ"

"မင်းတို့ နေရာချင်းချိန်းလိုက်၊ သူရက မေသန့်ခိုင်လို ဟန်ဆောင်ခဲ့တဲ့ ဆုလတ်မိုရ်ကို လိုက်၊ ဘုန်းမာန်က ဆုလတ်မိုရ် အတုအယောင် ဝင်လုပ်ခဲ့တဲ့ မေသန့်ခိုင်ကို လိုက်၊ ဒီလိုမျိုး မင်းတို့ဘက်က ချိန်းပေးလိုက်ရင် သူ့ဟာနဲ့ သူ အံဝင်သွားလိမ့်မယ်။ မီးပလပ်ပေါက်မှာ ဂျပ်ပင်သွားထိုးသလို အံမဝင်တာတွေ ဖြစ်လာမယ် လျှော့ကြီးထိုး ရိုးရိုးနည်းနဲ့ အံမဝင်တာကို အတင်းဝင်အောင် စွပ်ထိုးမနေကြနဲ့၊ ဂျပ်ပင်ကို ဂျပ်ပင်အပေါက်၊ မီးပလပ်ခေါင်းကို မီပလပ်ပေါက်ထိုးမှ အိုကေတော့မှာပေါ့"





"ငါတို့လည်း လိမ်လည်ဟန်ဆောင်သူ ဖြစ်သွားမှာပေါ့"

"အဲ့ဒါကြောင့် အံချော်နေတာ၊ သူတို့နှစ်ယောက်က ဟန်ဆောင်လှည့်ကွက်နဲ့ လိမ်ညာတတ်ချင်သူတွေ၊ မင်းတို့နှစ်ယောက်က ဟန်မဆောင်၊ လှည့်ကွက်မရှိ၊ မလိမ်မညာ သဘောဖြူအူစင်းကြီး သွားလုပ်ကြတော့ ဘယ်လာဂျက်တဲ့တော့မှာလဲ၊ အဖြူနဲ့အမည်းလို ဆန့်ကျင်ဘက်တွေ ဖြစ်ကုန်ကြရတော့တာပဲ မဟုတ်လား"

ကျွန်တော်က ပေါက်ကရ အကြံတွေ ပေးလာသော ဒီဃ ဟုသာ ရှုမြင်ပြီး ဒီဃရှေ့မှာ ကွမ်းထုပ်တစ်ထုပ် ချပေးလိုက်၏။ ကျွန်တော် ထင်သလိုပင် ကွမ်းယာမြင်လျှင် မနေနိုင်သော ဒီဃ။ ထမင်းမစားရတာကို နေနိုင်ပြီး ကွမ်းမစားရတာကို မနေနိုင်လောက်အောင် ကွမ်းစွဲနေသူမို့ ကွမ်းယာနှစ်ယာပူးကို ကောက်ဝါးလိုက်၏။ နှုတ်ပိတ်သွားပြီထင်၍ ကျွန်တော် စကားဆက်မည်အပြင် ...

"ကွမ်းယာကလည်း ဆေးတွေ များလွန်းလိုက်တာ"

"မကြိုက်ရင်လည်း ပြန်ပေး၊ သူများကို ကျွေးလိုက်မယ်"

"မင်းမစားဘူးလား"

"မစားဘူး"

"ဘာလို့လဲ ... ကွမ်းဖြတ်လိုက်လို့လား"

"မဟုတ်ဘူး၊ အဲဒီကွမ်းယာက ငါ့စိတ်ထဲ သိပ်မသန့်ဘူး ထင်မိတဲ့ဆိုင်ကို ဝင်ဝယ်မိပြီး အားနာပါးနာနဲ့ ယူလာခဲ့တာ၊ ငါ မစားပေမဲ့ မင်းတို့ ကွမ်းသရဲတွေကို ကျွေးဖို့ပေါ့"

ဒီယှ ခမျာ "ဝေါ့ထွီးဖွီး"တွေ ဖြစ်ကုန်၏။ ရေနွေးဖြင့် ပလုပ်ကျင်းပြီးမှ ...

"ငါ ဘယ်လောက် အသန့်ကြိုက်သလဲဆိုတာ မင်းတို့ သိရဲ့သားနဲ့၊ သက်သက်မဲ့ လုပ်ကြံတယ်ကွာ"

"နောက်ထပ် လုပ်ကြံမခံရစေချင်ရင် မင်းပါးစပ်ပိတ်ထား လိုက်တော့၊ ငါတို့မှာ အရေးတကြီး ဆက်ပြောစရာ အကြောင်း ရှိနေသေးတယ်၊ ပေါက်ကရ အကြံတွေ ဝင်မလာနဲ့"

ဒီယှ ငြိမ်သွား၏။ သူရက ...





"ငါ ညက ဆုလတ်မိုရ် အယောင်ဆောင်ခဲ့တဲ့ မေသန့်ခိုင်ဆီ ဖုန်းဆက်ကြည့်သေးတယ်"

"ဘာထူးလဲ ... ဘာပြန်ပြောသလဲ၊ အခြေအနေ ဘယ်လိုရှိသလဲ သူရ"

"အချိန်မပေးနိုင်လို့ ခပ်တိုတိုပဲ ပြောဖြစ်ကြတယ်၊ မင်းနဲ့ တွေ့ချင်တယ်တဲ့"

"ငါနဲ့"

"ဟုတ်တယ် ဘုန်းမာန်၊ ငါ့ကို သိပ်ဂရုမထားဘူး၊ မင်းကို အလေးထားပြီး ပြောနေတယ်"

"ဒါ ဘာသဘောလဲကွ၊ သက်သက်မဲ့ ငါတို့နှစ်ယောက်ကို အရှုံးလုပ်နေကြတာ၊ ဒီမိန်းမနှစ်ယောက်စလုံး ရူးရင်ရူး၊ မရူးရင် လှည့်ကွက်အသစ် ထွင်နေကြတာ၊ ကွယ်ရာမှာ ကျိတ်ဟားနေကြတာမျိုးပဲ ဖြစ်လိမ့်မယ်၊ တော်တော်ပက်စက်တဲ့ မိန်းမတွေ"

"ဟာ ... ဘုန်းမာန် ... လူတစ်ယောက်ကို အဓိပ္ပာယ်မဲ့ အကျိုးမရှိဘဲ အကွက်ချပြီး ပိပိရိရိ လိမ်လည်လှည့်ဖြားမှု

ကို အချိန်ကုန်ခံ စိတ်အပင်ပန်းခံပြီး သူတို့လုပ်နေနိုင်ပါ့မလား၊ သူတို့အတွက် အကျိုးရှိနိုင်မဲ့ အမြတ်ထုတ်နိုင်မဲ့ လှည့်ကွက်အသစ်ကို မြင်ထားလို့ပဲလို့ ငါ ထင်တယ်"

ကျွန်တော်က သူရနိုင်ရဲ့ အသံဖမ်းအားကောင်းသည့် ကက်ဆက်ကလေးကိုသာ ကလိနေမိ၏။ လူတစ်ယောက်ရဲ့ စိတ်ကို ဖမ်းနိုင်သော ကိရိယာရှိလျှင် အဘယ်မျှကောင်းလေစွ။ အစွန့်ခံရသည့် ဘဝမှာ အချစ်က သောကနှင့် အချိန်တိုင်း သတိရခြင်းတွေကို ဆက်တိုက်ပေးနေ၏။ ကျွန်တော် အလွယ်တကူ မေ့လို့ရပစ်ချင်သည်။ သူမနှင့် ပြောဆိုဖြစ်ခဲ့သမျှ၊ သွားလာစားသောက် ဖြစ်သမျှ၊ ရင်ခုန်မိခဲ့သမျှတွေက သတိရတိုင်း ကျွန်တော့်ရင်ကို အရိုင်းဆန်သော လှိုင်းထန်မှုတွေ ဖြစ်ပေါ်စေနေလေပြီ။

"မင်း ဘယ်လိုထင်သလဲ"

သူရနိုင်က တည်တည်တံ့တံ့ မေးလာ၏။ ယခင်က ဆိုလျှင် အပူပင်အကြောင့်ကြမဲ့ လွတ်လပ်ပျော်ရွှင်စွာ လုပ်ငန်းခွင် ဝင်နေကြသည့် သူငယ်ချင်းတွေထဲမှာ သူရနိုင်က အတက်ကြွဆုံး ဖြစ်သည်။





ယခုမူ နေလောင်ပန်းနယ် နွမ်းနယ်သောအကြည့် ဖြင့်သာ ...

"ငါ မထင်တတ်တော့ဘူး၊ မင်း ကောင်းသလိုသာ လုပ်တော့ သူရ"

"ဆုလတ်မိုရ်ကို ငါ သွားတွေ့မှာပါ၊ မင်းကို တွေ့ချင်တဲ့ မေသန့်ခိုင်ကို မင်းသွားတွေ့မှာလား"

"တွေ့ကြည့်သေးတာပေါ့"

"တကယ်လို့ မေသန့်ခိုင်ကများ မင်းကို ..."

သူရနိုင် ပြောလက်စ စကားကို ရပ်ပြီး ကျွန်တော့်ကို စိုးရိမ်တကြီး ကြည့်လာ၏။ ကျွန်တော်ကလည်း ...

"ဘာထူးလဲ ... ဆုလတ်မိုရ်က မင်းကို အလိုရှိသွားပြီဆိုရင်လည်း တို့နှစ်ယောက်စလုံး ..."

ပြောလက်စ,စကားကို ရပ်ပြီး ကျွန်တော် မတ်တတ်ရပ်ကာ သက်ပြင်းအထပ်ထပ် ချလိုက်မိ၏။ ဒီဃက တစ်ခုခုဝင် ပြောချင်နေပုံရ၏။ သူရနိုင်က ...

"ဘယ်လိုပဲဖြစ်ဖြစ် ငါတို့ အချစ်တွေ လုံးဝမပြောင်းလဲစေနဲ့ ဘုန်းမောန်၊ သူတို့ ရည်ရွယ်ချက် ဘာလဲဆိုတာ ငါတို့ ပေါင်းကြဲပြီး ဖော်ထုတ်ရင် ကျိန်းသေ အဖြေရမှာပါ"

"မင်းက တစ်ခါက ဆုလတ်မိုရ် အယောင်ဆောင်ခဲ့တဲ့ အခု မေသန့်ခိုင် ဖြစ်နေတဲ့ သူ့ကို ဘယ်လောက်အထိ အောင် ချစ်ခင်မြတ်နိုးတန်ဖိုးထားနေလို့လဲ"

"မင်းအနေနဲ့ တစ်ခါက မေသန့်ခိုင် ဟန်ဆောင်ခဲ့တဲ့ အခု ဆုလတ်မိုရ် ဖြစ်သွားတဲ့ သူ့အပေါ်မှာထားတဲ့ ချစ်ခြင်း မေတ္တာထက် တစ်စက်တစ်မှုန်လေးမှ မလျော့စေရဘူး"

"ငါ့အချစ်က အဆိပ်မာတ်ငွေ့သင့်သွားပြီ"

"ဘာထူးလဲ ... မကြာခင်မှာ ငါ့ အချစ်ကိုလည်း အဆိပ်မာတ်ငွေ့သင့်ကြောင်း တရားဝင် ကြော်ညာခံရတော့မှာပဲ"

ကျွန်တော်နှင့် သူရတို့ အလွမ်းဆိပ်သင့်ပြီး ပီပီပြင်ပြင် အလေးထား ခံစားပြောနေချိန်မှာ ဒီဃက ...





"မင်းတို့ အဆိပ်မာတ်ငွေ့ သင့်မသင့်တော့ ငါ အသေအချာ မသိဘူး၊ အခု[illegible]လာလောဆယ်တော့ မင်းတို့ ဇီဝမာတ်ငွေ့ တစ်မျိုး သင့်တော့မှာ သိပ်ကို သေချာနေပြီ"

သူရနိုင်က ဒီဃကို ဘုကြည့်ကြည့်ပြီး ...

"မင်း ပြောတာ ဘာအဓိပ္ပာယ်လဲကွ"

ဒီဃက ပါးစပ်နှင့် ပြန်မဖြေ။ "ဘူ"ခနဲ လေလည်သံဖြင့် စပ်ဖြီးဖြီးကြီး လုပ်ပြီး ဖြေပြသွား၏။

မြင့်မြင့် - စာပေ

မေသန့်ခိုင်က တွေ့ချင်သည်ဆို၍ ဆုလင်္ဘမိုရ် သင်တန်းသွားချိန်လောက်မှာ တိုက်ခန်းပေါ်ကို ကျွန်တော် ရောက်သွားခဲ့၏။

အိမ်နေရင်း ကပိုကရို အဝတ်အစားလေးဖြင့် ဧည့်ခံစကား ပြောလာသော မေသန့်ခိုင်။ တမင် ထိုသို့ စတိုင်(လ်) ထွင်ပြီး ခပ်ပါးပါး အလှပြင်ဆင် ခြယ်သထားဟန် ပေါ်လွင်နေ၏။ ကျွန်တော်ကို ကြည့်သော သူမရဲ့ အကြည့်က ညို့အားတွေ ပြင်းလွန်းလှ၏။

"ကျွန်မဘဝအကြောင်းကို ရှင် ဝတ္ထုတစ်ပုဒ်လောက် ရေးပေးနိုင်မလား၊ ပေးနိုင်မလား ဆိုတာထက် ရေပေးပါလို့ ကျွန်မ တောင်းဆိုချင်တာပါ"





"မေသန့်ခိုင် ကျွန်တော့်ကို တွေ့ချင်တာ အဲ့ဒီအကြောင်း ပြောဖို့လား"

"မှန်တယ်"

"ကျွန်တော်နဲ့ ဆုလတ်မိုရ် အကြောင်းကို ဘာကြောင့် ဘာတွေ ဖြစ်သွားကြတာလဲဆိုတာ မေးဖို့ အမှတ်ရပုံမပေါ်ဘူး"

"ဩော် ... ဒါလား၊ ရှင် သိပ်ရှက်သွားမှာစိုးလို့ပါ၊ ရှင်တို့ ပြတ်စဲသွားတာကို မိုရ် ပြောပြထားတယ်လေ၊ မိတ်ဆွေတွေ အဆင့်က အလွန်မှာ မိုရ် စိတ်မဝင်စားတော့လို့ ဖြတ်ချထားခဲ့လိုက်ပြီတဲ့၊ အဲ့ဒီလောက်ပဲ ပြောပြတယ်၊ မိုရ်ကို ရှင် မျှော်လင့်မနေစမ်းပါနဲ့၊ မိုရ်က သူ့အတ္တအတွက် သူ့ဘဝ သူ့အသက်ကိုတောင် ငဲ့ညှာတတ်တဲ့ မိန်းမစားမဟုတ်ဘူး၊ ဒီလိုတွေ ပြောနေလို့ ကျွန်မကို တစ်မျိုးမထင်စေချင်ဘူး၊ မိုရ်နဲ့ ကျွန်မက တွဲနေပေမဲ့ စိတ်ချင်းမတူဘူး၊ မိုရ်က မိုရ်သတ်သတ်၊ ကျွန်မက ကျွန်မသီးသန့်ပဲ၊ ကျွန်မက ဘုန်းမာန်ကို အလေးထားပါတယ်၊ ဘုန်းမာန်နဲ့တွေ့ပြီး

ကျွန်မဘာဝရဲ့ မလှပတဲ့ ပုံရိပ်တွေကို ဝတ္ထုတစ်ပုဒ်ဖြစ်လာအောင် ရေးဖွဲ့ပေးဖို့ ...”

အညာကိုင်လှုပ်နေမှန်း ကျွန်တော် သိနေ၍ သူမစကားကို ထပ်ဆက်အပြောမခံ။ ကြားဝင်၍ ...

“မေသန့်ခိုင်ဘက်က စိတ်ဆန္ဒပြင်းပြနေရင်တော့ ကျွန်တော်စွမ်းနိုင်သလောက် ကူညီပေးရမှာပေါ့၊ ရေးတဲ့အခါမှာ မေးချင်တာ မေးလို့ရအောင် အေးအေးဆေးဆေး ဖြစ်နိုင်မဲ့ နေရာတစ်နေရာလိုတယ်”

“ကျွန်မလည်း အဲဒီလို စဉ်းစားထားတယ်၊ ဒီမှာဆို ရှင်အာရုံနောက်မှာစိုးလို့၊ မိုရ်ကလည်း နေ့လယ်ဘက်ဆိုတစ်ခေါက်ပြန်လာတတ်တယ်လေ၊ ရှင်တို့ချင်းက မျက်နှာချင်း ထပ်မဆိုင်ဖြစ်ပဲ ဝေးသွားကြတာ အကောင်းဆုံးပါ၊ မိုရ် စိတ်ဝင်စားနေတဲ့ လူသစ်များ တွေ့နေပြီလား မသိဘူး”

“အဲဒီလူက ဘယ်သူဖြစ်နိုင်လဲ၊ သူရများ ဖြစ်နေမလား”

“ဘုရားရေ ... ရှင် တကယ် သိနေတယ်”





ခန့်မှန်းချက်က ကြက်ကန်း ဆန်အိုးတိုးသလိုပင်။ ဘုရားတာပြီး ကျွန်တော် ပြန်ပြောလိုက်ချင်၏။

“တကယ်ကို သူရ ဖြစ်နေသလား မေသန့်ခိုင်”

“ရှင် သိပြီးနေတာပဲ၊ ဘာမသိချင်ယောင်ဆောင်နေရတာလဲ”

“မိုရ် တကယ်ပဲ သူရကို ပြောင်းလဲ ရင်ခုန်သွားပြီလား၊ တကယ်ဖြစ်နိုင်လို့လား၊ ခန့်မှန်းပြီး ရမ်းသမ်းပြောလိုက်တာပါ”

“ကျွန်မ သိသလောက်ကတော့ အဲဒီ အခြေရောက်လိမ့်မယ်”

ကျွန်တော် အံ့အားတသင့်ဖြင့် မေသန့်ခိုင်ကို ပြန်ကြည့်နေမိ၏။ ဒီဃရဲ့ ရှုပေါ်ပေါ် ဟောချက်တွေ ကွက်တိလာဖြစ်နေပါရောလား။ မေသန့်ခိုင်က ကျွန်တော့်မျက်နှာပေါ်မှ စိတ်လှုပ်ရှားမှုတွေကို သရုပ်ခွဲ လေ့လာနေ၏။

တွေ့သိ ခင်မင်ချိန် ကြာသလို ရှိနေပြီး ယခုလိုအချိန်မှ ဝတ္ထုတစ်ပုဒ်ရေးဖို့ သူမရဲ့ အကြောင်းအရာတွေ လွယ်လွယ်ထိုးအပ်နေခြင်းမှာ စဉ်းစားဖို့ကောင်းနေ၏။

"ကျွန်တော် စိတ်ဝင်စားနိုင်မဲ့ ဇာတ်လမ်းမျိုး ဖြစ်ရင် မေသန့်ခိုင်ရဲ့ ဝတ္ထုကို ရေးမှာပါ၊ တကယ့်အဖြစ်အပျက်ဆိုရင် ဇာတ်လမ်းဇာတ်ကွက် အားနည်းမယ်၊ တန်ဆာဆင်ပြီး ခြယ်သပြုပြင်ရမှာပဲ၊ နဂိုရှိတဲ့ ဇာတ်အသက်ကို ဆွဲဆောင်မှုကောင်းတဲ့ နဂိုင်းထွက်အောင် လုပ်ယူရမှာမျိုးပေါ့"

"စာရေးတတ်တဲ့သူက ပြင်ဆင်ပေါ့၊ ကျွန်မကတော့ ကုန်ကြမ်းပြောမှာပဲ၊ စာချုပ်အပိုင်းအစတွေနဲ့ ပတ်သက်ပြီးရှင် ဇာတ်လမ်းတစ်ပုဒ် ရသွားပြီမဟုတ်လား"

"အင်း ... ရသလိုလိုတော့ရှိတယ်၊ တကယ်တော့ မရသေးဘူး၊ ထူးမခြားနားဇာတ်လမ်း ဖြစ်နေတယ်"

"ကျွန်မရဲ့ ဇာတ်လမ်းဆိုရင်တော့ ထူးခြားမှာပါ"

"နောက်တော့ နားထောင်ကြည့်ရတာပေါ့"

"အခုတော့ ပြန်တော့မလို့လား"

"ဒါပဲ ရှိတော့တယ်လေ"

"ရှင် မဆိုးဘူး"

"ဘာဖြစ်လို့လဲ"





"မိုရ်က ပြတ်သားသလို ရှင်လည်း ပြတ်သားနိုင်သားပဲ"

"ကိုယ့်ဝမ်းနာ ကိုယ်သာသိပါတယ်၊ လူကြားရင် ရှက်ဖို့ကောင်းတာတွေ မပြောချင်တော့ဘူး"

"ရှင့် သူငယ်ချင်း သူရနဲ့ မိုရ်တို့ ရည်းစားဖြစ်သွားကြရင် ကောင်းမယ်နော်"

"မင်းကိုယ်တိုင်က အဲ့ဒီဆန္ဒ ရှိနေတယ်"

"ဟုတ်တယ်လေ၊ တကယ်ရှိနေတာ"

"သူရ တကယ်ချစ်တာ မင်းကိုပါ"

သူမ ခပ်ဟားဟား ရယ်၏။

"မင်း မယုံဘူးလား"

"ဟင့်အင်း ... ယုံလည်း ဘာမှ အကျိုးမထူးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကမှ သူ့ကို ပြန်မချစ်တာ၊ ကျွန်မ ချစ်နေတဲ့လူက ..."

မျက်လုံးလှန်ကြည့်၏။ ညို့ရည်လဲ့နေသော အကြည့်။ ကျွန်တော် မျက်နှာလွှဲပြီး မာယာအတတ်တွေလို့သာ သတိမပြတ်ရှုနေလိုက်၏။

"ကျွန်မချစ်တဲ့ လူကို ရှင် မသိချင်ဘူးလား"

"သူရကလွဲရင် ဘယ်သူ့ကိုမှ မဖြစ်စေချင်ဘူး၊ ဖြစ်နေလို့ သိခွင့်ရမယ် ဆိုရင်လည်း လုံးဝ မသိချင်ဘူး"

"ဘာဖြစ်လို့ ရှင့်သူငယ်ချင်းအပေါ် ဒီလောက်တောင် စေတနာကောင်းနေရတာလဲ၊ သစ္စာရှိပြနေရတာလဲ"

"မင်းကကော ဆုလတ်မိုရ် ဒီလိုလုပ်ချင်တာတွေ၊ စွတ်လုပ်နေတာကို ဘာဖြစ်လို့ လက်ပိုက်ကြည့်နေရတာလဲ၊ မတားဆီးဘူးလား၊ လမ်းမှန်မညွှန်ပေးဘူးလား"

"ဒါက သူ့စိတ်နဲ့သူ့ကိုယ်လေ၊ မှန်တိုင်းကို တားလို့ရမလား၊ လျှောင်ကို ကြိုမြင်လို့ ရမလား၊ စဉ်းစားကြည့်ပါဦး"

ကျွန်တော် ကျစ်ခနဲ စုတ်သပ်လိုက်ပြီး ...

"မင်းသူငယ်ချင်းဘက်က ရှေ့နေလိုက်တယ်၊ ကာကွယ်တယ်"

"ပြောပြတာပါ၊ သူငယ်ချင်းဆိုတော့ ဒီလောက်တော့ နှုတ်၏စောင်မခြင်းမျိုး ရှိရမှာပေါ့"





"အေး ... ဒီလိုပဲ၊ ကိုယ်လည်း သူငယ်ချင်းတွေမို့ နှုတ်၏စောင်မခြင်းတွေ ရှိပေးနေတာပဲ"

"လက်စသတ်တော့ ကျွန်မစကားကို ချေပချင်လို့ ရှင်က စကားဆင်လိုက်တာကိုး"

"စိတ်မရှိပါနဲ့ မေသန့်ခိုင်"

ကျွန်တော် ထရပ်ပြီး ပြောလိုက်ခြင်းဖြစ်သည်။ ပြီးလျှင် လွှတ်ခနဲ ပြောပြီး လှည့်ထွက်လာခဲ့လိုက်သည်။

"မင်း ကြိုက်သလို ထင်နိုင်တယ်"

သူရနှင့် ကျွန်တော် ပြန်တွေ့ရမှ သူ့အံ့ဩစရာ၊ ကိုယ့်အံ့ဩစရာတွေက ပြောလို့မကုန်၊ တုန်လှုပ်၍ ပြန်တည်ငြိမ်မရ။

"မေသန့်ခိုင် ဒီလိုပဲ မင်းကို ဆွယ်ခဲ့တာတဲ့လား၊ မင်း ငါ့ကို အမှန်တကယ်ပြောနေတာမှ ဟုတ်ရဲ့လား ဘုန်းမာန်ရာ"

"မင်းကလည်းကွာ၊ မင်းနဲ့ မိုရ်ရဲ့ တွေ့ခဲ့တဲ့အကြောင်း မင်းတို့ချင်း ပြောဖြစ်ခဲ့သမျှတွေ မင်း ပြန်ပြောပြတာကို ငါ ယုံတာပဲ၊ မင်းလို မယုံသင်္ကာစိတ်နဲ့ မေးရမယ်ဆိုရင် မင်းကို မိုရ်က သူ့ဘက် ယိမ်းညွတ်လာအောင် ဆွယ်တယ်ဆိုတာ တကယ်မှ ဟုတ်ရဲ့လား၊ မိုရ်လို မိန်းမမျိုးက မင်းကို အဲ့ဒီလောက်အထိ ဦးစားပေးတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ကဲ ... ငါ မေးတာဖြေ"





"အံ့ဩမကုန်နိုင်လွန်းလို့ပါကွာ"

"ငါလည်း အတူတူပေါ့"

"ငါ တကယ်ချစ်ရတဲ့ မိန်းကလေးက မင်းကို ကြိုက်တာ ငါ ဘယ်လောက် ရင်နာသလဲ"

"ဟောဗျာ ... ငါ အရမ်းကြိုက်နေတဲ့ မိုရ်က မင်းကို အတင်းလိုက်ခိုက်နေတာ ငါ ရင်မကွဲဘဲ နေမတဲ့လား"

"ငါတို့ ဘာတွေ ဖြစ်ကုန်ကြပြီလဲ၊ ဆုတောင်းများ မှားခဲ့ကြလို့လား၊ ရတာမလို လိုတာမရ၊ လိုတာမရ၊ ရတာမလို၊ ဘာဆက်လုပ်ရမလဲ ဆိုတာတောင် မတွေးနိုင်တော့လောက်အောင် ခေါင်းမီးတောက်ရပြီ ဘုန်းမာန်"

"ဒီဃ ပြောသလို ငါတို့ချင်း ပေါင်းပြီး နေရာလဲလိုက်ကြရင် မကောင်းဘူးလား၊ သူတို့နှစ်ယောက် ဘာအကြံအစည်နဲ့ အခုလို လုပ်နေကြသလဲဆိုတာ အနီးကပ်ပေါင်းရင်းနဲ့ တဖြည်းဖြည်းနှိုက် အစ်မေးကြည့်ရင် တစ်နေ့ အဖြေထွက်လာမှာပဲ"

"ငါ မင်းကို စိတ်မချဘူး ဘုန်းမာန်"

"အရေးထဲကွာ ... မင်းကိုလည်း ငါစိတ်မချဘူး၊ မိုရ်က လက်တွေဘာတွေ ပေးကိုင်သေးလား"

"ဝေးသေး ... ကိုယ်ချစ်သူကလွဲရင် ဖွဲနဲ့ဆန်ကွဲပဲ"

"လာသေးတယ် မင်းလိုကောင်က"

"လာရမှာပေါ့ကွာ၊ ငါတို့အိမ်က ပေးစားတာ မယူဖြစ်တာ၊ ကိုယ့်ချစ်သူအစစ်ကို ကိုယ်ယူချင်လို့ပေါ့၊ မင်းချစ်သူ မိုရ်ကြီးကို ငါက ဘာဆက်လုပ်ရမှာလဲ၊ အလကားနေရင်း ကြာကြည့်ကြီးတွေ လုပ်လုပ်ပြနေတာကိုက စိတ်ပိန်လိုက်တာ"

"အံ့မာ ... မင်းချစ်သူ ခိုင်ကြီးကကော ဘာထူးလဲ၊ အရင်ဘဝက စပါးကြီးမြွေ ဖြစ်ခဲ့သလား မသိဘူး၊ လူကို မြင်တာနဲ့ အတင်းညှို့တော့တာပဲ၊ ဟင်း ... ကြာရင် ငါလည်း စိတ်ညှို့ဆရာအဆင့် ရောက်လိမ့်မယ်၊ သွားစမ်းပါကွာ၊ မကြိုက်တတ်ပါဘူး၊ ကပ္ပလီနှုတ်ခမ်းနဲ့ မျက်လုံးပင့်ကြည့်ပုံက အခြော်ဒင်္ဂါကပ်ပုံစံကြီး ပေါက်ပေါက်နေလို့ စိတ်ကို ကြေမွနေရတော့တာပဲ"





"ဟော့ကောင် ဘုန်းမာန်၊ အဲသလောက်ကြီး ရုပ်မဆိုးဘူး၊ တကယ်ချောရဲ့သားနဲ့ မင်းဟာမကိုထိလို့ ပြစ်ချက်မရှိတာကို ပုံကြီးချဲ့ရှာပြမနေနဲ့"

"ဟော့ကောင်သူရ၊ ငါ့ရဲ့ မိုရ်က ဒီလောက်ချော ဒီလောက်လှနေတာတောင် မင်းက စိတ်ပိန်ရသေးတယ်လေး ဘာလေးနဲ့၊ သူများသားသမီးကို မဟုတ်မဟပ်မှိုချိုမှုစ်ချိုး ပြောနေတာကြတော့ ငါက ငုံ့ခံနေရမှာလား"

ထိုစဉ်မှာပင် ဒီဃ ရောက်လာ၍ အကြောင်းအရာက ပိုမိုမြိုင်ဆိုင်သွား၏။

"မင်းတို့နှစ်ကောင် ဘာတွေဟောင်နေကြတာလဲ၊ နားကို ငြီးနေတာပဲ"

ကျွန်တော်က ပြန်ပြီး ...

"ဒီလိုရှိတယ် ဂုတ်ကြားရဲ့၊ ညညထအူတဲ့ ဂုတ်ကြားရဲ့ အသံကို အပျိုကြီးလေလည်သံနဲ့ တူမတူ ငြင်းခုန်နေကြတာ"

"ဟာကွာ၊ ဒီကောင် ညစ်ပတ်လိုက်တာ၊ သေတော့မှာပဲ"

"စိတ်မရှိပါနဲ့ ဒီဂါးရယ်၊ အမြီးတက်နင်းပြီး တောင်းပန်ပါတယ်"

သူရက ဝင်ပိတ်လိုက်၍ ဒီဃ ပိတင်းသွား၏။

"ဟော့ကောင် သူရ၊ မင်းအကြောင်း ပါလာတယ်၊ မင်းက ငါ့ကို ကစ်ချက်ပြင်းလို့ မပြောပြတော့ဘူးကွာ"

"ဘာအကြောင်းကဲ"

"မင်းအိမ်က အမှာတော်ပါးလိုက်တဲ့အကြောင်း မင်း အိမ်ပြန်မလာတာ နှစ်ရက်ရှိပြီ၊ မဂ္ဂဇင်းတိုက်မှာပဲ အိပ်အိပ်နေတယ်ဆို"

"ဟုတ်တယ်"

"ဟုတ်မဟုတ်နဲ့ ကိုယ့်လူ၊ မင်းတို့မဟာဆွေတော်မျိုးတော်တွေက မင်း အိမ်ပြန်လာဖို့ သံတော်ဆင့်လိုက်တယ် လစ်တော့"

"အမှာလွှာမှာ ဘာအကြောင်းတော်များ ပါသေးလဲ ဝန်မင်းရဲ့၊ မြန်မာစာနဲ့ ရေးထားတာ ဆိုရင်တော့ ဝန်မင်းပဲ ဖတ်ကြားစေဗျာ"





"နှင့်လင်ကြီးက ပြင်သစ်လို ရေးထားတော့ နှင်ကိုယ်တိုင်ဖတ်ပြမှာမို့လား"

"တတ်တဲ့လူ သွားပြမှာပေါ့"

ကျွန်တော်က ကြားဝင်၍ ...

"ဘာအကြောင်းရှိလို့တဲ့လဲ"

"မပြောတော့ပါဘူးဆိုမှ၊ ငါ့ပါးစပ်ကလည်းလေ ပြောလိုက်မိပြန်ပြီ၊ မထူးပါဘူး ပြောမယ်၊ အဲ့ဒီဆွေတော် မျိုးတော်တွေက ဖူးဖူးမှုတ်ထားရတဲ့ ဒီရွှေမင်းသားလေးကို လုပ်ချင်ရာလုပ်ခွင့်ပြုထားရာက ရပ်ဆိုင်းလိုက်ပြီတဲ့၊ သူတို့ မဟာဝန်၊ ရောဝဏ်၊ ကိုးပါးဆေး"

"ဟော့ကောင့် ဘာတွေလဲ"

"အေး ... အဲ့ဒီ မဟာဝန်တော် မျိုးတော်တွေထဲက မျိုးနွယ်တူသော သတို့သမီးလောင်းလျာလေးတစ်ဦးကို ရှာဖွေဆက်သွင်း စေ့စပ်ကြောင်းလမ်းခြင်း ပြုလုပ်တော့မှာ ဖြစ်တဲ့အတွက်"

သူရက ကြားဖြတ်၍ ...

"နေပါဦး၊ မင်း ဘယ်သူ့ကို ပြောနေတာလဲ ဒီယ"

"မင်းကို ပြောနေတာ၊ မင်းကို မင်းအိမ်က သူတို့လို ပဒေသရာဇ်ခေတ်က ဝန်မင်းမျိုးနွယ်၊ ဓာတ်ရည်တူတဲ့ သတို့သမီးကညာ ရှာတွေ့ပြီး မင်းနဲ့ ကြောင်းလမ်းပေးစားချင်တာကြောင့် အိမ်ကို အမြန်ပြန်လာဖို့ မှာလိုက်တာပဲ၊ မင်း အလုပ်လုပ်နေတဲ့ တိုက်ကို မင်း ပြန်မရောက်သေးဘူး မဟုတ်လား၊ ဟိုက ဖုန်းခေါ်နေတာ၊ ခေါ်မရဖြစ်နေပြီ၊ အဲ့ဒါ မင်းအိမ်ကို အမြန်သာပြန်လာတော့"

"ဟ ... သေရော၊ ငါ ဒီမှာ ဘာဖြစ်နေသလဲဆိုတာ မင်းလည်း သိရဲ့သားနဲ့"

"မင်းအိမ်ကို မင်း ပြန်ရှင်းပြပေါ့"

"ဘယ်ဖြစ်မလဲ၊ သူတို့ မျိုးနွယ်တွေက သွေးနှော သွေးရောတာ လုံးဝ လက်မခံဘူး၊ ဒီကောင် ရှင်းပြရင် ချက်ချင်းတောင် လက်ထပ်ပေးလိုက်ကြလိမ့်ဦးမယ်"

"ဘုန်းမာန် ပြောတာ ဟုတ်တယ်၊ တစ်ပူပေါ် နှစ်ပူဆင့်ပြီကွာ၊ ဘာလုပ်ရမယ်မှန်းတောင် မတွေးတတ်တော့ပါဘူး၊





ဒီလိုပြောနေတာကြာပြီ၊ ငါက အချိန်ကြာမှ ဖြစ်လိမ့်မယ် ထင်နေခဲ့တာ"

ကျွန်တော်က ...

"နေပါဦး ... သတို့သမီးက ဘယ်ကလဲ"

"မန္တလေးက"

"ဘယ်မင်းလက်ထက်တော်က ဘာအနွယ်တော်တွေလဲ"

"ပြောရမှာ ရှုပ်ပါတယ်ကွာ၊ ပဒေသရာဇ်ခေတ်က ထိပ်ထားဘွဲ့ရတဲ့ သူတွေလို့သာ လွယ်လွယ်မှတ်လိုက်ပါတော့"

"ဘာထိပ်ထားလဲ၊ ပင်လုံထိပ်ထားဆောက်လုပ်ရေးကလား"

"မဟုတ်ပါဘူး"

ဒီယက ဝင်၍ ...

"ပင်လုံထိပ်ထား လက်ဖက်ခြောက်ပွဲရုံကနဲ့ တူတယ်"

"ဟေ့ကောင်တွေ၊ ငါ့အမျိုးတွေကြားသွားရင် မင်းတို့ ဖက်ပေါ် ဓားမိုးသွားလိမ့်မယ်၊ ဘာမှတ်လို့ နောက်ဝံ့ရဲနေကြရတာလဲ"

"ကိုယ်တော်ကြီးကလည်း ဓာတ်သွေးပြချင်တယ်နဲ့တူတယ်"

"တယ် … ဒီငမိုက်သားနှစ်ကောင်၊ တောင်စွယ်နေကွယ်မှာ မသေမချင်း သားရေကွင်းနဲ့ ပစ်သတ်ခံချင်နေကြပြီနဲ့ တူတယ်"

သူရအပြောကြောင့် ဒီဃက ထရပ်ပြီး နောက်ပိုင်း ငှီချင်းချဟန်ဖြင့် ရင်ဘတ်ထုပြီး …

"ဟမ်းမာလေး … လုပ်ရက်လိုက်တာ မောင်တော်ဖျားရဲ့"

ကျွန်တော်နှင့် ဒီဃတို့ ဟာသဖောက် ရယ်မိကြသော်လည်း သူရတစ်ယောက် ရှေ့ဆက်လျှောက်ရမည့်လမ်းကို စိတ်ကူးဖြင့် ငြိမ်သက်စွာ ဖောက်လုပ်နေ၏။

ယခင်က ဆုလတ်မိုရ်ဟန်ဆောင်ခဲ့သော မေသန့်ခိုင်မှာ သူရကို ဖုတ်လေသည့်ငါးပိ ရှိသည်ရယ်လို့မှ အောက်မေ့သေးရဲ့လားမသိ။

"မင်း ဆက်ရှောင်နေလိုက်ပေါ့ သူရရာ"

"ငါ ဖြစ်ချင်တာ မင်း အသိဆုံးနော် ဘုန်းမာန်"

"အေးပါကွာ"





"မင်းဖြစ်ချင်တာကိုလည်း ငါ သိတယ်၊ ငါသိလို့ မိုရ်ကို မင်း ဘယ်လောက်ချစ်တယ်ဆိုတာ ငါ အကုန်ပြောပြလိုက်ပြီးပြီ"

"မင်းနဲ့ မိုရ်နဲ့ တွေ့ဖြစ်တာ ငါ့ အကြောင်း ပြောဖို့လား"

"မိုရ်ကတော့ မဟုတ်ချင်ဘူး၊ ဒါပေမဲ့ ငါ့က ဟုတ်အောင် ပြောလိုက်တယ် ဘုန်းမာန်"

"ပြောလိုက်တော့ မိုရ် ဘာပြန်ပြောလဲ"

"တွေဝေသွားတယ်၊ မင်းအပေါ်မှာ မိုရ် ပြတ်သားတယ်ဆိုတာ အလကားပြောတာ၊ မင်းကို သူ့ရင်ထဲမှာ သိမ်းထားတယ်ဆိုတာ ငါ ယုံတယ်"

"မဖြစ်နိုင်ပါဘူးကွာ၊ ငါ စိတ်ချမ်းသာအောင် ပြောမနေပါနဲ့၊ မျှော်လင့်ချက်တွေ အောက်ကျသွားလို့ ပေရေညစ်ပတ်နေပါပြီ၊ ပြန်မကောက်တင်ပါရစေနဲ့တော့"

"မင်း မယုံရင်လည်း နေကွာ၊ ငါကတော့ သိခဲ့ပြီးပြီ၊ ငါ့အပေါ်ကိုလည်း မေသန့်ခိုင်က အဲ့ဒီလို သဘောထားရှိမရှိ

ဆိုတာ မင်း အရိပ်အကင်းလောက် မှသိခဲ့ရဘူးလား ဘုန်းမာန်"

"မေသန့်ခိုင်က ဟန်ဆောင်ကောင်းတယ်၊ သူ့ကို ခန့်မှန်းရခက်တယ်ကွ၊ သူလည်း မင်းအပေါ်မှာ သံယောဇဉ်တော့ ရှိမှာပေါ့ကွာ"

"သံယောဇဉ်လောက်နဲ့တင် ဒီမိန်းမတွေက စိတ်ပြန်လည်လာကြနိုင်တာမှ မဟုတ်တာ ဘုန်းမာန်ရာ၊ စိတ်ခံစားချက်တွေ ရင့်နေကြပြီ၊ ခံနိုင်ရည် ပြည့်ဝနေကြပြီကွ"

"ဒါဆို ငါ့ရဲ့ မိုရ်ကရော ဘာထူးမှာလဲ၊ မိုရ်နဲ့ခိုင်က အတူတူပဲ"

"မိုရ်က မင်းအကြောင်းကို စိတ်ပါလက်ပါ နားထောင်တာ၊ ပါးစပ်က ငြင်းဆန်တာတွေ လက်မခံတာတွေ ပြောနေပေမဲ့ မျက်လုံးထဲမှာ ရိဝနေတတ်တယ်၊ ဟန်ဆောင်ကောင်းသူကြီး မင်းပြောသလို မင်းအပေါ် အောင်နိုင်သူကြီးဆို၊ ခပ်ဟားဟား ခပ်ရွှင်ရွှင် ဖြစ်နေတော့မှာပေါ့"

"အဲ့ဒါမျိုး တကယ်ဖြစ်နေတယ်"





"မင်း အဲ့ဒီလို မယုံတာကို ငါ စိတ်ပျက်တာ"

ကျွန်တော် တွေမောသွား၏။ သူရက သိချင်စိတ်ပြင်းဟန်ဖြင့် ...

"ခိုင်နဲ့မင်း ပြောဖြစ်တော့ မိုရ်လို ထူးခြားမှုတွေ တွေ့သေးလား၊ ခိုင် အဲဒီလောက်အထိ ဟန်ဆောင်မကောင်းနိုင်ပါဘူး၊ မင်း တွေ့ခဲ့သမျှ အသေးစိပ် ငါ့ကို ပြောပြစမ်းပါကွာ"

"ပြောရမှာ မင်းကို အားနာနေတယ် သူရ၊ မင်းရဲ့ ခိုင်ကတော့ မင်းအကြောင်းတွေ ငါ တွန်းပို့ပေးလည်း ဒီအတိုင်းပဲ"

သူရ မျက်နှာ ညှိုးရော်သွားပြန်၏။ ကျွန်တော့်ထံမှာ ကောင်းသောစကား လက်ကျန်ရှိ,မရှိ အသည်းအသန် ပြန်ကြည့်နေ၏။

"ပြောရင် မင်း ယုံမလား မသိဘူး"

"ဘာလဲ ဘုန်းမာန်"

"ငါက မေသန့်ခိုင်ကို ပြောလိုက်တယ်၊ သူ့ရ တကယ်ချစ်တာ မေသန့်ခိုင်ကိုပါလို့၊ အဲ့ဒီတော့ မေသန့်ခိုင်က"

"ဘာပြောလိုက်လဲ ... ဘာပြောလဲ... ပြောလေ"

"ထ,ဟားတယ်"

သူရ အရုပ်ကြိုးပြတ်သလို ဖြစ်သွား၏။ ဒီဃက ...

"သူဖြူရင် ကိုယ်မည်းလိုက်၊ သူက အရှေ့ဆို ကိုယ်က အနောက်လုပ်ပစ်လိုက်၊ သူဟားတော့ ကိုယ် ငိုလိုက်ပေါ့ သူရရာ"

သူရ တကယ်ငို၏။ အချစ်နှင့် နွှယ်တော့လည်း မဟာသွေးကြွယ်သူကြီး ခများလည်း မျက်ရည်လွယ်ရှာသားပေပဲ။

ကျွန်တော် ချော့မော့နှစ်သိမ့်၍လည်း မရ။

ဒီဃ ပြက်လုံး ထုတ်ပြောင်လည်း မရ။

ယောက်ျားရင့်မကြီးလို ဒူးခေါင်းနှစ်လုံးကြားထဲ မျက်နှာဖွက်ငိုနေ၏။ မေသန့်ခိုင်ကို ကျွန်တော် ပို၍ မုန်းတီးနာကြည်းစိတ် ဖြစ်ပေါ်မိ၏။





ယောက်ျားတို့ရဲ့ မျက်ရည်လည်ဆွဲကိုမှ ...

ဆင်မြန်းပွဲလယ်တင့်နိုင်မယ် ထင်သူကြီးနှစ်ယောက်။

အဆိပ်နှစ်ခွက်ဖြစ်လျှင်တောင် ကျွန်တော် မော့သောက်ပြီး သင်းတို့အစွမ်းကို ဖျောက်ပစ်လိုက်ချင်သည်။

ရက်သတ္တတစ်ပတ်ကြာမှာ ...

မေသန့်ခိုင်နှင့် သီးသန့် တွေ့ဆုံဖြစ်သော နေရာ ရေလယ်ကျွန်းတစ်နေရာမှာ ဖြစ်၏။ နောက်နေ့၌ အိမ်မှာ တွေ့ဖြစ်၏။

မေသန့်ခိုင် ပြောပြသော စိတ်ဝင်စားစရာကောင်းသည့် သူမရဲ့ ဇာတ်ကြောင်းဆိုသည်မှာ ထူးမခြားနားပတ်ပျိုး။ မိဘနှင့်ကွေကင်းရသည့် သမီးတစ်ယောက်၏ ခံစားချက်၊ နာကျင်နာကြည်းချက်။ လောကကြီးကို တရားမဝင် ဆွဲထည့်ပြီး အပြစ်တင်လိုက်သေးသည်။ မေသန့်ခိုင် ပြော၍ အားရသွားသောအခါ ကျွန်တော် ရင်ထဲ အေးစက်နေရာကို အပူတွေ ရုတ်ချည်း ဝင်လာပြီး လေမုန်တိုင်းလို ခံစားချက်တွေ တရစပ် တလှပ်လှပ် ဖြစ်ပေါ်လာ၏။





"သူရကို ဥပေက္ခာပြုနိုင်သလို မေသန့်ခိုင် ရင်ထဲမှာ ထင်စွဲနေတဲ့ စိတ်ခံစားမှုတွေကို လျစ်လျူရှုပစ်လိုက်ပါလား၊ ရင်ပေါ့သွားတာပေါ့"

"သူရ လာတွေ့တာကို ဆုလတ်မိုရ်ရဲ့ ငြင်းခိုင်းတယ်၊ မင်း တစ်ယောက်တည်း ရှိနေချိန် ရောက်လာပြန်တော့လည်း ချောင်းကြည့်ပေါက်က ကြည့်ပြီး တံခါးလုံးဝဖွင့်မပေးဘဲ ခပ်မာမာလေသံနဲ့ ဟောက်ထုတ်ဆက်ဆံတယ်၊ အခု မေသန့်ခိုင်ကြောင့် သူရ ဘယ်လောက် ခံစားနေရသလဲ၊ ဘယ်လောက် ကြေကွဲနာကျင်နေသလဲ၊ အဲဒီအပေါ်မှာ မေ့ပျောက်ထားတတ်ရင် မေသန့်ခိုင်ရဲ့ ထူးမခြားနား ဖြစ်စဉ်တွေအပေါ်မှာလည်း မေ့ပျောက်ထားနိုင်ရမှာပေါ့"

"ရှင့်သူငယ်ချင်းကို ကျွန်မမှ မချစ်နိုင်တာ၊ အတင်းဇွတ်ချစ်ခိုင်းနေလို့ ရမတဲ့လား၊ ကျွန်မအကြောင်းကို ကျွန်မ စိတ်ဝင်စားသင့်တာ ဘာဖြစ်သလဲ၊ လူတိုင်း ကိုယ့်ဘဝကိုပဲ ကိုယ် စိတ်ဝင်စားကြမှာပေါ့၊ အတ္တအခြေခံပြီးမှ ပရဟိတ္တ အရေခွံကို ဝတ်ဆင်ပြမှာပဲ"

"မင်းအကြောင်းကို ရေးဖို့ တခြားစာရေးတတ်သူကို ရှာပါ၊ သူတို့ ရေးပေးလိမ့်မယ်"

"ရှင့်ကိုယ်ရှင် သိပ်ထင်နေတယ်ပေါ့လေ"

"ဆိုးဝါးတဲ့ အမြင်နဲ့ မကြည့်ရင် ဒီလို ထင်စရာမရှိပါဘူး မေသန့်ခိုင်၊ ဝမ်းနည်းပါတယ်၊ မင်းဖာတ်လမ်းကို ကိုယ် ရေးနိုင်မယ် မထင်ဘူး"

"ကျွန်မ တောင်းဆိုချက်ကို ရှင် ပယ်ချဝံ့တယ်ပေါ့"

"ထင်နိုင်တယ်"

"မရေးချင်လည်း နေတော့၊ ရှင် အဲ့ဒီလောက် အ,နေလို့ မိုရ်ရဲ့အချစ်ကို မရတာ၊ ရှင့်ကို ကျွန်မ ဝတ်ကျေတန်းကျေ ပတ်သက်ခဲ့မိတာကိုက မှားပါပြီ"

"ဒီကောင်ကလည်း မင်းလိုပါပဲ မေသန့်ခိုင်၊ မင်းတို့နဲ့ ဝေးရာ စွန့်ခွာနိုင်လေ ပိုငြိမ်းချမ်းလေပဲ၊ မင်းတို့ ဘာလဲ၊ ဘာရည်ရွယ်ချက်နဲ့ အဲ့ဒီလို လုပ်နေတာလဲဆိုတာ မစုံစမ်း ချင်တော့ဘူး၊ လက်လျှော့ပစ်လိုက်ပြီ"





ထိုစဉ်မှာပင် အခန်းထဲကို သူရ ဝင်ရောက်လာ၏။ ဝင်ခွင့်မတောင်းဘဲ ဝင်ချလာသော သူရကို မေသန့်ခိုင် အလန့် တကြား ကြည့်နေ၏။

သူရက ...

"ကိုယ် ရိုင်းသလိုဖြစ်သွားရင် ခွင့်လွှတ်ပါ ခိုင်၊ ကိုယ့်ကို မင်း မမုန်းဘူးဆိုတာ ဆုလတ်မိုရ် ရှင်းပြလိုက်လို့ ကိုယ် ဝမ်းသာအားရနဲ့ ဒီကို အမြန်ရောက်အောင် လာခဲ့မိတာ ပါ"

"ရှင် ဘာတွေ ပြောနေတာလဲ၊ အင်တာဗျူး အသစ်အတွက် မေးခွန်းအသစ်လား"

"ကိုယ့်အိမ်က ပေးစားမဲ့ ခြသေ့်ဆီမင်းမျိုးမင်းနွယ် ထိပ်တင် ငယ်တစ်ယောက် အစာအိမ်သွေးကြောပေါက်ပြီး ရုတ် တရက် ဆုံးသွားတဲ့သတင်းကို ဒီမနက်ပိုင်းမှာပဲ သိလိုက် ရတယ်၊ ဆုလတ်မိုရ်က အရင်သိရတာလေ၊ မန္တလေးက လူကြုံသတင်းကြားရလို့ တကယ်ဆုံးသွားမှန်း သိလိုက်ရ တယ်၊ မနေ့က မနက်ကတည်းက ဆုံးသွားရှာတာလေ၊

ကိုယ့်အိမ်ကို ဖုန်းဆက်ပြောကြပေမဲ့ အိမ်က လူတွေတို့ ကိုယ် စိတ်ထိခိုက်မှာစိုးလို့ ဒီနေ့မနက်ပိုင်းလွန်မှ ဖွင့်ပြော ကြတယ်၊ အဲ့ဒီအချိန်မှာပဲ ဆုလတ်မိုရ်ဆီက ဖုန်းကောဝင် လာတယ် ...

တစ်ဦးတည်းသော ဆွေသန့်မျိုးသန့် မဟာမျိုးနွယ် ထိပ်တင်ငယ် ဆုံးသွားတာ ဟုတ်မဟုတ်ပေါ့ကွာ၊ ဟုတ် တယ်လို့ ကိုယ် ဝန်ခံလိုက်တယ်၊ ဆုလတ်မိုရ် ငိုတယ်၊ ငိုရင်းနဲ့ ရယ်တယ်၊ ဘာဖြစ်လို့လဲလို့ ကိုယ်မေးကြည့်တော့ အဲဒီ ထိပ်တင်ငယ် ဆိုတာ ဆုလတ်မိုရ်ရဲ့ မအေတူဖအေကွဲ ညီအစ်မတစ်ယောက် ဖြစ်နေလို့ပဲ၊ ဆုလတ်မိုရ်ရဲ့ မအေက နောက်အိမ်ထောင် ဂုဏ်သရေရှိ မျိုးနွယ်ချင်း လက်ဆက် ယူတဲ့ အိမ်ထောင်နဲ့ ထိပ်တင်ငယ် တစ်ယောက်ကိုပဲမွေးခဲ့ တယ်၊ အဘိုးအဘွားနဲ့ ဆွေမျိုးအသိုင်းအဝိုင်းတွေက ချစ် လွန်းလို့ ဖူးဖူးမှုတ်ထားကြတဲ့ ကောင်မလေးပေါ့၊ မိခင်ရင် ခွင်ထဲမှာ နေခွင့်မရလို့ မိခင်ကို အဝေးကနေ ခိုးချောင်း ကြည့်ခဲ့ရတဲ့ ဆုလတ်မိုရ်က သူ့ငယ်ဘဝက နာကြည်းကြေ





ကွဲမှုတွေ ထုတ်ပြောပြလာခဲ့တယ်၊ သူ့အဖေ သေ၊ သူ့အမေနဲ့ ရင်ကွဲကွဲအောင် လုပ်ခဲ့တယ်၊ ပြီးတော့ အဲ့ဒီ အသိုင်းအဝိုင်းက ဖူးဖူးမှုတ်ထားတဲ့ ထိပ်တင်ငယ်၊ သူ့မိခင်ရဲ့ ချစ်ခြင်းကို အပြည့်အဝ ယူသွားတဲ့ ထိပ်တင်ငယ်၊ အဲ့ဒီ ထိပ်တင်ငယ် ကို လုံးဝမကျေနပ်ဘူး၊ ဟိုတလောက ဆုလတ်မိုရ် နယ် မြို့ခဏပြန်တော့ ထိပ်တင်ငယ် အကြောင်းကို စုံစမ်းသိရှိ လာတယ်၊ ထိပ်တင်ငယ် အိမ်ထောင်ပြုတော့မယ်၊ သတို့သား လောင်းက သူတို့ မှန်းထားသလောက် ပညာတတ်ကြီး၊ ကျိုကျိုတက်ချမ်းသာသူကြီး မဟုတ်ပေမဲ့ ဆွေတော်မျိုးတော် သန့်တယ်၊ သူတို့ မင်းစိုးရာဇာမဟာဆွေမျိုးတော်တွေထဲမှာ ရှိတဲ့ ယောက်ျားလေးတွေက သွေးနှော်ကုန်ကြပြီ၊ အသန့် တကာ့အသန့်ဆုံးကို ရွေးချယ်လိုက်တော့ သူရ ဆိုတဲ့ ကိုယ် ဖြစ်နေတယ်၊ ကိုယ်နဲ့ ပေးစားမယ်ဆိုတာ ဆုလတ်မိုရ် ကြားတယ်၊ ထိပ်တင်ငယ်နဲ့ မဟာဆွေမျိုးတော်တွေကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် စိတ်ဒုက္ခအမျိုးမျိုး ရောက်ပြီး ဆွေမျိုးဂုဏ် မောက်မာတာတွေ ခါးကျိုးသွား

အောင် ဆုံးမပညာပေးချင်လို့ ဆုလတ်မိုရ်က ကိုယ့်ကို ရှာခဲ့တယ်၊ စုံစမ်းရရှိလာတာက သတို့သားလောင်းရဲ့ အမည်နဲ့နေရပ်လိပ်စာ၊ ဆုလတ်မိုရ် ရန်ကုန်ပြန်ရောက်တော့ ကိုယ်တို့နဲ့ မေသန့်ခိုင်ကို စသိနေကြပြီ၊ ဆုလတ်မိုရ်တို့ နာမည်ပြောင်းပြီး ခင်မင်လာကြတယ်၊ ကိုယ့်နာမည် သူရနိုင် ဆိုတာ ဆုလတ်မိုရ် အလေးထားပြီး ကိုယ့်လာမေးမြန်း စုံစမ်းခဲ့တယ်၊ ဆုလတ်မိုရ် ကိုယ်တိုင်လည်း အမည်နဲ့လိပ်စာ အတိုင်း သွားပြီးလေ့လာစုံစမ်းတယ်၊ ထိပ်တင်ငယ်ရဲ့ သတို့သားလောင်းလျာဟာ ကိုယ်ဆိုတာ ကျိန်းသေ သိရတာနဲ့ ဆုလတ်မိုရ်က မေသန့်ခိုင်နဲ့ တိုင်ပင်ပြီး အမည်ပြန်ပြောင်းလိုက်ကြတယ်၊ အနေအထားမှန်သွားမှ ဆက်လုပ်လို့ ကောင်းမှာကိုး၊ အဲ့ဒီလို ပြောင်းလိုက်တော့ ကိုယ်နဲ့ ဘုန်းမာန်က လူမှန် နေရာမှန် ရွေးချယ်ထားတာတွေ ပြောင်းသွားကုန်ရော၊ အဲ့ဒီလို ခက်သွားတဲ့ အခြေအနေကို ဆုလတ်မိုရ်က အလေးဂရု မထားနိုင်ဘူး၊ ထိပ်တင်ငယ်တို့ကို လက်တုံ့ပြန် အနိုင်လိုချင်ဖောနဲ့ ဆုလတ်မိုရ် တကယ်





ချစ်စိတ်ဝင်နေတဲ့ ဘုန်းမာန်နဲ့ သူ့ရင်အသည်းကို စတေးပစ်ခဲ့တယ်၊ သူရနိုင်ဆိုတဲ့ ကိုယ့်ကို ဆုလတ်မိုရ် ရအောင်လက်ထပ်မယ်လို့ ဆုံးဖြတ်ခဲ့တယ်၊ မေသန့်ခိုင်ကလည်း ဘုန်းမာန် ဝင်လာပြီး မနှောင့်ယှက်နိုင်အောင် နည်းအမျိုးမျိုးနဲ့ ဘုန်းမာန်ကို မြူဆွယ်ဖြားယောင်းပေးဖို့ တာဝန်ယူခဲ့တယ်၊ အဲ့ဒါကြောင့် မေသန့်ခိုင်က ဘုန်းမာန်ကို ချစ်ဟန်ဆောင်ပြီး မြူဆွယ်ခဲ့သလို ဆုလတ်မိုရ်ကလည်း ကိုယ့်ကို ချစ်ဟန်ဆောင်ပြီး မြူဆွယ်လက်ထပ်ဖြစ်ဖို့ ကြိုးစားအားထုတ်ခဲ့တယ်၊ ဒီလိုနဲ့ ဖြစ်လာချင်တော့ ထိပ်တင်ငယ် ရုတ်တရက် ဆုံးသွားရော၊ အဲ့ဒီမှာတင် အစီအစဉ် ပြောင်းကုန်တော့တာပဲ၊ ဆင်ထားတဲ့အကွက်ပျက်လို့ ဆုလတ်မိုရ် စိတ်ဓာတ်ကျသွားပေမဲ့ သူ့အချစ်နဲ့ အသည်းနှလုံးကို ပြန်ရသလို ဘုန်းမာန်ကို ရှင်းပြတောင်းပန်ပြီး လူမှန်နေရာမှန် ပြန်ရောက်အောင် လုပ်နိုင်ဖို့ စိတ်တွေ တက်ကြွလာရပြန်တယ်၊ ကိုယ့်ကို ခေါ်ပြီး ဆုလတ်မိုရ် ကြိုတင်ရှင်းပြတယ်၊ မေသန့်ခိုင်အနေနဲ့ ကိုယ့်အပေါ် နားလည်လက်ခံလာအောင် မိုရ် တာဝန်ယူပြီး

ရှင်းပေးပါ့မယ်တဲ့၊ မိုရ်က ကိုယ်ဆိုတဲ့ သူရနိုင်ကို မုန်းချင်ဟန်ဆောင်နေတာပါတဲ့၊ တကယ်ချစ်နေ မချစ်နေကတော့ ကိုယ်က ခိုင့်ကို ဒီအကြောင်းတွေ ရှင်းပြပြီး ကျိန်းသေသိအောင် အမြန်သွားမေးပေတော့ဆိုပြီး လွှတ်လိုက်လို့ ခိုင့်ဆီ အခုလို ရောက်လာခဲ့တာ၊ ဒီရောက်တော့ ဘုန်းမာန်လည်း ရှိနေတယ်၊ ကိုယ် သိလာရသမျှကို တစ်ပြိုင်တည်း ရှင်းလို့ ရသွားတာပေါ့"

ကျွန်တော် အံ့သြပြီးရင်း အံ့သြနေရ၍ ဘာကစပြော ရမည်မသိ။ အခိက သိချင်နေတာကိုသာ အလောသုံးဆယ် မေးလိုက်မိ၏။

"မိုရ် ... မိုရ်ကော ဘယ်မှာလဲ ... မိုရ် ဘယ်မှာလဲ သူရ"

"မိုရ် အရေးကြီးတဲ့သင်တန်းချိန်တစ်ချိန် တက်စရာ ကျန်သေးလို့ မြို့ထဲမှာ နေရစ်ခဲ့တယ်၊ သိပ်မကြာခင် ပြန်လာတော့မှာပါ"

"ငါ မိုရ်နဲ့ တွေ့ချင်တယ် သူရ"

"မိုရ်ကလည်း မင်းကို တွေ့ချင်နေတာပါပဲ ဘုန်းမာန်"





ကျွန်တော်နှင့်သူရ ဝမ်းသာစိတ်ဖြင့် အပေးအယူမှု စဉ် တစ်ခါက ဆုလာဘ်မိုရ် အယောင်ဆောင်ခဲ့ဖူးသော မေသန့်ခိုင်က ...

"ရှင် ဒီအကြောင်းတွေကို တကယ်သိလာပြီ ဆိုမှတော့ ကျွန်မအနေနဲ့ လုပ်သင့်လုပ်ထိုက်တာက ရှင့်ကို တောင်းပန်ဖို့ပေါ့"

သူရက ဖျတ်ခနဲ မေသန့်ခိုင် အပါး ရောက်သွားပြီး မေသန့်ခိုင် လက်ဖဝါးလေးတွေ အမြတ်တနိုး ဆုပ်ထွေးလိုက် ရင်း ...

"ခွင့်လွှတ်ပြီးသားပါ ခိုင်၊ ကိုယ့်ကို ခိုင် မမုန်းရင် တော်ပါပြီ"

"မမုန်းပါဘူး၊ ဆွေကြီးမျိုးကြီးမို့လည်း မချစ်ရပါဘူး"

"ရဲရဲချစ်ပါ၊ အိမ်က လူကြီးတွေက ဆွေသန့်မျိုးသန့် မရနိုင်တော့ရင် သွေးရောမဲ့ အတူတူ သားဖြစ်သူ စိတ်ချမ်းသာကြည်ဖြူသူနဲ့ လက်ထပ်ယူဖြစ်တာမျိုးကို လက်ခံအား

ပေးမှာ၊ အဘိုးနဲ့ အဘွားက ဆန္ဒပြင်းထန်ပေမဲ့ ဖေဖေနဲ့ မေမေက ခေတ်အမြင် ရှိတယ်၊ ကိုယ်တို့ ရှေ့ရေးခက်မှာ သိပ်တွက်ပြီး ပူမနေစမ်းပါနဲ့"

"ဘာပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မ ချစ်တယ်လို့ ဝန်မခံသေးဘူး နော် ကိုသူရ"

ကျွန်တော် အလိုက်တသိ အခန်းထဲမှ ထွက်ခွာရန် အပြင် ...

"ကျွန်မအနေနဲ့ ရှင့်ကို ပြောခဲ့ ဆိုခဲ့ မိတာတွေ အားလုံး ညှို့ချက်ပြင်းခဲ့တာတွေ မှန်သမျှဟာ သူငယ်ချင်းဖြစ်တဲ့ မိုရ်ကို ကူညီချင်လို့ပါ၊ အဲဒီအပေါ်မှာ နားလည်ပေးပါ ဘုန်းမာန်"

"ကျွန်တော် နားလည်ပါတယ်၊ မိုရ်နဲ့ ပြန်ဆုံရမယ်ဆိုရင်ပဲ ဝမ်းသာစိတ်နဲ့ အားလုံးကို ခွင့်လွှတ်ပေးလိုက်ပြီးသား ပါ"

သူရက ...





"အခုမှ လူမှန်နေရာမှန် ဘဝမှန် အခြေအနေမှန်တွေ ပြန် ဖြစ်တော့တယ် ဘုန်းမာန်ရာ"

"ဘဝဆိုတာ ငိုတစ်လှည့် ရယ်တစ်လှည့် ဆိုတာ ယုံပြီ မဟုတ်လား သူရ"

"ယုံပြီ ဘုန်းမာန်၊ မင်းက မိုရ်ကို ဘယ်ကသွားစောင့်နေမှာ လဲ၊ မိုရ်တက်တဲ့ သင်တန်း ဘယ်မှာလဲဆိုတာ ငါလည်း အသေအချာ မသိဘူး"

"တိုက်အောက်က စောင့်နေမယ်၊ မင်းတို့ချင်း လွတ်လွတ် လပ်လပ် ပြောလို့ရတာပေါ့၊ ဒီအချိန်မှာ မိုရ် ပြန်လာမဲ့လမ်း ကို မျှော်ပြီး လွမ်းရတာကိုက အရသာကွ"

သူရနှင့် မေသန့်ခိုင်တို့ရဲ့ သိမ့်သိမ့်သဲသဲ ရယ်သံကို ကြည်နူးဖွယ်ရာ ကြားလိုက်ရ၏။ အပျော်စိတ်ဖြင့် တိုက်ပေါ်မှ တရိပ်ရိပ် ဆင်းလာစဉ်မှာ ...

သင်းတန်တက်ဖြစ်ခြင်း အကြောင်းရင်းနှင့် ပြည်ပ မှာ အလုပ်ထွက်လုပ်ဖို့ စိုင်းပြင်းနေသော မိုရ်ရဲ့ ရည်ရွယ်ချက် တွေကို ဖျတ်ခနဲ တွေးမိလိုက်၍ ကျွန်တော့်အပျော်တွေ ခိုအုပ်ကြီး လို တဝုန်းဝုန်း ထပျံပြေးထွက်ကုန်ကြ၏။

မိုရ်နှင့် ပတ်သက်လျှင် ပျော်လိုက်ရသည်က ခဏ တာ။

စိတ်ပင်ပန်းခြင်းက လွတ်ဟာသွားသော ကျွန်တော့် ရင်ကို တဖန် သိမ်းယူလိုက်ပြန်၏။ မိုရ်ရယ် ...

(မင်းကို ချစ်တဲ့အတွက် ဟော့ဒီ ကိုယ့်ရင်ကြီး ဘယ်နှခါ ပျက်နေရမှာတဲ့လဲ)





ထိုနေ့တစ်နေ့လုံး မိုရ် ပေါ်မလာ။ စိုးရိမ်စိတ်ဖြင့် ကျွန်တော်တို့သုံးယောက် လူစုခွဲပြီး လိုက်၍ ရှာဖွေမိကြသည်။ မတွေ့။ နောက်တစ်နေ့ ညနေအထိတိုင် မိုရ်သတင်းကို ဘယ်ကမျှ မကြား။ လူပျောက်တိုင်ကြားရမည့်အရေးတွေ ဖြစ်ပေါ်လာ၏။ သူရနိုင်က သူနှင့်သိသော မြို့နယ်သတင်းသမားတွေကို မိုရ်ဓာတ်ပုံ ပေးပြီး လိုက်လံစုံစမ်းခိုင်းနေ၏။

မနေမနား ရှာဖွေရင်း မောမောပန်းပန်းဖြင့် မေသန့် ခိုင်တို့ တိုက်ခန်းအပေါ်ကို ကျွန်တော် တက်လာမိ၏။

မိုရ်များ ရောက်လိုရောက်ငြား ဘွားခနဲ မြင်လိုစိတ် ဖြင့် တိတ်တိတ်ကလေး တက်လာစဉ်မှာပင် အပေါ်မှ ရေးကြီးသုတ် ပျာနှင့် ဆင်းလာသော လူတစ်ယောက်နှင့် ပက်ပင်းဆုံမိ၏။

ထိုလူ့မျက်နှာမှာ ထိတ်လန့်စိုးရွံ့ဟန်တွေ အထင်းသား ပေါ်လွင်နေ၏။ ထိုလူကို အသေအချာကြည့်မှ ရေးတေးတေး အမှတ်ရလာမိ၏။ ထိုလူ ကျွန်တော့်အပါးမှ ဆင်းချသွားတော့မှ တစ်ခါက မေသန့်ခိုင် ခတ်ပုံလေး ပြဖူးသော ရဲကျော်ခေါင် မျက်နှာကို မြင်ယောင်လာ၏။ ရဲကျော်ခေါင်မှ ရဲကျော်ခေါင်အစစ်။ မေသန့်ခိုင်တစ်ယောက်တည်း သူငယ်ချင်းအတွက် ပူဆွေးသောက ရောက်ပြီး ဒေါင်းတောက်အောင် ရှာဖွေရလို့ နွမ်းနယ်မှုဖြေသာရန် ခဏတာ တိုက်ပေါ်တက်နားစဉ်မှ ရဲကျော်ခေါင် ရောက်လာပုံ ဆန်းပြားနေ၏။

မလာစဖူး အလာထူးနေ၏။ ရန်သူတွေပမာ ဖြစ်နေကြသူတွေ။ မေသန့်ခိုင်က ဖိတ်ခေါ်လိုက်၍လား။ ရဲကျော်ခေါင်က အခြားအခန်း တစ်ခုခုမှ အသိမိတ်ဆွေတွေဆီ လာလည်တာလား၊ ဘာကြောင့် မျက်စိမျက်နှာပျက်နှင့် ပြန်ဆင်းသွားရတာလဲ။ စသော မေးခွန်းများစွာ တွေးတောရင်းဖြင့် မေသန့်ခိုင်တို့ အခန်းရှေ့ရောက်လာ၏။ တံခါးခေါက်လိုက်သည်နှင့် စေ့ထားသော တံခါးက လက်ခေါက်အားကြောင့် အနည်းငယ် ပွင့်ဟသွား၏။ အခန်းထဲ ဝင်ကြည့်လိုက်၏။ ဘယ်သူမှ မတွေ့။





"မခိုင် ... မခိုင်"

ကျွန်တော် စိုးရိမ်ပူပန်စိတ်ဖြင့် အတွင်းခန်းတွေထဲ လိုက်ကြည့်၏။ အတွင်းခန်း အိပ်ရာထက်မှာ အဝတ်အစားဖရိုဖရဲဖြင့် အိပ်ပျော်နေသော မေသန့်ခိုင်ကို တွေ့လိုက်ရ၏။ အသက်မှ ရှိသေးရဲ့လား အထင်ဖြင့် အဝတ်အစားတွေ ပြန်ဖုံးဖိပေးပြီး မေသန့်ခိုင်ကို အတင်းလှုပ်နှိုးလိုက်၏။ မေသန့်ခိုင် ပြန်နိုးလာပြီး ...

"ဟင် ... ရှင် ... ရှင် ... ကျွန်မအခန်းထဲကို ... အို ကျွန်မ အဝတ်အစားတွေ ... ရှင် ... ရှင်"

"မဟုတ်ဘူး ခိုင် ... ကိုယ် အခုမှ ရောက်လာတာ"

"ကျွန်မ အိပ်မောကျသွားတယ်၊ ရှင်တို့လာအောင် တံခါးစေ့ပြီး စောင့်နေတာ၊ ပင်ပန်းလို့ ခဏလှဲလိုက်ရင်းက အိပ်မောကျသွားတာ၊ အခုတော့ ကျွန်မအဝတ်အစားတွေ ဆွဲချွတ်ခံထားရတာ၊ အို .... ကျွန်မဘဝတော့ ပျက်ပြီနဲ့ တူတယ်၊ ရှင် ရှမှုက်ဘီလူး၊ ရှင် ကျွန်မကို ... ကျွန်မကို"

"မဟုတ်ဘူး ခိုင်၊ ကိုယ် မဟုတ်ဘူး"

"ရှင် သက်သက်မဲ့ ထပ်ညာတယ်၊ ကျွန်မ သိပြီ၊ ရှင် အခု ထွက်သွား၊ အခု အခန်းထဲက ထွက်သွား၊ အကျင့်ယုတ် ကောင်"

"ရှင်းပြပါရစေ၊ ကိုယ် မဟုတ်ဘူး"

"မလိုချင်ဘူး၊ ရှင့်အသံ မကြားချင်ဘူး၊ ရှင့်မျက်နှာ မမြင်ချင်ဘူး၊ ကျွန်မ အော်ပစ်လိုက်မှာနော်"

ကျွန်တော် လန့်စိတ်ဖြင့် အခန်းထဲမှ ထွက်လိုက်၏။ ဘယ်အချိန်က ရောက်နေမှန်းမသိသော သူရကို ဧည့်ခန်းမှာ ငူငူ တောင့်တောင့်ကြီး ရပ်ကြည့်နေတာ ဘွားခနဲ တွေ့လိုက်ရ၏။

"ဟာ ... သူရ ... သူရ ... ငါ ... ငါ"

သူရက ပြေးဝင်လာပြီး ကျွန်တော့်ကို စိတ်ရှိလက်ရှိ ထိုးနှက်ကန်ကျောက်ရိုက်ပုတ်၏။

"ခွေးကောင်၊ မင်း ယုတ်မာတာ ငါ အားလုံး ကြားပြီးပြီ၊ ငါ ရောက်လာတာ သီသီလေး နောက်ကျသွားတယ်၊ မင်း ... မင်း လုပ်ရက်တယ်၊ ငါ့ချစ်သူကိုမှ မင်းစော်ကားရက်တယ်၊ ငါ့ချစ်သူကိုမှ မင်း စော်ကားရက်တယ်၊ လူယုတ်မာ၊ လူ့ငနွား၊ မင်းကို ငါ သတ်မယ် ... သတ်မယ်"





ဝရုန်းသုန်းကား ဖြစ်ကုန်၏။ မေသန့်ခိုင် အဝတ်အစား အမြန်ပြင်ဝတ်ပြီး ထွက်လာ၏။ ကျွန်တော့်အပေါ် တက်ခွပြီး သရဲဘီးလူးစီးသလို လည်ပင်းညစ်နေသော သူရကို မေသန့်ခိုင် အတင်းဝင်ဆွဲ၏။ နာကျင်မှုတွေကြားမှာ ဝမ်းနည်း ကြေကွဲစိတ်ဖြင့် ကျွန်တော် ပေခံနေပေးလိုက်၏။ မေသန့်ခိုင် ငိုယိုပြီး အတင်းဝင်ဆွဲရာ သူရနိုင် ပါသွား၏။ သူရနိုင် အထင်လွဲလေပြီ။ ကာယကံရှင် ကိုယ်တိုင်က အထင်လွဲနေမှတော့ ဘေး လူအထင်လွဲတာ ဘာဆန်းသနည်း။

"မင်းကို ငါ မကျေနပ်ဘူး၊ မင်း ငါ့သူငယ်ချင်းမဟုတ်ဘူး၊ လူယုတ်မာကောင်၊ လွှတ်စမ်းပါ ခိုင်၊ ဒီကောင့်ကို သတ်ရမှ ကျေမယ်"

"မလုပ်ပါနဲ့၊ သူ့အကုသိုလ်နဲ့သူ သွားပါလိမ့်မယ်၊ ဟဲ့ ဘုန်းမာန် နင် အခုထွက်သွား၊ နင် ထပ်ပြီး အမှုဖြစ်အောင် ထုံပေပေ ကပ်တပ်တပ် လုပ်မနေနဲ့၊ သွားပါဟာ ... နင့်ကို ငါပါ သတ်ချင်စိတ် ပေါက်လာလိမ့်မယ်"

"သတ်ချင်သလိုသာသတ်၊ ငါ မဟုတ်ဘူး၊ ဒီတိုက်ပေါ်က ရဲကျော်ခေါင် ပြန်ဆင်းသွားတာ လေ့ကားအတက်အဆင်းမှာ ငါနဲ့ တိုးသေးတယ်၊ အဲ့ဒီကောင်ရဲ့ လက်ချက်ပဲဖြစ်လိမ့်မယ်"

"ဘာ ... နင် မဟုတ်မဟတ် လုပ်ဇာတ်တွေ ပြောမနေနဲ့၊ နင့်ကို လှည့်စားခဲ့လို့ ငါ့အပေါ် ဒီလို ယုတ်မာတဲ့နည်းနဲ့ လက်တုံ့ပြန်လိုက်တာ မဟုတ်လား၊ ငါ့ဘဝကို နင် ... နင်"

"ဟော့ကောင် ... မင်း ဘာမှ မဟုတ်တာတွေ လိမ်ပြောမနေနဲ့၊ ဘယ်မှာလဲ ရဲကျော်ခေါင်၊ ငါ တက်လာတော့ မတွေ့ပါလား"

"မင်းနဲ့ ပွတ်ကာသီကာ လွဲသွားလို့နေမှာပေါ့"

"သွားစမ်းပါကွာ၊ အဲ့ဒီထွင်ကွက်တွေ ရိုးနေပြီ၊ ငါသိတယ်၊ မင်း မကျေနပ်နေတာ ကျိတ်ကြိတ်နေတာ ငါ သိတယ်၊ မိုရီကို လက်တုံ့မပြန်ရသေးခင် ခိုင့်ကို အရင် မင်း လက်တုံ့ပြန်လိုက်တာပဲ၊ အောက်တန်းကျလိုက်တာကွာ၊ မင်းလို စည်းမထားတဲ့ ခွေးသားကို ငါ သတ်သင့်တာအမှန်ဆုံးပဲ"





သူရက ဦးရာလက်နက် လိုက်ရှာ၏။ မေသန့်ခိုင်က ...

"နင် သွားတော့၊ ငါ့အခန်းမှာ လူသတ်မှု ဖြစ်လိမ့်မယ်၊ သွားပါတော့ဟာ၊ ထပ်ပြီး ဒုက္ခမပေးပါနဲ့တော့"

မွန်ထူနေကြသူတွေကို ရှင်းပြနေလည်း ရမည်မထင်။ အခြေအနေတွေ ပိုရှုပ်ထွေးမလာစေချင်၍ ကျွန်တော် ထွက်လာခဲ့သည်။

သူရနိုင်က သူ့ချစ်သူကို စော်ကားခဲ့သည်အထင်ဖြင့် မိုးမွန်အောင် ဆဲဆိုပြီး ကျိန်ဆဲရေရွတ် ကျန်နေရစ်ခဲ့သည်။

ကြမ္မာတစ်ချက်က မျက်လှည့်ပြလိုက်သလို အခြေအနေကို ပြောင်းပြန်လှန်ပစ်လိုက်နိုင်စွမ်းလွန်းပါပေသည်။

မကြာသေးခင်က မိတ်ဆွေသူငယ်ချင်း ...

အခုတော့ ရန်သူတော်စာရင်းသွင်း ခံလိုက်ရလေပြီ။

အသက်သေအောင် မသတ်လိုက်သည်ပင် ကံကောင်း။

ဖြစ်ကြောင်းကုန်စင်ကို ဘယ်လိုနည်းနဲ့ ပြန်လည်ရှင်းပြရမည်လဲ။

ရဲကျော်ခေါင် တရားခံဆိုတာ သိနေပြီ။

ရဲကျော်ခေါင်ကို မြေလှန်ရှာမည်။

ငါ့ဘဝကို အရှင်လတ်လတ် သားရဲတွင်းထဲ ပစ်ချခဲ့သည့် သင်း လုပ်ရပ်၊ ဘယ်လိုနည်းနဲ့ ဂုဏ်သိက္ခာအဖတ်ပြန်ဆည်လို့ ရတတ်နိုင်မလဲ။

သည်အကြောင်းတွေ မိုရ်သာသိလျှင် ...

ကျွန်တော် တုံးခနဲ လဲသေပစ်လိုက်ချင်သည်။





နောက်တစ်နေ့မှာ ရင်ထုမနာ ပူဆွေးသောကရောက်နေကြသော သူရနိုင်နှင့် မေသန့်ခိုင်တို့ ရှိရာကို ဆုလတ်မိုရ် ပြန်ရောက်လာခဲ့၏။ မေသန့်ခိုင် ရဲစခန်းမှာ ဖြစ်ပွားသွားသော အမှုထက် ဆုလတ်မိုရ် ဘယ်လိုကြောင့် ပျောက်နေခဲ့ရသလဲဆိုတာက ပိုအရေးကြီးနေ၍ မေးမြန်းကြည့်ဖြစ်ကြ၏။

ဆုလတ်မိုရ်က မိခင်အရင်းဖြစ်သူနှင့် မမျှော်လင့်ဘဲ ပြန်တွေ့ရ၏။ မိခင်ဖြစ်သူ တည်းခိုရာ ဟိုတယ်ကို လိုက်သွားခဲ့ကြောင်း၊ မိခင်ဖြစ်သူက သမီးငယ် ထိပ်တင်ငယ် တိမ်းပါးကွယ်လွန်ပြီးနောက် ရင်ကွဲမတတ် ခံစားခဲ့ရပြီး ကျန်ရှိနေသော သမီးကြီးကို မိဘအသိုင်းအဝိုင်းတွေ၊ တော်လှန်လွန်ဆန်ကာ မတွေ့တွေ့အောင် လိုက်ရှာဖို့ ထွက်လာခဲ့တာဖြစ်ကြောင်း၊ သမီးကြီး သတင်းကို

ရ၍ ရန်ကုန်ဆင်းလာစဉ် ဘုရားပေးသော ဆုလတ်အနေဖြင့် သမီးကြီးနှင့် မြို့ထဲမှာ ပက်ပင်းပြန်ဆုံခဲ့ရကြောင်း၊ သမီးကြီးကို ယခင်ကတည်းက ကွယ်ရာမှ ထောက်ပံ့ပြီး သမီးကြီးရဲ့ ဓာတ်ပုံတွေကို လျှို့ဝှက်စွာ သိမ်းထားမြတ်နိုးခဲ့ကြောင်း၊ ဓာတ်ပုံတွေထုတ်ပြီ၊ သားအမိနှစ်ယောက် တစ်ညလုံး ဖက်ငိုဖြစ်ခဲ့ကြကြောင်း မိခင်ဖြစ်သူနှင့် အတူနေရန် ဆုံးဖြတ်ပြီး မကြာခင်မှာ မိခင်ကို ဟိုတယ်မှ ဤအိမ်သို့ ပြောင်းနေရန် မေသန့်ခိုင်နှင့် လာရောက်တိုင်ပင်တာဖြစ်ကြောင်းတွေ ပြောပြလေသည်။

မေသန့်ခိုင်က မိုရ်တို့သားအမိ ပြန်ဆုံစည်းတာကို သူမ အနေဖြင့် ဝမ်းသာကြောင်း ပြောရင်း မျက်ရည်ကျ၏။

"ခိုင်ရယ် ... ဘာလို့ ငိုနေရတာလဲကွယ်"

စိတ်မထိန်းနိုင်သော သူရနိုင်က ဘုန်းမာန် ယုတ်မာခဲ့ပုံတွေအကြောင်း ရင်ဖွင့်ချလိုက်၏။

"ဒီလောက်တောင်ပဲလား ... ဘုရား ... ဘုရား၊ ဒီလူ တော်တော်ကြောက်ဖို့ကောင်းအောင် ယုတ်မာရိုင်းစိုင်းလှချည်လား၊ သူ့ကို ကြည့်တော့လည်း ထင်ရက်စရာမရှိဘူး၊





ဒီလိုလူနဲ့ စောစောစီးစီး ပြတ်ပြတ်သားသား ပြီးစီးလိုက်ရတာ ဘုရားမ,တာပဲ၊ ငါ့အချစ်တွေ ရင်းနှီးလိုက်ရတာ နှမြောမဆုံးဘူးဟာ ... ငါ အဲ့ဒီ ဘုန်းမာန်ကို အသေမုန်းသွားပြီ၊ နှမချင်းမစာတဲ့ ဘုန်းမာန်ကို ရုံးတင်တရားစွဲပြီး ပြစ်ဒဏ်ခတ်ပစ်ကြရအောင်"

"ဘယ်ဖြစ်မလဲ မိုရ်ရယ်၊ ငါက မိန်းကလေး၊ ပိုပြီးအရှက်သိက္ခာပျက်ရမှာပေါ့"

"ကျုပ် သတ်မယ်၊ ကျုပ်ကိုယ်တိုင် လိုက်ရှာသတ်ရမှ ကျေနပ်မယ်"

သူရနိုင် ဒေါသဖြင့် ခုန်ထစဉ် အခန်းတံခါးခေါက်သံ ပေါ်လာ၏။ မိုရ် တံခါးထဖွင့်ပေး၏။ ဝင်ရောက်လာသော ဧည့်သည်ကြောင့် သုံးယောက်သား ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ သို့ငြား ဣန္ဒြေကိုယ်စီဖြင့် ပြန်ထိန်းလိုက်ပြီး မေသန့်ခိုင်က စတင်၍ ...

"နင် ဘာလာလုပ်တာလဲ ရဲကျော်ခေါင်၊ နင်နဲ့ငါ ပတ်သက်စရာ ဘာအကြောင်းမှ မရှိတော့ဘူး"

"တို့ ဖြေရှင်းရအောင် ရောက်လာတာပါ"

"ဘာမှ ဖြေရှင်းစရာအကြောင်း မရှိဘူး"

"ရှိတယ် ခိုင်၊ မင်းကို စော်ကားသလို အဝတ်အစားတွေ ဖရိုဖရဲ လုပ်ခဲ့မိတဲ့လူဟာ တို့ပါ"

"ဘာ ... မင်း ... မင်း ... မင်း"

"ခင်ဗျား သတ်ချင် နောက်မှသတ်ပါ၊ အသေခံရဲပါတယ်၊ ရှင်းပြစရာရှိတာလေးကို ခဏစောင့်ပြီး နားထောင်ပေးပါဦး"

ဆုလတ်မိုရ်က ...

"မြန်မြန်ရှင်း"

ရဲကျော်ခေါင်က ခေါင်းဆတ်ပြပြီး မေသန့်ခိုင်ကို ကြည့်၏။

"မင်း တို့အပေါ် လက်ထပ်ပြီးမှ စာချုပ်ကို ဖျက်ဆီးပြီး တို့ကို အနိုင်ပိုင်းခဲ့တယ်၊ အဲ့ဒီ အပေါ်မှာ တို့ မကျေနပ်ခဲ့ဘူး၊ အခွင့်ရတာနဲ့ မင်းကို တုံ့ပြန်ဖို့ တေးမှတ်ထားခဲ့တယ်၊ မင်းသတင်းကို အမြဲစုံစမ်းတယ်၊ ဒီလူနှစ်ယောက်နဲ့ တွဲဖြစ်နေတာလည်း ကြားနေ သိနေရတယ်၊ မနေ့က မင်းနဲ့





ဒီလူနှစ်ယောက် ဘုန်းမာန်နဲ့ သူရနိုင်ဆိုတဲ့ နှစ်ယောက်နဲ့ မင်း ရေးကြီးသုတ်ပျာ ဖြစ်နေတာကို ကြည့်ပြီး တို့ရဲ့ ဝန်တိုမစ္ဆရိယစိတ်တွေ ပြင်းထန်လာတယ်၊ မေသန့်ခိုင် တစ်ယောက်တည်း အခန်းကို ပြန်လာတော့ တို့အပေါ် မေသန့်ခိုင်ရဲ့ စိတ်တွေ ပြန်မလည်နိုင်တော့ဘူးလားဆိုတာ သိချင်စိတ်နဲ့ အပေါ်တက် မေးကြည့်တယ်၊ အခန်းတံခါး စေ့ထားတယ်၊ မင်းကို နာမည်ခေါ်ကြည့်တယ်၊ ပြန်မထူးဘူး၊ အဲ့ဒါနဲ့ အခန်းထဲဝင်ကြည့်တော့ မေသန့်ခိုင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတာကို တွေ့ရတယ်၊ တေးထားခဲ့သမျှ အခွင့်အရေးရပြီဆိုပြီး မေသန့်ခိုင်ဆိုတဲ့ တို့ရဲ့ တစ်ခါက ခိုင်ကို ရမ္မက်ချေဖို့ ကြံစွယ်မိပြီး အဝတ်အစားတွေ ဖြုတ်ချွတ်မိတယ်၊ ပြီးမှ တစ်ခါက သံယောဇဉ်တွေ ပြန်လည်အောက်မေ့ဆင်ခြင်မိပြီး တို့ သတိကို ထိန်းလိုက်တယ်၊ မေသန့်ခိုင်ကို မဲ့တစ်ပေါက် စွန်းအောင်တောင် မလွန်ကျူးခဲ့ဘဲနဲ့ တို့ဘာသာ ပြန်ဆင်းလာခဲ့တယ်၊ လှေကားမှာ ဘုန်းမာန် ဆိုတဲ့ လူနဲ့ ဆုံတော့ အပေါ်မှာ အဝတ်ဖရိုဖရဲနဲ့ ထားခဲ့တဲ့ တို့

လုပ်ရပ်အပေါ်မှာ ဘုန်းမာန် အထင်လွဲမှာကြောက်ပြီး အမြန်ပြန်ဆင်းလစ်ခဲ့မိတယ်၊ အဲ့ဒီမှာတင် တို့ အဝတ်အစား လေးချွတ်ရုံလောက် လုပ်ခဲ့မိတာကို ဘုန်းမာန် အပေါ် အားလုံး အထင်တွေ မှားကုန်ကြတယ်၊ တကယ်တော့ မေသန့်ခိုင်ရဲ့ အပျိုစင်ဘဝဟာ မိမွေးတိုင်း ဖမွေးတိုင်း ရှိနေဆဲပါ။ မယုံရင် ကြိုက်တဲ့စစ်ဆေးဌာနမှာ ဆေးစစ်ချက် ယူပြီး တို့ မှန်ရင် တရားခံအဖြစ် စွဲဆိုနိုင်တယ်၊ ဆေးစစ်ဌာန တွေက ကာလကြွေပျက်ပြားအောင် ကျူးလွန်မှုတွေ ရေဆုံး ရေဖျား ဖော်ထုတ်နိုင်တယ်၊ တို့ဆိုရင် တို့၊ ဘုန်းမာန် ဆိုရင် ဘုန်းမာန်၊ ဆေးစစ်ခံလိုက်တာနဲ့ အဖြေထွက်ပါတယ်”

ရဲကျော်ခေါင် စကားကြောင့် သူရနိုင် ဒေါသဖြင့် ရင်ဘတ်တွေ လှိုက်ဖိုနေရာမှ အတန်ငယ် ပြေငြိမ်းသွား၏။ မေသန့်ခိုင်မှာ ရှက်မျက်နှာကို ခေါင်းငုံ့ဖွက်နေ၏။ ဆုလတ်မိုရ်က ...

“ဒါဆို ဘုန်းမာန်က သက်သက်မဲ့ အထင်လွဲခံလိုက်ရတာ ပေါ့”





“ဟုတ်တယ်၊ ဘုန်းမာန်မှာ ဘာအပြစ်မှ မရှိဘူး”

သူရနိုင်က ...

“မင်းနဲ့ ဘုန်းမာန်က မိတ်ဆွေလည်း မဟုတ်ဘူး၊ သူငယ် ချင်းလည်း မဟုတ်ဘူး၊ မင်းအပေါ် ပြစ်ဒဏ်ကျနိုင်တာကို မင်း အသားလွတ်ကြီး လာဝန်ခံတာကိုက ယုတ္တိမတန်ဘူး ရဲကျော်ခေါင်”

“ဒါက ဒီလိုရှိတယ် သူရနိုင်၊ မနေ့က ညက ဘုန်းမာန် ငါတို့အိမ်ကို လာရှာတယ်၊ ငါတို့အမေ အရေးပေါ်အသက်ရှူ ကျပ်လာလို့ ဆေးရုံကြီး တင်လိုက်ရတာနဲ့ လိုက်ပါသွား တယ်၊ ဘုန်းမာန်က ကိုယ့်ကို တွေ့ချင်လို့ စုံစမ်းမေးမြန်း ရင်းနဲ့ ဆေးရုံကြီးကို လိုက်လာတယ်၊ ဘုန်းမာန် ရောက် လာတဲ့အချိန်မှာ မေမေ့နှလုံးရောဂါကို အမြန်ခွဲစိတ်ကုသဖို့ ကိုယ်ကိုယ်တိုင် သွေးပုလင်းလိုက်ရှာနေတဲ့အချိန် ဖြစ်နေ တယ်၊ ဆေးရုံက ဝယ်လို့ရတဲ့သွေး၊ လှူတဲ့သွေး မလောက် အောင်ကို ခွဲစိတ်စဉ်မှာ သွေးထွက်လွန်နေတယ်၊ ကိုယ့်အမေ

အတွက် ကိုယ် အကြီးအကျယ် စိတ်သောကရောက်နေချိန်မှာ ဘုန်းမာန် ရောက်လာတယ်၊ ကိုယ့် သောကအပူကို ကြည့်ပြီး သူ့ခမျာ ပြဿနာမရှာပါဘူး၊ ဆရာမတွေ့က သွေးမြန်မြန်ရှာဖို့ လာလောတဲ့အချိန်မှာ ကိုယ် ရှိုက်ငိုမိတယ်၊ သွေးကို ဘယ်ကမှ ရှာလို့မရဘူး၊ ရှားပါးသွေးအမျိုးအစားဖြစ်နေတယ်လို့ ဆရာမကို ကိုယ် ပြန်ပြောပြလိုက်တော့ ဘုန်းမာန်က သွေးအမျိုးအစားကို မေးတယ်၊ သူနဲ့ သွေးတူတယ်ဆိုပြီး ချက်ချင်းလှူတယ်၊ ကိုယ့်အမေရဲ့ အသက်ကို ဘုန်းမာန် ကယ်ခဲ့လို့ ကောင်းသွားတဲ့အချိန်မှာ ကိုယ်လေကျေးဇူးတင်လွန်းလို့ ထိုင်ရှိခိုးမတတ် ဖြစ်ခဲ့ရတယ်၊ ဘုန်းမာန်က အဖြစ်မှန်ကို ရှင်းပြပေးဖို့သာ တောင်းဆိုတယ်၊ ပြီးတော့ စာတစ်စောင် ထည့်ပေးလိုက်တယ်၊ ကိုယ့်အမေရဲ့ အသက်သခင်ဖြစ်နေလို့ ဘုန်းမာန်ကိုယ်စား အဓိက ပါဝင်ပတ်သက်သူ အနေအထားနဲ့ အခုလို မင်းတို့ဆီကို လာပြီး ရှင်းပြပေးရတာပါ၊ ဘုန်းမာန်ကတော့ စာပေးပြီးတာနဲ့





ဆေးရုံကနေ ယိုင်ထိုးယိုင်ထိုးနဲ့ ထွက်ခွာသွားရှာတယ်၊ အခုလို လှူစုံနေတာ ဘုန်းမာန်ရဲ့ မေတ္တာအားအင်ကြောင့်ပဲ၊ တစ်ခါတည်း ရှင်းပြလိုက်လို့ရတာပေါ့၊ ကိုယ် ပြောတာမယုံရင် ကြိုက်သလိုသာ စုံစမ်းနိုင်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်မှာ အပြစ်ရှိတယ် ဆိုရင်လည်း ပေးကြပါ၊ ကိုယ် ခံပါ့မယ်၊ မကောင်းတဲ့ လုပ်ရပ်တွေအတွက်လည်း နောင်တရခဲ့ပြီ၊ ဘုန်းမာန်ရဲ့ မေတ္တာအလင်းနဲ့ လမ်းပြမှုကြောင့် အမှားလမ်းလျှောက်ရင်းကနေ အမှန်လမ်းကို ရှာဖွေတွေ့ရှိလိုက်ရပါပြီ"

ရဲကျော်ခေါင်က ရစ်ဝဲလာသော မျက်ရည်တွေကို မျက်တောင်ဖြင့် ခတ်ဖျောက်လိုက်ပြီး သူ့အင်္ကျီအိတ်ထဲမှာ စာရွက်ခေါက်ကလေးကို ဆုလတ်မိုရ်ထံသို့ လှမ်းပေး၏။

သူရနိုင်က အတင်းကပ်ဖတ်၏။ မေသန့်စိုင်က ရှက်သံတစ်ဝက်ဖြင့် စိတ်ထဲမှ လိုက်ဖတ်နေ၏။ ဆုလတ်မိုရ်က အားလုံးကြားသိအောင် နှုတ်မြွက်ဖတ်ပြ၏။

**သူငယ်ချင်း သူရနိုင်နဲ့ မေသန့်နိုင်**

ဒီစာကို ဖတ်တဲ့အချိန်မှာ ရဲကျော်ခေါင် ရှင်းပြလို့ မင်းတို့ အမြင်မှန်ကို ရနေလောက်ကြရောပေါ့၊ ငါ ခွင့်လွှတ်ပြီးသားပါ၊ ချစ်လွန်းလို့ မှားမိကြတာပဲ၊ မိုရ်ကို တွေ့အောင် ရှာကြပါကွာ၊ ငါ့ကို ဂရုထားပြီး သတိရမနေကြပါနဲ့၊ မိုရ်နဲ့ ပြန်တွေ့ကြရင်သာ ငါ့အကြောင်းကို အထင်မှား အမြင်မှား မဖြစ်အောင် ရှင်းပြပေးကြပါကွာ ...

မိုရ်ကို ငါ မတွေ့ရတာ သိပ်ကိုကြာပြီ၊ တွေ့ရခါနီးလေ ပြန်ပျောက်သွားလေနဲ့၊ ငါ့ကံကိုက မိုရ်နဲ့ပြန်တွေ့ဖို့ လမ်း မရှိတော့လောက်အောင် ကံကုန်နေပြီနဲ့ တူပါတယ်၊ မိုရ်ကို ပြန်မတွေ့မှာလည်း ငါ အရမ်းစိုးရိမ်နေတယ်၊ ရဲကျော်ခေါင်ကိုလည်း ခွင့်လွှတ် နားလည်ပေးကြပါ၊ လောကမှာ မေတ္တာတရား အင်အားကောင်းဖို့ပဲ လိုတယ်၊ မေတ္တာရားက ကိုယ်ချင်းစာနာစိတ်ကို မွေးဖွားတယ်၊ ကိုယ်ချင်းစာနာစိတ် လူတိုင်းမှာရှိရင် ကမ္ဘာစစ်ဆိုတာ ဘယ်တော့မှ မဖြစ်တော့ဘူး၊ ငါက ညံ့လို့ ငါ ဝေဒနာတွေ





ခံစားရတိုင်း ဗုဒ္ဓတရားတော်ရဲ့ ခန္တီပါရမီကျင့်စဉ်တွေကို ငါ့ခေါင်းထဲ ထွန်းညှိပူဇော်လိုက်တယ်၊ အဲ့ဒီ ထွန်းညှိပူဇော်လိုက်တဲ့ အလင်းရောင်ဟာ အရာရာသော အဆိုးတကာ့ ထွဋ်ခေါင်ဆိုတဲ့ အဆိုးဝါးဆုံးတွေကိုတောင်မှ အကောင်းဆုံး ပြန်ဖြစ်အောင် လုပ်ပေးနိုင်တယ်၊ ငါ့ အတွေးအမြင်ကို အသိတရားနဲ့ ယှဉ်ကြည့်ပြီး ရေးပြတာပါ၊ ငါ့ရင်တွင်းခံစားမှုမှာတော့ ငါ ပေးဆပ်နိုင်သမျှ အားလုံးပေးဆပ်လိုက်ပြီလို့ ယူမိတယ်၊ အဲ့ဒီအတွက် ငါ ဘာမှ ပြန်မလိုချင်တော့ဘူး၊ ပြုလုပ်တော့လိုချင်၊ လိုချင်တော့ရရှိ၊ ရရှိတော့ဆင်းရဲခံဖို့ ကကြိုးလက် ပိုင်ရှင်ရဲ့ အရုပ်ကလေးဘဝနဲ့ ငါ နေရဲမဝံ့တော့ပါဘူးကွာ၊ ဒါကြောင့် ငါ အရှုံးကြီးရှုံး၊ အမုန်းကြီးအမုန်းခံခဲ့ရတဲ့ ဒီအရုပ်က ထာဝရအပြီးအပြတ်ကို ငါ စွန့်ခွာသွားခဲ့ပါပြီ၊ သေတဲ့အထိ ငါလိုကောင်ကို မင်းတို့ မတွေ့စေရတော့ပါဘူး ...

ငါ့ကို ဘယ်တော့မှ အမှတ်မရကြပါနဲ့ ...

ငါဟာ ဘာနဲ့မှ ထိုက်တန်ခဲ့သူ မဟုတ်ပါဘူး ...

ငါ သေရင်တောင် ဘယ်သူမှ မသိအောင်၊ ဘယ်သူမှ စိတ်ဆင်းရဲမှု မဖြစ်အောင် တိတ်တိတ်ကလေးပဲ သေချင်တယ်၊ နောက်ဆုံးကျွာ ငါဟာ ဒီကမ္ဘာလောကကြီးမှာ ရောက်ရှိရှင်သန်ခဲ့ဖူးပါတယ်ဆိုတဲ့ အမှတ်အသားလေးအဖြစ် ငါ မြှုပ်နှံရာ မြေပေါ်မှာ ကျောက်တုံးလေးတစ်တုံးတောင် အမှတ်အသား မထားရစ်ခဲ့ချင်တော့ဘူး ...

ကကြိုးလက်မှာ ရင်ခုန်သံ ပဥ္စလက်မှာ ကြာရင် ရှူးပြီး သေရတော့မဲ့ ဘ၀ထက်စာရင် ဒီလို အဝေးစွန့်ခွာခြင်းက ပိုပြီး အဓိပ္ပာယ်ရှိပါတယ် ...

ရင်နှင့်အမျှ အသက်နှင့်မက ချစ်ခြင်းဖြင့် မြတ်နိုးခဲ့ရသော ငါ့ရဲ့ ကကြိုးလက်ပိုင်ရှင်လေး မိုရ်တစ်ယောက် သူ့မိခင်ရင်ခွင်နဲ့ မင်းတို့သူငယ်ချင်းတွေဆီ ပြန်ရောက်လာနိုင်ပါစေ ...

တစ်ခါက
မင်းတို့ရဲ့ ငါပေမဲ့
နောက်နောင် မင်းတို့တတွေ





ဘယ်တော့မှ
သတိလုံးလုံးမရသင့်တဲ့ ငါ
အားလုံးကို
အပြီးအပိုင်
နှုတ်ဆက်လိုက်ပါတယ် ...

မေတ္တာအားဖြင့်
ဘုန်းမာန်

ဘုန်းမာန်ရဲ့ စာအဆုံးမှာ မေသန့်ခိုင် ထအော်ပြီး ဆုလတ်မိုရ်ကို ဖက်၍ ငိုဏ်။

"ငါတို့ အမှားကြီးမှားပြီ၊ မှားသွားခဲ့ပြီ မိုရ်ရယ်"

ဆုလတ်မိုရ်က မေသန့်ခိုင်ကို ပြန်လည်ဖက်ပွေ့ပြီး ...

"တကယ်တော့ သူ ငါ့ကို အနိုင်ပိုင်းသွားတာ ခိုင်၊ သူ့ကို သတိရတဲ့စိတ်နဲ့ ငါ ရင်ကွဲပြီးသေနိုင်အောင် အဲ့ဒီအချိုးကို ချိုးသွားခဲ့တာ"

ဆုလတ်မိုရ် ပြောပြီး ရှိုက်၍ ရှိုက်၍ ငိုလေ၏။ သူရနိုင်က နံရံကို လက်သီးဖြင့် ထိုးပြီး သူရဲ့ လက်လွန်မိုက်ပြစ်မိုက်ကြွေးကို သွေးနှင့်ဆေး၏။ ရဲကျော်ခေါင် ဝင်တား၍ လက်ချောင်းတွေ ကျိုးမကုန်ခြင်းဖြစ်သည်။

ဤသို့ဖြင့် ...

အချိန်၏ သယ်ဆောင်မှုအောက်မှာ အဖြစ်အပျက် အကြောင်းအရာ၊ ခံစားမှုဝေဒနာမျိုးစုံကို လိုက်ပါပျောက်ပျက်သွားကြ၏။ ကကြိုးလက်အောက်မှ လွတ်မြောက်သွားသော အရုပ်ကလေးတစ်ရုပ်ခမျာ လူမသိ သူမသိ တစ်နေရာမှာ ငြိမ်ဆိတ်စွာ သက်မဲ့ခန္ဓာလို ပုံတွဲလဲလျောင်းနေခဲ့ရရှာလေပြီ။

မေတ္တာဖြင့် ...

**လရောင်ချို**